# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ် ပြုလုပ်အပ်သော အရုပ်နှင့် တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်း ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)


၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 2 November 2017 ၉၀၉၆




ဦးဝင်းမြင့် (ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်)

# ဒလမြို့ ကွက်သစ် စီမံကိန်း၌ အကောင်အထည်ဖော်ရန် ကျန်သည့် ရပ်ကွက်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် Master Plan ရေးဆွဲ ဆောင်ရွက်သွားမည်

**နေပြည်တော် နိုဝင်ဘာ ၁**

နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ် လမ်းအရှည် ၁၂ မိုင်သည် လမ်းအဆင့် သတ်မှတ်ချက်အရ Class(A) တွင် ပါဝင်သည့်လမ်းဖြစ်ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစ၍ ကတ္တရာလမ်း သို့မဟုတ် ကွန်ကရစ်လမ်းအဖြစ် အဆင့်တိုးမြှင့်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဖြေကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး အဌမနေ့တွင် နတ်တလင်း မဲဆန္ဒနယ်မှ ဦးခင်အေး၏ **နတ်တလင်းမြို့နယ် နတ်တလင်း-ဒမငယ်(၉/၄) မိုင် ကျောက်ချောလမ်းအား ကတ္တရာလမ်းခင်းပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးက ထိုသို့ ရှင်းလင်းဖြေကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်အတွင်းရှိ နတ်တလင်း-ဒမငယ်-တောင်ညိုမြို့သစ် ဆက်သွယ်ထားသော မြို့သစ်လမ်း အရှည် ၁၂ မိုင်သည် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ စီမံခန့်ခွဲသော ကျေးလက်လမ်းဖြစ်ပြီး ရန်ကုန်-ပြည်လမ်းနှင့် ဆက်သွယ်သော လမ်းဖြစ်ပါကြောင်း၊ လက်ရှိ လမ်းအခြေအနေမှာ ကျောက်ချောလမ်း ၉ မိုင် ၄ ဖာလုံရှိပြီး ၂ မိုင် ၄ ဖာလုံမှာ မြေနီလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအား ဆည်မြောင်းဦးစီးဌာနမှ JICA အစီအစဉ်ဖြင့် တောင်ညိုဆည်ရေသောက်စနစ်အတွက် ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ စီမံကိန်းလုပ်ငန်းသုံးပစ္စည်းများ သယ်ယူပို့ဆောင်ရန်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂**

# အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရေး အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေး ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်း

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမ ပုံမှန်အစည်းအဝေး အဌမနေ့တွင် ကြယ်ပွင့်ပြ မေးခွန်း ၅ ခု မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း ၁ ခု လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ကတိသစ္စာ မပြုရသေးသော တပ်မတော်သား အမျိုးသားလွှတ်တော် ကိုယ်စားလှယ်လောင်းများက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြု၍ ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးကြသည်။

ထို့နောက် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ် ၃ မှ ဦးဘွဲ့ခိန်း၏ **ချင်းပြည်နယ် ထန်တလန်မြို့တွင် အနယ်နယ်အရပ်ရပ်က ရောက်ရှိလာပြီး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ နေထိုင်ရန်အတွက် ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်ချုပ်အောင်စိုးက ထန်တလန်မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် မြို့မရဲစခန်းအတွက် အဆောက်အအုံ လုံလောက်မှု မရှိသည့်အတွက် လုံးချင်း ၁ လုံး၊ ၆ ခန်းတွဲ ၂ ထပ် ၂ လုံး၊ လူ ၃၀ ဆံ့ လူပျိုဆောင် ၁ လုံးနှင့် လုံလဲရ်ရဲကင်းစခန်းအတွက် ၆ ခန်းတွဲ ၂ ထပ် ၁ လုံး တို့အား ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း (မူလ) အသုံးစရိတ်တွင် ထည့်သွင်း တင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်း။

ထန်တလန်မြို့ စိုက်ပျိုးရေးဦးစီးဌာနတွင် မြို့နယ်ဦးစီးမှူး အပါအဝင် ဝန်ထမ်း ၁၄ ဦး ရှိပြီး ဝန်ထမ်းအိမ်ရာ သီးသန့်မရှိသော်လည်း လစ်လပ်နေသည့် ရုံး၊ အဆောက်အအုံများတွင်

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍**



မန်းဝင်းခိုင်သန်း (ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်)


**မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ**

စာမျက်နှာ - ၉




# တန်ဆောင်တိုင်မီးထွန်းပွဲအကြို ရန်ကုန်မြို့ အထင်ကရနေရာများ ရောင်စုံမီးများထွန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြို့ မြို့လယ်ကောင်ရှိ အထင်ကနေရာများဖြစ်သော မဟာဗန္ဓုလပန်းခြံ၊ လမ်းမတော်မြို့နယ်ရှိ ၇၉ ကြိမ်မြောက် ရန်ကုန်အနောက်ပိုင်း တန်ဆောင်တိုင်မီးထွန်းပွဲတော်နှင့် Sule Square Center ရှေ့တို့၌ မြန်မာ့ရိုးရာတန်ဆောင်တိုင်မီးထွန်းပွဲတော်အကြိုအဖြစ် လျှပ်စစ်မီးရောင်စုံများ ထွန်းလင်းရာ အဆိုပါနေရာများသို့ လာရောက်ကြည့်ရှုလေ့လာသူများနှင့် အနားယူအပန်းဖြေသူများကို စည်ကားစွာတွေ့ရသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့ ❖**




## ကြေးမုံ

# အနာဂတ်ကို ရှေးရှု လက်ဆင့်ကမ်း ကြိုးပမ်း

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် လက်မှတ်ရေးထိုးခဲ့ပြီး နှစ်နှစ်ခန့်ကာလအတွင်း ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံအစည်းအဝေး နှစ်ကြိမ်ကျင်းပခဲ့ပြီးနောက် မကြာမီကာလတွင် တတိယအကြိမ်အစည်းအဝေးကြီး အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ရန် ပြင်ဆင်ဆောင်ရွက်နေကြသည်ကို တွေ့ရသည်။

ငြိမ်းချမ်းရေးအစည်းအဝေးကြီးများ ပြုလုပ်ကာ ဆွေးနွေးညှိနှိုင်းတိုင်ပင်နှီးနှောကြခြင်း၏ အန္တိမရည်မှန်းချက်မှာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီးနောက် အားလုံးမျှော်မှန်းထားသည့် ဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရန်ဖြစ်သည်။ ရည်မှန်းချက်သို့ရောက်ရှိရန်အတွက် လုပ်ငန်းစဉ်အမြောက်အမြားရှိရာ ပထမလုပ်ငန်းစဉ်သည် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးခြင်းပင်ဖြစ်သည်။

လက်မှတ်ရေးထိုးခြင်းပြုပြီးနောက် နိုင်ငံရေးဆွေးနွေးပွဲများ အဆင့်ဆင့်ကိုပြုလုပ်ပြီး နိုင်ငံရေးသဘောတူညီချက်များကို ဘုံထုတ်ကာ ဖက်ဒရယ်ဆိုင်ရာအခြေခံမူများ ချမှတ်နိုင်ရေးမှာ အရေးကြီးသည်။ ထို့ကြောင့် ကနဦးလုပ်ငန်းစဉ်များတွင် (NCA)နှင့် နိုင်ငံရေးဆွေးနွေးပွဲများ အောင်မြင်စွာကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ နိုင်ငံရေးဆွေးနွေးပွဲများအောင်မြင်စေရန်အတွက် အချိန်လုံလောက်မှု၊ အကျေအလည်ဆွေးနွေးနိုင်မှု၊ ပါဝင်သူအားလုံး အပြန်အလှန်ယုံကြည်မှုတို့သည် အရေးကြီးဆုံးဖြစ်သလို အမျိုးသားပြန်လည်သင့်မြတ်ရေးအပေါ်တွင် စိတ်ရင်းစေတနာသည်လည်း အရေးကြီးပါသည်။

ဤနေရာတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)တွင် ပါဝင်လက်မှတ်ရေးထိုးရန် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ ကျန်ရှိနေသေးသည်ဖြစ်၍ မျှော်မှန်းထားသည့် နိုင်ငံရေးပန်းတိုင်သို့လျှောက်လှမ်းရာတွင် အတူတကွ ပါဝင်နိုင်ရေးအတွက် နိုင်ငံတော်က လက်ကမ်းကြိုဆိုကြောင်း၊ တံခါးဖွင့်ပေးထားကြောင်း အကြိမ်ကြိမ်အသိပေးနှိုးဆော်ထားသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က “ယနေ့ကမ္ဘာပေါ်မှာ ပြောင်းလဲနေတဲ့ အင်အားချိန်ခွင်လျှာအရ နိုင်ငံတကာအခြေအနေတွေလည်း အချိန်နဲ့အမျှ ပြောင်းလဲလျက်ရှိပါတယ်။ မည်သို့ပင် ပြောင်းလဲစေကာမူ ကမ္ဘာ့အလယ်တွင် ဂုဏ်သိက္ခာမြင့်မားတဲ့ နိုင်ငံတစ်နိုင်ငံအဖြစ် အစဉ်အမြဲရှင်သန်နိုင်ရေးအတွက် အရေးအကြီးဆုံးဟာ အမျိုးသားညီညွတ်ရေးပဲဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။

အမျိုးသားညီညွတ်ရေးဟူသည် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးရှိမှသာ ခိုင်မာအားကောင်းမည်ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်ရာတွင် အမျိုးသားညီညွတ်ရေးဖြင့်သာ တည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့တည်ဆောက်နိုင်ရန်အတွက် NCA တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အားလုံး ပါဝင်ဖို့လိုသည်။ ယခုအခါ လက်မှတ်ရေးထိုးရန်အဖွဲ့များ ကျန်ရှိနေသေး၍ ထိုအဖွဲ့များပါဝင်လာနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ဖက်ဒရယ်ပြည်ထောင်စုပေါ်ပေါက်လာရေးအတွက် အနာဂတ်ကိုရှေးရှုကာ ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

NCA စာချုပ်သည် နိုင်ငံရေးလမ်းပြမြေပုံ၏ နံပါတ်တစ် လုပ်ငန်းစဉ်ဖြစ်သည်။ ထိုလုပ်ငန်းစဉ်ပြီးမှသာ ဖက်ဒရယ်မူဘောင်ရေးဆွဲခြင်း၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပခြင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကျင်းပခြင်း စသည့် အရေးကြီးသောလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုငြိမ်းချမ်းရေးအတွက် အရေးအကြီးဆုံးအခန်းကဏ္ဍတွင်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)က NCA လမ်းပြမြေပုံပါအတိုင်း တိတိကျကျ တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်မည်ဆိုပါက နိုင်ငံရေးစုစည်းမှု ပိုမိုအားကောင်းလာမည်ဖြစ်သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ပါ အဆင့်များအတိုင်း အားလုံးပါဝင်နိုင်ရေး၊ အားလုံးလုပ်ဆောင်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်နေပြီဖြစ်ရာ မကြာမီကျင်းပတော့မည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တတိယအစည်းအဝေးအောင်မြင်ရေး၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအုတ်မြစ်ဖြစ်သည့် အခြေခံမူများချမှတ်ခြင်းကို ၂၀၁၈ ခုနှစ်အတွင်း ပြီးပြတ်အောင် ရည်မှန်းချက်ထားရှိကာ ဦးတည်ကြိုးပမ်းဆောင်ရွက်ရေးတို့ကို အားလုံးပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ပါသည်။

သို့ဖြစ်ရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် လမ်းညွှန်ချက်အတိုင်း ယနေ့ကလေးသူငယ်များကြီးပြင်းလာချိန် နောင်ကာလတွင် မြန်မာနိုင်ငံအား နိုင်ငံတကာအလယ်တွင် မြင့်မြင့်မားမားရပ်တည်နိုင်ပြီး မည်သူမျှမထိပါးမစော်ကားရဲသည့် နိုင်ငံတစ်နိုင်ငံဖြစ်လာစေရန် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို လက်ဆင့်ကမ်းပေးဝေကြပါရန် အလေးအနက်တိုက်တွန်းအပ်ပါသည်။ ။

# လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းနှင့် Marubeni Power System Corporation တို့အကြား လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁**

ရန်ကုန်မြို့ သာကေတ ဓာတ်အားပေးစက်ရုံဝင်းအတွင်း ဂျပန်နိုင်ငံ JICA ချေးငွေဖြင့် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များ အကြီးစားပြင်ဆင်ခြင်းလုပ်ငန်းအတွက် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းနှင့် Marubeni Power System Corporation တို့အကြား လုပ်ငန်းအပ်နှံစာချုပ်ချုပ်ဆိုပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံးခန်းမ၌ ကျင်းပခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက သာကေတ ဓာတ်အားပေးစက်ရုံအတွင်း သဘာဝဓာတ်ငွေ့သုံးဓာတ်အားပေးစက်ရုံရှိ ဓာတ်ငွေ့တာဘိုင်စက်သုံးလုံးကို ဂျပန်နိုင်ငံ JICA ချေးငွေအမှတ် MY-P2 Urgent Rehabilitation and Upgrade Project Phase I စုစုပေါင်း ချေးငွေ ၁၄ ဒသမ ၀၅၂ ဘီလီယံအောက်မှ ကျခံသုံးစွဲမည်ဖြစ်ကြောင်း၊ အဆိုပါ ချေးငွေခေါင်းစဉ်တွင် သာကေတဓာတ်အားပေးစက်သုံးလုံး အကြီးစားပြင်ဆင်ခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိကဓာတ်အားပေးစက်ရုံများဖြစ်သော လှော်ကား၊ အလုံ၊ ရွာမ၊ သာကေတစက်ရုံများ၏ Switch Yard များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများလည်း ပါဝင်ကြောင်း၊ သာကေတဓာတ်အားပေးစက်သုံးလုံး အကြီးစားပြုပြင်ခြင်းအားဖြင့် စက်စွမ်းရည်များ ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပြီး ဓာတ်အားလိုအပ်ချက်ကို တစ်ထောင့်တစ်နေရာမှ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ Marubeni ကုမ္ပဏီအနေဖြင့်လည်း စီမံကိန်းလုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန်နှင့် လျှပ်စစ်ဓာတ်အားကို တစ်နိုင်ငံလုံး ပြည့်ပြည့်ဝဝရရှိရေးအတွက် ဆောင်ရွက်ရာတွင် အခက်အခဲများစွာရှိသော်လည်း အားလုံးဝိုင်းဝန်း အတူတကွ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းက သာကေတ ဓာတ်အားပေးစက်ရုံ၏ လက်ရှိအခြေအနေတွင် ဓာတ်ငွေ့တာဘိုင်စက် အမှတ်(၁)နှင့် အမှတ်(၃)တာဘိုင်စက်များကို မောင်းနှင်ဓာတ်အားထုတ်လုပ်လျက်ရှိသော်လည်း အမှတ်(၃) တာဘိုင်စက်နှင့် ရေနွေးငွေ့တာဘိုင်စက်တို့မှာ ချွတ်ယွင်းလျက်ရှိသည့်အတွက် ရပ်တန့်ထားပါကြောင်း၊ ရေနွေးငွေ့တာဘိုင်ကိုလည်း အကြီးစားပြုပြင်ရမည်ဖြစ်သော်လည်း ပြုပြင်ရန်ကုန်ကျစရိတ်သည် အသစ်တည်ဆောက်မည့်ကုန်ကျစရိတ်ခန့် ကျသင့်မည်ဖြစ်ပါ၍ စီးပွားရေး တွက်ခြေကိုက်ခြင်းမရှိတော့သဖြင့် ပြုပြင်ခြင်းမပြုတော့ဘဲ ချေးငွေရရှိမှုအပေါ်မူတည်ပြီး ဓာတ်ငွေ့တာဘိုင်စက်များကိုသာ အကြီးစားပြုပြင်သွားမည်ဖြစ်ကြောင်း၊ ယခု ဓာတ်ငွေ့တာဘိုင်စက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ဂျပန်နိုင်ငံ JICA ၏ ODA ချေးငွေ MY-P2 Urgent Rehabilitation and Upgrade Project Phase I အောက်မှ ကျခံသုံးစွဲသွားမည်ဖြစ်ကြောင်း သာကေတ ဓာတ်အားပေးစက်ရုံနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက စက်တစ်လုံးလျှင် လက်ရှိ ၁၂ မဂ္ဂါဝပ်ထွက်ရှိရာမှ ၂၂ မဂ္ဂါဝပ်သို့ တိုးမြှင့်ထုတ်လုပ်နိုင်မည်ဖြစ်ပြီး စက်သုံးလုံး၏ စုစုပေါင်း ထုတ်လုပ်မှုမှာလည်း ၆၆ မဂ္ဂါဝပ်သို့ တိုးမြှင့်ရရှိသွားမည်ဖြစ်ကြောင်း၊ ဓာတ်ငွေ့တာဘိုင်စက်များ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကြောင့် ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်ပြီး နိုင်ငံတော်ဓာတ်အားစနစ်ထဲသို့ ပိုမိုတိုးမြှင့် ပို့လွှတ်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ထို့နောက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း၏ ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် Marubeni Corporation တို့က စာချုပ်များတွင် လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြသည်။ အဆိုပါ အခမ်းအနားသို့ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီး ဒေါက်တာ ထွန်းနိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂျပန်သံရုံးမှ တာဝန်ရှိသူများ၊ JICA Myanmar ရုံးမှ တာဝန်ရှိသူများနှင့် Marubeni ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေး မှုခင်းအသိပညာပေး

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် အဖျောက်နယ်မြေရဲစခန်းမှူး ရဲအုပ်မျိုးခိုင်နှင့်အဖွဲ့သည် ကြွေပုဂံချောင်းကျေးရွာအုပ်စု ကန်စွန်းချောင်ကျေးရွာ အမကကျောင်း၌ အောက်တိုဘာ ၂၉ ရက် နံနက် ၁၁ နာရီတွင် မှုခင်းများမဖြစ်ပွားစေရေးနှင့် မှုခင်းများလျော့နည်းကျဆင်းစေရေး၊ ခိုးဆိုးလုယက်မှုများနှင့် သက်ငယ်မုဒိမ်းမှုများမဖြစ်ပွားစေရေးတို့အတွက် မှုခင်းအသိပညာပေးဟောပြောဆွေးနွေးခဲ့ကြကြောင်း သိရသည်။

ဟောပြောဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ စုစုပေါင်း ၅၀ ခန့် တက်ရောက်ခဲ့ကြပြီး ၎င်းတို့မှ သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ညဏ်ဟိန်း**

# စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့် မွမ်းမံသင်တန်းဖွင့်

**ပေါင် နိုဝင်ဘာ ၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပေါင်မြို့နယ် လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ်စက်ဝန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် စည်းရုံးရေးမှူးများ စွမ်းဆောင်ရည်မြှင့်တင်ခြင်း မွမ်းမံသင်တန်း အမှတ်စဉ်(၁)ဖွင့်ပွဲကို အောက်တိုဘာ တတိယပတ်က ပေါင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လူထုဗဟိုပြုစီမံကိန်းတာဝန်ခံများ၊ နည်းပညာအကြံပေးများ၊ လက်ထောက်နည်းပညာမှူးနှင့် လူထုစည်းရုံးရေးမှူး စုစုပေါင်း ၅၆ ဦး တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လတ်က အဖွင့်အမှာစကားနှင့် ဒုတိယနှစ်စက်ဝန်းတွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀ မန္တလေး(ရွှေဈေး) ၉၂၉၀၀၀ - ၉၂၉၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၂၅/၇၅၅ ကျပ်၊ | ၇၆၅/၇၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၈၀၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၆၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၄၅/၇၇၅ ကျပ်၊ | ၇၈၅/၇၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၀၀/၇၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၀၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၀. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၅. ၈၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၁. ၁၀၇ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၆၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၉၇ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၀၀. ၆ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၂. ၁၈ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၄၅. ၂ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၂. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလွဲ့သင်း၊ ဒေါ်စန္ဒာဝင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလွဲ့

# တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ဂျပန်နိုင်ငံ အထက်လွှတ်တော် အမတ်ဟောင်းနှင့် ဂျပန်-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌအား လက်ခံတွေ့ဆုံ



**နေပြည်တော် နိုဝင်ဘာ ၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ဂျပန်နိုင်ငံအထက်လွှတ်တော်အမတ်ဟောင်းနှင့် ဂျပန်-မြန်မာချစ်ကြည်ရေးအသင်းဥက္ကဋ္ဌဖြစ်သူ Mr. Hideo Watanabe အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ-ဂျပန် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်မှု အခြေအနေများ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုတွင် တပ်မတော်အနေဖြင့် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့မှု အခြေအနေများ၊ ရခိုင်ပြည်နယ်အတွင်း ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို မြန်မာနိုင်ငံအစိုးရနှင့် တပ်မတော်အနေဖြင့် ဥပဒေနှင့်အညီ မှန်ကန်စွာ ဖြေရှင်းလုပ်ဆောင်နေသော်လည်း မှားယွင်းသောလုပ်ရပ်များအဖြစ် ထင်မြင်လာအောင် "နိုင်ငံတကာ မီဒီယာအား"ကို အသုံးချ၍ တစ်ဖက်သတ် စွပ်စွဲပြောဆိုနေမှုများ၊ ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ အခြေအနေမှန်များကို နိုင်ငံတကာမှ မှန်ကန်စွာသိရှိရန် လိုအပ်မှုအခြေအနေများ၊ ကမ္ဘာ့နိုင်ငံခေါင်းဆောင်များအနေဖြင့် အခြေအနေမှန်ကိုသိရှိရန် ပိုမိုလိုအပ်မှုအခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နိုင်ငံတော် စီးပွားရေးရာပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေးကျင်းပခြင်းနှင့် စက်မှုထုတ်ကုန်ပစ္စည်းများအား ခင်းကျင်းပြသ

**နေပြည်တော် နိုဝင်ဘာ ၁**



နိုင်ငံတော် စီးပွားရေးရာ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၁၇) ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ရုံးအမှတ် ၁ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် ကော်မတီဝင်များ၊ ပြည်ထောင်စု လွှတ်တော် နိုင်ငံပိုင်စက်ရုံများ လေ့လာ သုံးသပ်ရေးအဖွဲ့ဝင်များ၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် နိုင်ငံပိုင်စက်ရုံများအား ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ပုဂ္ဂလိကသို့ လွှဲပြောင်းလုပ်ကိုင်စေမည့် အစီအစဉ်များနှင့် ပတ်သက်၍ မူဝါဒတစ်ရပ်ချမှတ်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် စုပေါင်းခန်းမ၌ စက်မှုဝန်ကြီးဌာန နိုင်ငံပိုင်စက်ရုံများနှင့် ပုဂ္ဂလိကနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စက်ရုံများမှ ထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားမှု အခြေအနေနှင့် နိုင်ငံတော်အတွက် အထူးလိုအပ်နေသော လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး၊ လယ်ယာကဏ္ဍနှင့်ကျန်းမာရေးဝန်ဆောင်မှုသုံးယာဉ်နှင့် အသုံးအဆောင်ပစ္စည်း အမျိုးမျိုးထုတ်လုပ်ထားရှိမှုများကို လှည့်လည်ကြည့်ရှုခဲ့ပြီး ဈေးကွက်ဝင်ထုတ်ကုန်များ ပုဂ္ဂလိကနှင့် ပူးပေါင်းထုတ်လုပ်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်း အတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်မောင်ဦးအား အမြဲတမ်း အတွင်း ဝန်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

**❖ တန်ဆောင်တိုင်မှ**

မဟာဗန္ဓုလပန်းခြံတွင် ရန်ကုန်တိုင်းဒေသကြီး တန်ဆောင်တိုင်ပွဲတော်အဖြစ် လျှပ်စစ်မီးများကို အလှဆင်ထွန်းလင်းထားရာ အဆိုပါပန်းခြံတွင် လာရောက်အပန်းဖြေသူတစ်ဦးက "ညီမတို့အလုပ်ကနည်းနည်းနောက်ကျတော့ ပန်းခြံမှာ လာရောက်အပန်းဖြေဖို့ အချိန်သိပ်မရှိဘူး၊ အခု ဒီမှာ တန်ဆောင်တိုင်ပွဲတော်အတွက် မီးတွေအလှဆင်ထားပေးပြီး ပန်းခြံပိတ်ချိန်ကိုလည်း တိုးပေးထားတော့ ညီမတို့သူငယ်ချင်းတွေအတွက် အဆင်ပြေသွားတယ်၊ မနက်ဖြန် ဒီမှာ ဖျော်ဖြေပွဲတွေရှိတယ်လို့လည်း သိရတယ်၊ မနက်ဖြန်လည်း အလုပ်လည်းပိတ်တော့ ဒီမှာ ဖျော်ဖြေပွဲတွေ လာကြည့်ပြီး သူငယ်ချင်းတွေနဲ့အပန်းဖြေမယ်၊ ပန်းခြံကို မီးရောင်စုံတွေနဲ့ အလှဆင်ထားတော့ ကြည့်ရတာအလွန်လှပြီး စိတ်မှာလည်း ပျော်ရွှင်ပါတယ်"ဟု ပြောသည်။

"ကျွန်တော်တို့က ဒီမှာ မီးအလှဆင်တဲ့အပိုင်းကို တာဝန်ယူထားတာပါ၊ မီးရောင်စုံဒီဇိုင်းမျိုးစုံကို idea ထုတ်ပြီး မီးပုံးပျံပုံစံ၊ ဒေါင်းပုံစံ၊ စောင်းပုံစံတို့ကို ဆင်ထားတာပါ၊ ကျွန်တော်တို့ ဆင်ထားတာကို လာရောက်အပန်းဖြေသူတွေ ကြည့်ရှုပြီး သဘောကျတယ်၊ စိတ်မှာပျော်ရွှင်ကြည်နူးကြတယ်ဆိုရင် ကျွန်တော်တို့ ဝမ်းသာပါတယ်"ဟု မီးအလှဆင်မှုအပိုင်းတွင် တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ပန်းခြံရှိ ရန်ကုန်တိုင်းဒေသကြီးတန်ဆောင်တိုင်ပွဲတော်ကို နှစ်ရက်တိုင်တိုင် ကျင်းပမည်ဖြစ်ရာ ဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ဖွင့်ပွဲတွင် ခေတ်ပေါ်တေးဂီတဖျော်ဖြေပွဲများ၊ မြန်မာ့ရိုးရာရှေးဟောင်းအကအလှများအနေဖြင့် မြေဝိုင်းနှစ်ပါးသွားအက၊ ရုပ်သေးကြိုးဆွဲသူငယ်တော်(သို့)နေရာတော်ခင်းအက၊ ဆီမီးခွက်အကများလည်း ပါဝင်မည်ဖြစ်သည်။ လာရောက်မည့်သူများ အချိန် ပို၍ အနားယူအပန်းဖြေနိုင်ရန် ပန်းခြံပိတ်ချိန်ကိုလည်း သာမန် အချိန်ထက် တိုးကာ ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**

# အင်းတော်ကြီး ဇီဝ အဝန်းနယ်မြေ အသိအမှတ်ပြုခြင်း အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးကန် ရွှေမဥ္ဇူဘုရားဓမ္မာရုံတွင် ယမန်နေ့က ကျင်းပသည့် အင်းတော်ကြီး ဇီဝ အဝန်းနယ်မြေ အသိအမှတ်ပြုခံရခြင်းအထိမ်းအမှတ် အခမ်းအနားသို့ သယံဇာတနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဇီဝမျိုးစုံမျိုးကွဲများသည် လူသားများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် ဂေဟစနစ်ဝန်ဆောင်မှုများကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ ထို့ပြင် ရာသီဥတုတည်ငြိမ်ရေးတွင် အရေးပါသည့် အစိတ်အပိုင်း တစ်ခုလည်းဖြစ်ပါကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲ ပျက်စီးဆုံးရှုံးမှုကနေ အကျိုးဆက်အားဖြင့် ရာသီဥတုပြောင်းလဲမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှု၊ စွမ်းအင် မလုံလောက်မှု စသည့် စိန်ခေါ်မှုအများအပြားနှင့် ကြုံတွေ့နေရပါကြောင်း၊ သဘာဝနယ်မြေများသည် ဂေဟစနစ်နှင့် ဇီဝမျိုးစုံမျိုးကွဲ အဆင့်အတန်းကျဆင်းမှု၊ ပျက်စီးမှုများကို အလုံးစုံမကာကွယ်နိုင်သော်လည်း ထိန်းသိမ်းရေးအတွက် အကောင်းဆုံးဟု အသိအမှတ်ပြုကြပါကြောင်း၊ မြန်မာနိုင်ငံ၌လည်း အမျိုးအစား စုံလင်လှသည့် ဂေဟစနစ်များကို ကိုယ်စားပြုထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် သဘာဝနယ်မြေတည်ထောင်ရေးကို အလေးပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံဧရိယာ၏ ၁၀ ရာခိုင်နှုန်းကို သဘာဝနယ်မြေအဖြစ် သတ်မှတ်ရန် ရည်မှန်းချက်ထားရှိကာ လက်ရှိတွင် နိုင်ငံဧရိယာ၏ ၅ ဒသမ ၇၉ ရာခိုင်နှုန်းရှိသည့် သဘာဝနယ်မြေ ၄၀ ကို တည်ထောင်ထားပြီးဖြစ်ပါကြောင်း ပြောကြားခဲ့သည်။



အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဂျာမနီနိုင်ငံ သံအမတ်ကြီးတို့သည် အင်းတော်ကြီးကန်အတွင်း စက်လှေများဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

အင်းတော်ကြီးတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအပါအဝင် ရေဝေရေလဲဒေသများကို ထည့်သွင်း၍ အင်းတော်ကြီး ဇီဝအဝန်းနယ်မြေအဖြစ် အဆိုပြုတင်ပြချက်ကို ယူနက်စကို လူသားနှင့် ဇီဝအဝန်းနယ်မြေအစီအစဉ် (MAB Programme) ၏ ဇီဝအဝန်းနယ်မြေ (Biosphere Reserve) တစ်ခုအဖြစ် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဇွန် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပခဲ့သည့် (၂၉) ကြိမ်မြောက် လူသားနှင့် ဇီဝအဝန်းနယ်မြေ နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေးကော်မတီအစည်းအဝေးတွင် အတည်ပြုခဲ့ကြောင်း သိရသည်။

ထို့ပြင် အင်းတော်ကြီးကန်သည် အရှေ့တောင်အာရှ ဒေသတွင် တတိယအကြီးဆုံးရေကန်ကြီးဖြစ်ပြီး အင်းတော်ကြီးကန်နှင့် ပတ်ဝန်းကျင်ဒေသကို ဒေသနှင့် ကမ္ဘာ့အဆင့် အသိအမှတ်ပြု ထိန်းသိမ်းရေးနယ်မြေများအဖြစ် သတ်မှတ်ခံရကာ ၂၀၀၃ ခုနှစ်တွင် အာဆီယံအမွေအနှစ်ဥယျာဉ် (AHP)အဖြစ် လည်းကောင်း၊ ၂၀၀၄ ခုနှစ်တွင် ငှက်မျိုးစိတ်အရေးကြီး နယ်မြေ (IBA) အဖြစ် လည်းကောင်း၊ ၂၀၁၄ ခုနှစ်တွင် အရှေ့အာရှ-ဩစတြေးလျ ငှက်ပျံသန်းလမ်းကြောင်း မိတ်ဖက်အဖွဲ့ (EAAFP) ၏ ကွန်ရက်နယ်မြေအဖြစ်လည်းကောင်း၊ ၂၀၁၆ ခုနှစ်တွင် ရမ်ဆာရေဝပ်ဒေသ (Ramsar Site) အဖြစ် လည်းကောင်း၊ ယခု လူသားနှင့် ဇီဝ အဝန်းနယ်မြေ (Biosphere Reserve) အဖြစ် လည်းကောင်း သတ်မှတ်ခံခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြင်ဆင်ဖတ်ရှုပါရန်

၂၀၁၇ ခုနှစ် နိုဝင်ဘာ ၁ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၃ မှ ပြည်ထောင်စု ငြိမ်းချမ်းရေး ဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC) အစည်းအဝေး သတင်း စာပိုဒ် ၇ ပါ Union Team assistance Resettlement development အစား Humanitarian Assistance, Resettlement, Development ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့ (သတင်းစဉ်)**

ကြေးမုံ





## နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုနှင့် ဆက်ဆံရေးမြှင့်တင်ရန် တရုတ်နှင့် ရုရှား ဝန်ကြီးချုပ်များ သဘောတူညီ

**ပေကျင်း နိုဝင်ဘာ ၁**

တရုတ်ဝန်ကြီးချုပ် လီခချန်းနှင့် ရုရှားဝန်ကြီးချုပ် ဒီမစ်ထရီမက်ဗီဒေ့ဗ်တို့သည် အောက်တိုဘာ ၃၁ ရက်တွင် ပေကျင်းမြို့၌ တွေ့ဆုံခဲ့ကြရာတွင် နှစ်နိုင်ငံဆက်ဆံရေး တိုးတက်ခိုင်မာစေရန်နှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားကြရန် သဘောတူညီကြကြောင်း ဆင်ဟွာ သတင်းဌာနက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံ ကျင်းပပြီးချိန်နောက်ပိုင်း တရုတ်နိုင်ငံသို့ ပထမဆုံးလာရောက်သော နိုင်ငံခြားအစိုးရအဖွဲ့ခေါင်းဆောင်တစ်ဦးဖြစ်သူ မက်ဗီဒေ့ဗ်သည် တရုတ်နိုင်ငံဝန်ကြီးချုပ်လီနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

တရုတ်နိုင်ငံသည် ရုရှားနိုင်ငံနှင့် အပြန်အလှန်ယုံကြည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ တိုးမြှင့်ကာ အပြန်အလှန်ဖလှယ်ရေး အစီအစဉ်များကို လုပ်ဆောင်သွားရန် အသင့်ရှိကြောင်း၊ နှစ်နိုင်ငံဝန်ကြီးချုပ်များ၏ ပုံမှန်အစည်းအဝေးများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်မှုပြုလုပ်သွားမည်ဖြစ်ကြောင်း လီက ပြောကြားသည်။

တရုတ်နိုင်ငံသည် ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်လျက်ရှိပြီး တံခါးဖွင့်ဝါဒကို ကျင့်သုံးလျက်ရှိကာ ကမ္ဘာ့နိုင်ငံများနှင့်အတူ ဖွံ့ဖြိုးရေး အခွင့်အလမ်းများကို မျှဝေလျက်ရှိကြောင်း တရုတ်နိုင်ငံဝန်ကြီးချုပ်က ပြောကြားသည်။

(၁၉)ကြိမ်မြောက် တရုတ်ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံနှင့် ပတ်သက်၍ လီက ရှင်းလင်းပြောကြားခဲ့သည်။

ကွန်မြူနစ်ပါတီ အမျိုးသားညီလာခံ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ဂုဏ်ယူဝမ်းမြောက်မိကြောင်း မက်ဗီဒေ့ဗ်က ပြောကြားသည်။ ရုရှားနှင့် တရုတ်နိုင်ငံတို့ အလုံးစုံ မဟာဗျူဟာမြောက်မိတ်ဖက်ပြု ပူးပေါင်းဆောင်ရွက်ရေးကို ကြိုဆိုကြောင်း ၎င်းက ပြောကြားသည်။

ရုရှားဝန်ကြီးချုပ်သည် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ တရုတ်နိုင်ငံသို့ ချစ်ကြည်ရေးခရီးစဉ်အဖြစ် ရောက်ရှိနေခြင်းဖြစ်သည်။ ၎င်းသည် ဝန်ကြီးချုပ် လီခချန်းနှင့်အတူ (၂၂)ကြိမ်မြောက် တရုတ်-ရုရှား ဝန်ကြီးချုပ်များ၏ ပုံမှန်အစည်းအဝေးကို နိုဝင်ဘာ ၁ ရက်တွင် ကျင်းပခဲ့သည်။

**ဆင်ဟွာ**

## လေယာဉ်ကို အဖျက်အမှောင့် ပြုလုပ်ရန် ကြံစည်မှုဖြင့် လေယာဉ်မှူးတစ်ဦးအပါအဝင် လေးဦးကို ဘင်္ဂလားဒေ့ရှ်၌ ဖမ်းဆီး

**ဒါကာ နိုဝင်ဘာ ၁**

ဘင်္ဂလားဒေ့ရှ် အကြမ်းဖက်မှု တိုက်ဖျက်ရေး လက်ရွေးစင် ရဲတပ်ဖွဲ့သည် လေယာဉ်တစ်စင်းကို အဖျက်အမှောင့်ပြုလုပ်ရန် ကြံရွယ်မှုဖြင့် လေယာဉ်မှူးတစ်ဦးအပါအဝင် လူလေးဦးကို ဖမ်းဆီးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၁ ရက်တွင် သတင်းထုတ်ပြန်သည်။

### အတည်ပြု

စစ်သွေးကြွအဖွဲ့ဝင်များကို ဖမ်းဆီးခဲ့သည့် သတင်းနှင့်ပတ်သက်၍ အောက်တိုဘာ ၃၁ ရက်တွင် ပြုလုပ်သော သတင်းစာရှင်းလင်းပွဲ၌ လက်ရွေးစင်ရဲတပ်ဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ မုတီးမာမွတ်ခန်က အတည်ပြုပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်လေကြောင်းလိုင်းမှ ပူးတွဲလေယာဉ်မှူး(ပထမအရာရှိ) ဆာဘီးအာမန် အပါအဝင်စစ်သွေးကြွအဖွဲ့ဝင်များကို ဖမ်းဆီးခဲ့ကြောင်း ၎င်းက အတည်ပြုပြောကြားခဲ့သည်။

### စီးနင်းရှာဖွေ

ဒါကာမြို့တွင် အောက်တိုဘာ ၃၀ ရက် ညပိုင်းက စီးနင်းရှာဖွေမှုပြုလုပ်စဉ်အတွင်း ၎င်းတို့ကို ဖမ်းဆီးခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဂျမာတူး မူဂျာဟီဒင် ဘင်္ဂလားဒေ့ရှ် အမည်ရှိ စစ်သွေးကြွအဖွဲ့မှ စစ်သွေးကြွများသည် လေယာဉ်တစ်စင်းကို အဖျက်အမှောင့်ပြုလုပ်ရန် ပူးပေါင်းကြံစည်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

အဆိုပါ စစ်သွေးကြွအဖွဲ့သည် ၂၀၀၅ ခုနှစ် ဩဂုတ် ၁၇ ရက်တွင် ဒါကာမြို့၌ လူနှစ်ဦးသေဆုံးပြီး ၁၅၀ ကျော် ထိခိုက်ဒဏ်ရာရရှိစေခဲ့သည့် ဗုံးခွဲ တိုက်ခိုက်မှု အပါအဝင် ဗုံးခွဲ တိုက်ခိုက်မှုပေါင်း ၆၃ ကြိမ်ပြုလုပ်ခဲ့ကြောင်း ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

### ကြိုးပေးကွပ်မျက်

စစ်သွေးကြွအဖွဲ့ ခေါင်းဆောင်များနှင့် အဖွဲ့ဝင် ရာပေါင်းများစွာတို့ ဖမ်းဆီးခံခဲ့ရပြီး ၎င်းတို့အဖွဲ့၏ခေါင်းဆောင် ရှိတ်အဗ္ဗဒူရာမန် အပါအဝင် ထိပ်တန်းခေါင်းဆောင် ခြောက်ဦးသည် ၂၀၀၇ ခုနှစ်တွင် ကြိုးပေးကွပ်မျက်ခံခဲ့ရကြောင်း သိရသည်။

**ဆင်ဟွာ**



## နယူးယောက်မြို့တွင် အကြမ်းဖက် တိုက်ခိုက်သူတစ်ဦးက ထရပ်ယာဉ်အသုံးပြု၍ တိုက်ခိုက်၊ လူရှစ်ဦးသေဆုံး

**နယူးယောက် နိုဝင်ဘာ ၁**

အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့တွင် အောက်တိုဘာ ၃၁ ရက်က ယာဉ်မောင်းတစ်ဦးက နောက်အမိုးဖွင့် ထရပ်ယာဉ်တစ်စီးကို ငှားယူကာ ဟတ်ဆန်မြစ်ရိုးတစ်လျှောက် ခြေလျင်ခရီးလျှောက်သူများနှင့် စက်ဘီးစီးနင်းသူများကို ကားဖြင့် ဝင်ရောက်တိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်းကြောင့် လူရှစ်ဦးထက်မနည်း သေဆုံးပြီး လူဒါဇင်နှင့်ချီကာ ထိခိုက်ဒဏ်ရာရခဲ့ကြောင်း၊ ယင်းလုပ်ရပ်မှာ အကြမ်းဖက်ဝါဒီတစ်ဦး၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက သတင်းထုတ်ပြန်သည်။ **(အောက်ပုံ)**

### သတ်မှတ်နိုင်

နယူးယောက်မြို့တွင် ဖြစ်ပွားခဲ့သော ယင်းအကြမ်းဖက် တိုက်ခိုက်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးဌာန အမြွှာမျှော်စင် အဆောက်အအုံကို အကြမ်းဖက်သမားများက လေယာဉ်များကို အပိုင်စီး၍ တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီးချိန်နောက်ပိုင်း ပထမဆုံးအကြိမ် လူသေဆုံးမှု အများဆုံးသော အကြမ်းဖက် တိုက်ခိုက်မှုအဖြစ် သတ်မှတ်နိုင်ကြောင်း၊ ၂၀၀၁ ခုနှစ် စက်တင်ဘာ ၁၁ ရက် အကြမ်းဖက် တိုက်ခိုက်မှုတွင် နယူးယောက်မြို့၌ လူပေါင်း ၂၆၀၀ ကျော် သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အဆိုပါ အကြမ်းဖက်တိုက်ခိုက်မှုသည် ကမ္ဘာ့ကုန်သွယ်ရေးဌာန အမြွှာညီနောင် အဆောက်အအုံမှ မဝေးကွာသော မင်ဟတ်တန်အရပ် အနောက်ဘက်စွန်းတွင် ဖြစ်ပွားခဲ့သည်။ ယင်းတိုက်ခိုက်မှုမျိုး လွန်ခဲ့သည့် ၁၅ လတာ ကာလအတွင်း ဥရောပတိုက် နိုင်ငံများတွင် ဖြစ်ပွားခဲ့သည်ကို ပြန်ပြောင်းသတိရစရာဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

**ရိုက်တာ**



## ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ထံ နယ်စပ်ဖြတ်ကျော်ရေး စခန်းများကို လွှဲပြောင်းပေး

**ဂါဇာ နိုဝင်ဘာ ၁**

အီဂျစ်နှင့် အစ္စရေးနိုင်ငံတို့ ထိစပ်နေသော ဂါဇာကမ်းမြောင်ဒေသရှိ နယ်ခြားဖြတ်ကျော်ရေးစခန်းများ ပါလက်စတိုင်း ပြန်လည်သင့်မြတ်ရေး အစိုးရအဖွဲ့ထံ ဟားမားစ်အဖွဲ့က လွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက်က ပြုလုပ်သည်။ အဆိုပါ အခမ်းအနားသို့ အီဂျစ် လုံခြုံရေးနှင့် ထောက်လှမ်းရေး အထက်တန်းတာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း ပါလက်စတိုင်း အာဏာပိုင်အဖွဲ့နှင့် ဟားမားစ်အဖွဲ့ တာဝန်ရှိသူများက ပြောကြားသည်။

ပါလက်စတိုင်း အာဏာပိုင်အဖွဲ့က အီဂျစ်နိုင်ငံနှင့် ထိစပ်နေသော ရာဖာ နယ်စပ် ဖြတ်ကျော်ရေးစခန်း၊ အစ္စရေးနိုင်ငံနှင့် ထိစပ်နေသော အီရက်ဇာနှင့် ကီရမ် နယ်စပ် ဖြတ်ကျော်စခန်းများကို ဟားမားစ်အဖွဲ့ထံမှ လွှဲပြောင်း ရယူခဲ့သည်။

အဆိုပါ နယ်စပ်ဖြတ်ကျော်စခန်းများကို ဟားမားစ်အဖွဲ့က ပါလက်စတိုင်း အာဏာပိုင်အဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး ယင်းဒေသတွင် ၎င်းတို့၏ ဩဇာခံ မည်သည့် အလုပ်သမား သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင် သို့မဟုတ် ရဲအဖွဲ့ဝင်မျှ ရှိတော့မည် မဟုတ်ကြောင်း ဟားမားစ်အဖွဲ့ တာဝန်ရှိသူက ပြောကြားသည်။

ဟားမားစ်အဖွဲ့သည် ၂၀၀၇ ခုနှစ်မှစ၍ ဂါဇာဒေသကို ထိန်းချုပ်လာခဲ့သည်။ ဟားမားစ်အဖွဲ့သည် နိုင်ငံတကာ၏ အသိအမှတ်ပြုခြင်း ခံရသော ဖာတာအဖွဲ့နှင့် တိုက်ခိုက်မှုများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီးနောက် ပင်လယ်ကမ်းရိုးတန်းဒေသရှိ ကမ်းမြောင်ဒေသဖြစ်သော ယင်းဒေသကို ထိန်းချုပ်ခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**

**✪ ဒလမြို့ ကွက်သစ်စီမံကိန်းမှ**

အသုံးပြုလျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အထိ စီမံကိန်းလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်၍ ဆည်မြောင်းစီမံကိန်း ဆောင်ရွက်ဆဲ ကာလအတွင်း လမ်းပျက်စီးမှုများအား ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်ပြုပြင်ဆောင်ရွက်ရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနနှင့် မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတို့ ညှိနှိုင်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ယနေ့အစည်းအဝေးတွင် ကတိသစ္စာမပြုရသေးသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ငါးဦးက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရှေ့မှောက်၌ ကတိသစ္စာပြု၍ လက်မှတ်ရေးထိုးကြသည်။

ဒလမဲဆန္ဒနယ်မှ ဒေါက်တာဦးစိန်မြအေး၏ **ဒလမြို့ ကွက်သစ်စီမံကိန်းဖော်ဆောင်ရန် သိမ်းယူခဲ့သောမြေများ အနက် ဆောင်ရွက်မှုမရှိသေးသော ၁၁/၁၄ ရပ်ကွက်၊ အံ့ကြီးအနောက်ရပ်ကွက်၊ ၆ နံပါတ်ရပ်ကွက်များရှိ မြေများအား အနာဂတ်စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်ရန် မည်သည့်အချိန်တွင် စတင်မည်၊ မည်မျှ အချိန် ကြာမြင့်မည်နှင့် မည်သို့ဆက်လက်ဆောင်ရွက်မည်ကို သိလိုခြင်း**နှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဒလမြို့နယ်အား စီမံကိန်း ဖော်ဆောင်ရန် လ/န(၃၉) ရရှိထားပြီးဖြစ်သည့်မြေများကို မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ ၁၉၉၀-၁၉၉၁ ခုနှစ် မှစတင်ကာ စနစ်တကျ မြို့ကွက်သစ်ဖော်ထုတ်ရေး စီမံချက်အရ မြို့ကွက်ပုံစံ (Town Plan) ရေးဆွဲဖော်ထုတ်ခဲ့ပါကြောင်း၊ မြေပြင်အနေအထားအရ အကောင်အထည်ဖော်နိုင်သည့် ဧရိယာများဖြစ်သည့် မြေတိုင်းရပ်ကွက် ၉ ခုကို မြို့ကွက်သစ်ပုံစံအဖြစ် ဖော်ထုတ် အကောင်အထည်ဖော်ခဲ့ပြီးနောက် ၎င်းမြေတိုင်းရပ်ကွက်များ၏ မြေစီမံခန့်ခွဲမှုများကို ၁၉၉၆၊ ၁၉၉၉ နှင့် ၂၀၀၃ ခုနှစ်တို့တွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ လွှဲပြောင်းပေးခဲ့ပြီး စီမံကိန်း အကောင်အထည်ဖော်ရန် ကျန်ရှိသည့် ၁၁/၁၄ ရပ်ကွက်၊ အံ့ကြီးအနောက်ရပ်ကွက်၊ ၆ နံပါတ်ရပ်ကွက် တို့ကို မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် မြို့ကွက်သစ်ပုံစံ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်း မရှိသော်လည်း ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ရန်ကုန်မြို့တော်ဖွံ့ဖြိုးမှုအပေါ် မူတည်၍ Master Plan ရေးဆွဲကာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။



**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ရှေ့မှောက်၌ ကတိသစ္စာပြုစဉ်။**

ဆက်လက်၍ သရက်မဲဆန္ဒနယ်မှ ဦးကံမြင့်၊ ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံးတိန့်၊ ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်နှင့် လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦးတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ယင်းနောက် ဂန့်ဂေါ မဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်က **နိုင်ငံတစ်ဝန်းလုံးရှိ တည်ဆောက်ရေးလုပ်ငန်းများအား Third Party စနစ်ကို မှန်ကန်စွာကျင့်သုံး၍ အမြန်ဆုံး အကောင်အထည်ဖော်ဆောင်ရွက်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အဆိုကို တင်သွင်းရာတွင် Third Party စနစ်ဆိုသည်မှာ အစိုးရဖြစ်စေ၊ ပုဂ္ဂလိကဖြစ်စေ မိမိ၏ လုပ်ငန်းအရည်အသွေးပြည့်မီစွာရရှိရေး၊ ဘဏ္ဍာငွေဆုံးရှုံးလေလွင့်ပြုန်းတီးမှု မဖြစ်စေရေးအတွက် ပြင်ပ တတိယအဖွဲ့အစည်းတစ်ခုကို တန်ဖိုးငွေတစ်ရပ်နှင့် မိမိကိုယ်စား တာဝန်ယူ၊ တာဝန်ခံခိုင်းပြီး လုပ်ငန်းဆောင်ရွက်သူ ကန်ထရိုက်၏လုပ်ငန်းများကို ကြပ်မတ်စစ်ဆေးအာမခံစေသည့်စနစ်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် လက်တွေ့ကျင့်သုံးနေသော အခြေအနေများအရ အလုပ်ရှင်၊ ကန်ထရိုက်နှင့် လွတ်လပ်သည့် တတိယအဖွဲ့အစည်းများသည် တည်ဆောက်ရေးလုပ်ငန်းတစ်ခုတွင် ကိုယ်စီကိုယ်စီတာဝန်ယူ၊ တာဝန်ခံရသည့် အစိတ်အပိုင်းများရှိပါကြောင်း၊ အလုံးစုံတာဝန်ယူကြမည့် Third Party များတွင် အာမခံနိုင်သည့် ငွေကြေးပိုင်ဆိုင်မှုများကိုလည်း သတ်မှတ်ပေးရန်လိုပါကြောင်း၊ ၎င်းတို့အတွက် ဆောင်ရန်၊ ရှောင်ရန် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများ၊ ဥပဒေများ၊ နည်းဥပဒေများကိုလည်း ထုတ်ပြန်ပေးရန်လိုပါကြောင်း၊ အခြားနိုင်ငံများရှိ ပုဏ္ဏားတိုင်အဖွဲ့အစည်းကဲ့သို့ ဆုံးဖြတ်နိုင်စွမ်းရှိသော အဖွဲ့အစည်းတစ်ရပ် လိုအပ်ပါကြောင်း၊ ဖွံ့ဖြိုးတိုးတက်ပြီးနိုင်ငံများတွင် တည်ဆောက်ရေးလုပ်ငန်းများသာမကဘဲ ကဏ္ဍစုံတွင် Third Party စနစ်ကိုထားရှိပြီး ပြည်သူလူထုအတွက် ဘေးကင်းလုံခြုံစိတ်ချရသည့် အာမခံအခြေအနေများကို ဖန်တီးပါကြောင်း ဆွေးနွေးသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ စဥ့်ကိုင်မဲဆန္ဒနယ်မှ ဒေါက်တာကြည်မို့မို့လွင်က ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့် စပ်လျဉ်း၍ လက်ခံဆွေးနွေးရန်ဆုံးဖြတ်ပြီး ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့လာသော **ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)**နှင့် စပ်လျဉ်း၍ အဆိုတင်သွင်းထားသည့် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ယင်းပြင်ဆင်ချက်အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

**❍ အလုပ်ရှင်နှင့် အလုပ်သမားမှ**

စုပေါင်းနေထိုင်လျက်ရှိပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ခြောက်ခန်းတွဲဝန်ထမ်းနေအိမ်ကို တင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း ချင်းပြည်နယ်အစိုးရအဖွဲ့၏ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါကြောင်း၊ ထို့ပြင် ထန်တလန်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများနေထိုင်ရန် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် လေးခန်းတွဲတစ်ထပ်တစ်လုံးအား လျာထားတင်ပြတောင်းခံသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါကြောင်း။

ထန်တလန်မြို့နယ်တွင် တာဝန်ထမ်းဆောင်နေသော ပညာရေးဝန်ထမ်းများအတွက် မြို့နယ်ပညာရေးမှူးရုံးတွင် မြို့နယ်ပညာရေးမှူး နေအိမ်တစ်လုံး၊ ရုံးစောင့်နေအိမ်တစ်လုံး၊ ထန်တလန်မြို့ အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းအုပ်နေအိမ်တစ်လုံး ဘဏ္ဍာရေး နှစ်များအလိုက် ခွဲဝေရရှိသော ရန်ပုံငွေအပေါ် မူတည်၍ အသစ်ဆောက်လုပ်ပေးထားပြီး ဖြစ်ပါကြောင်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ချင်းပြည်နယ်အတွင်း ဦးစားပေး အစီအစဉ်များအရ ဆရာ ဆရာမ ဝန်ထမ်းအိမ်ရာ ၁၀ လုံးအား ငွေလုံးငွေရင်းရန်ပုံငွေ လျာထားချက်စာရင်းတွင် ထည့်သွင်းတောင်းခံခဲ့သော်လည်း ထန်တလန်မြို့နယ်အတွက် ပါဝင်ခြင်း မရှိသေးပါကြောင်းနှင့် နောင်လာမည့် ဘဏ္ဍာရေးနှစ်တွင် သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့၏ အစီအမံဖြင့်သာ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပညာရေးဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ ရှင်းလင်းဖြေကြားအပ်ပါကြောင်း။

ပြည်သူ့ကျန်းမာရေးဦးစီးဌာနသည် ထန်တလန်မြို့ပေါ်၌ ဝန်ထမ်းရှစ်ဦးရှိပါကြောင်း၊ အဆိုပါ ရှစ်ဦးအနက် လေးဦးမှာ ဒေသခံများဖြစ်၍ ကိုယ်ပိုင်အိမ်ဖြင့် နေထိုင်ကြပြီး ကျန်လေးဦးမှာ အိမ်ငှား၍ နေထိုင်ကြပါကြောင်း၊ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ပေးနိုင်ရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံးဝင်းအတွင်း မြေဧရိယာ ၇ ဒသမ ၅ ဧက ရှိပြီးဖြစ်သဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ရန်ပုံငွေရရှိရေးအတွက် ဦးစားပေး အစီအစဉ်ဖြင့် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် ထန်တလန်မြို့နယ် ဆေးရုံအတွက် နှစ်ခန်းတွဲ ဆရာဝန်အိမ်ရာနှစ်လုံး ဆောက်လုပ်ပေးနိုင်ရန် ခွင့်ပြုရန်ပုံငွေ ၈၅ သန်း ရရှိခဲ့ပြီး ခြောက်ခန်းတွဲနှစ်ထပ် ဝန်ထမ်းအိမ်ရာတစ်လုံး ဆောက်လုပ်ပေးရန်အတွက် ကျပ်သန်း ၃၀၀ လျာထားတင်ပြတောင်းခံခဲ့ရာ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၀၀ ရရှိပါသဖြင့် လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန အဆောက်အအုံဦးစီးဌာနသို့ လုပ်ငန်းအပ်နှံထားပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ပေါင်းစပ်ဖြေကြားချက်အရ သိရှိရပါကြောင်း။



**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှေ့မှောက်၌ ကတိသစ္စာပြုစဉ်။**

သို့ဖြစ်၍ ထန်တလန်မြို့နယ်တွင် လာရောက်တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများ အိမ်ရာရရှိရေးအတွက် ဘဏ္ဍာရေးနှစ်များအလိုက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ချင်းပြည်နယ်အစိုးရအဖွဲ့တို့မှ စီမံဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင်လည်း ထပ်မံတောင်းခံပြီး ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ဆောက်လုပ်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ် ၄ မှ ဦးလင်းတင်ဌေး၏ **မွန်ပြည်နယ် ချောင်းဆုံမြို့နယ်အတွင်းရှိ ပလိုင်ဝမ်းကျေးရွာကို မြို့နယ်နိမိတ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ**မေးခွန်းနှင့် စပ်လျဉ်း၍ ချောင်းဆုံမြို့သည် အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်နှင့် တိုးချဲ့ရပ်ကွက်ဟူ၍ ရပ်ကွက် ၃ ရပ်ကွက်ရှိပြီး မြို့နေလူထု၏ မြေပိုင်ဆိုင်မှု အာမခံချက်ရရှိရေးအတွက်လည်းကောင်း၊ နှစ်ရှည်မြေငှားဂရန်ချထားပေးနိုင်ရေးအတွက်လည်းကောင်း မူလသတ်မှတ်ခဲ့သည့် နယ်နိမိတ် အတိုင်းအတာအရ ဦးပိုင်တစ်ခုချင်းအလိုက် ကွက်စိပ်၊ ကွက်ကျဲ တိုင်းတာခြင်းလုပ်ငန်းများကို ယခင်ကဆောင်ရွက်ခဲ့ခြင်း မရှိသဖြင့် ဆောင်ရွက်နိုင်ရေးအတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေတွင် တင်ပြတောင်းခံထားရှိပြီး ဖြစ်ပါကြောင်း။

ပလိုင်ဝမ်းအိမ်စုသည် ၁၉၇၂ ခုနှစ်တွင် မြို့မြေသတ်မှတ်စဉ်က ပါဝင်ခဲ့မှုမရှိဘဲ ကွင်းတဲများအနေဖြင့်သာ တည်ရှိကာ ဒေသအခေါ်ပလိုင်ဝမ်းကွင်းအား အစွဲပြု၍ ခေါ်ဝေါ်ခြင်းဖြစ်ပြီး ချောင်းဆုံ- မော်လမြိုင်ကားလမ်းဘေးတွင် ယခင်ကတည်းက အဆောက်အအုံများ ဆောက်လုပ်၍ အစုအဖွဲ့ဖြင့်နေထိုင်လာခြင်းဖြစ်ပါကြောင်း၊ မြို့ဧရိယာသတ်မှတ်ထားသော ချောင်းဆုံအရှေ့ရပ်ကွက်နှင့် ပလိုင်ဝမ်းအစု(ခ)အကွက် ၁ တည်ရှိသော နေရာတို့သည် တစ်ဆက်တစ်စပ်တည်းမရှိဘဲ ၎င်းဧရိယာနှစ်ခုကြားတွင် ကွက်သစ်အစု(ခ)အကွက် ၂ တည်ရှိပါကြောင်း၊ ကွက်သစ်အစု (ခ) အကွက် ၂ သည် ပလိုင်ဝမ်းကွင်းတွင်ရှိသော လယ်မြေနှင့် ဥယျာဉ်ခြံမြေများတွင်ရှိပြီး အိမ်ခြေ ၁၇၄ လုံး၊ လူဦးရေ ၁၀၂၂ ဦး နေထိုင်လျက်ရှိပါကြောင်း။

ချောင်းဆုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အဆိုပါအစုနှစ်စုအား ဘဏ္ဍာရေးနှစ်အလိုက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ချောင်းဆုံအရှေ့ရပ်ကွက်ရှိ မူလမြေအဖြစ်သတ်မှတ်ထားသည့် ဧရိယာမှ ပလိုင်ဝမ်းအစု ဧရိယာအထိ မြို့မြေအဖြစ်တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ သို့ရာတွင် မြို့မြေအဖြစ် သတ်မှတ်ထားသော ၆၁၁ ဒသမ ၇၆ ဧက အား ကွက်စိပ်၊ ကွက်ကျဲ တိုင်းတာခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခြင်းမရှိသေးမီ ရပ်ကွက်များ၏စီမံခန့်ခွဲမှုအောက်တွင်ရှိသော လယ်မြေ၊ ဥယျာဉ်ခြံမြေများတွင် ပလိုင်ဝမ်းကဲ့သို့သော အိမ်အစုအဖွဲ့များရှိသည့်အတွက် ပလိုင်ဝမ်းတစ်ခုတည်းကိုသာ မြို့မြေအဖြစ် တိုးချဲ့ဖွဲ့စည်းမည်ဆိုပါက အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း။

သို့ဖြစ်ပါ၍ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်တွင် မြို့ပေါ် ၃ ရပ်ကွက်ရှိ မူလမြေအဖြစ် သတ်မှတ်ခဲ့သည့် ၆၁၁ ဒသမ ၇၆ ဧကအား ကွက်စိပ်၊ ကွက်ကျဲတိုင်းတာခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မွန်ပြည်နယ်အစိုးရအဖွဲ့ ဖြည့်စွက်ရန်ပုံငွေတွင် ထည့်သွင်းတောင်းခံထားရှိပြီး ဖြစ်ပါကြောင်း၊ ဘဏ္ဍာငွေရရှိပါက တိုင်းတာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပလိုင်ဝမ်းအစုအပါအဝင် အခြားအစုများအား မြို့မြေတိုးချဲ့ဖွဲ့စည်း သတ်မှတ်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း ဖြေကြားသည်။

ယင်းနောက် တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၁၁ မှ ဒေါက်တာခင်မောင်ဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၇ မှ ဦးကျော်တုတ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၁၁ မှ ဦးကျော်ဆွေတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးတို့က ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၈ ( ပြည်တွင်း ပြည်ပ အလုပ်သမားဆိုင်ရာကော်မတီဥက္ကဋ္ဌ) ဦးကျော်ထွေးက အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာတွင် အငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ၂၀၁၂ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၅ ဖြင့် ၂၀၁၂ ခုနှစ် မတ်လ ၂၈ ရက်တွင် ပြဋ္ဌာန်းခဲ့ပါကြောင်း၊ အလုပ်သမားများ၏ အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန်လည်းကောင်း၊ အလုပ်သမားနှင့် အလုပ်ရှင်အကြား ဆက်ဆံရေးကောင်းမွန်ပြီး လုပ်ငန်းခွင် အေးချမ်းသာယာစေရန်လည်းကောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးခြင်းဖြင့် ရပိုင်ခွင့်များကို မျှတမှန်ကန်စွာနှင့် မြန်ဆန်စွာရရှိခံစားနိုင်စေရန် ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်ဟု နိဒါန်းတွင် ဖော်ပြထားပါကြောင်း။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ပြင်ဆင်သည့်ဥပဒေ ထပ်မံပြဋ္ဌာန်းပြီး မူလဥပဒေ၏ စကားရပ် ၄ ခု၊ ဥပဒေပုဒ်မ ၃ ခု ဖြည့်စွက်ခဲ့ပါကြောင်း၊ သို့သော် အမှန်တကယ် ကျင့်သုံးသည့်အခါတွင် နိဒါန်းပါမျှော်မှန်းချက်များ ပြည့်မီအောင် အကောင်အထည်ဖော်ရန် လိုအပ်ချက်များ ရှိနေသေးသည်ကို အလုပ်သမားများ၏ နစ်နာမှုတိုင်စာများအရလည်းကောင်း၊ အလုပ်သမား အဖွဲ့အစည်းများ၊ အလုပ်ရှင်အဖွဲ့အစည်းများ၊ တာဝန်ထမ်းဆောင်ခဲ့သည့် ခုံကောင်စီဝင်လူကြီးအချို့နှင့် တွေ့ဆုံဆွေးနွေးမှုများအရ ကော်မတီမှ တွေ့ရှိရပါကြောင်း။

ထို့ကြောင့် ဥပဒေကို လေ့လာသုံးသပ်ရာတွင် ဝေါဟာရများ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုအပ်ချက်များရှိခြင်း၊ အချို့ဝေါဟာရများ မလိုအပ်တော့ခြင်း၊ ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၊ ခုံသမာဓိအဖွဲ့၊ ခုံကောင်စီဖွဲ့စည်းမှုပုံသဏ္ဌာန်နှင့် လုပ်ငန်းစဉ်တို့သည် လက်တွေ့ဖြေရှင်းရာတွင် ကိုယ်စားပြုမှုနှင့် အလုပ်သမားထု၏ ယုံကြည်မှုအားနည်းခြင်း၊ ဥပဒေနှင့်အညီ ပြစ်မှုပြစ်ဒဏ်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မျှမျှတတနှင့် လက်တွေ့ကျကျ လိုက်နာနိုင်ရန်တို့အတွက် ပြင်ဆင်ရန် လိုအပ်သည်ဟု

**စာမျက်နှာ ၇ သို့** ◆

# ကြေးမုံဖတ်ကြည့်

— ကျော်စောမင်း —

**၁။ လူငယ်စာပေ**

ကလေးစာပေနှင့် လူငယ်စာပေကို ရေးလေ့ရှိသူတချို့တွင် တွေ့ရသော ယေဘုယျလက္ခဏာများရှိသည်။ ပညာပေးမည်၊ ရိုက်သွင်းမည်၊ ကိုယ့်အမြင်ကို အဓိကထားမည်။ ကလေးစာပေမှာ အရေးရခက်လှသော စာအမျိုးအစားထဲတွင် (ကဗျာတို့၊ အက်ဆေးတို့နှင့်အတူ)ပါဝင်သည်။ လူငယ်စာပေကတော့ ထိုမျှမခက်ခဲသည့်တိုင် ပေါ့သေးသေးတော့မဟုတ်။ ကြီးကောင်ဝင်စ စိတ်ပညာ (Adolescence Psychology)ကို နားမလည်ဘဲနှင့်မရ။ ကလေးစာပေကမှ Child Psychology ကို သိပ်မသိဘဲ ရေးလို့ရသေးသည်။ လူငယ်စာပေတော်တော်များများသည် ကြီးကောင်ဝင်စစိတ်ပညာကို နားလည်သဖြင့် ရေးသည့်ပုံမပေါ်။ ကလေးတို့၊ လူငယ်တို့ဘက်မှ ခံစားတတ်၊ စဉ်းစားတတ်မှသာ ကလေးစာပေနှင့် လူငယ်စာပေတို့ကို ရေးလို့ရပါသည်။ ယခုတွေ့နေရသည့် ကလေးစာပေ၊ လူငယ်စာပေများတွင် အများစုမှာ ကိုယ်ပေးချင်ရာကို အတင်းအကျပ်ရိုက်သွင်းနေကြ၏။ အားဆေးကိုပင်လျှင် ချိုအောင်ဖန်တီးရသည်ကို သတိရသင့်ပါသည်။ ဆေးခါးကြီးကို အတင်းမျိုချခိုင်းလျှင် လူကြီးများပင် ရှောရှောရှူရှူ မလိုက်နာချင်ပါ။ ဤအချက်ကို မေ့နေကြသူများ အများကြီးရှိ၏။ အားရှိဖို့ ဆေးခါးတိုက်တာပဲ လက်ခံရမှာပေါ့ဟု အထက်စီးမှတွေးကြသည်။ စာပေကို ဆေးလို အတင်းတိုက်လို့ရသည်မဟုတ်ဟူသောအချက်ကို မေ့နေကြသည်။

နိုဘယ်-မြန်မာစာပေပွဲတော်တစ်ခုတွင် ကလေးစာပေကို အဓိကဦးတည်ချက်တင်၍ ကလေးစာပေဖွံ့ဖြိုးရေးလုပ်ခဲ့ကြဖူးသည်။ နိုင်ငံခြားစာပေလောကမှ ကလေးစာပေပညာရှင်များနှင့် ကလေးစာပေဖြင့် ကမ္ဘာကျော်သူများက ကလေးစာပေရေးဖို့ တွေးပုံနှင့် လုပ်ငန်းစဉ်ချပုံတို့ကို ဟောပြောကြသည်။ ဖတ်ကြားသော မြန်မာစာတမ်းများတွင် ခေတ်ဘုန်းသစ်(ပန်းရိပ်ဖြူ)၏ ကလေးစာပေတွေးပုံ၊ ရေးပုံအကြောင်း စာတမ်းမှာ လေးစားလောက်ပါသည်။ ပညာရှင်ဆန်ပြီး ဟင်းစားသာမက ကွန်ချက်များပါပြထားသည်။

ကလေးများ၊ လူငယ်များ၏မျက်လုံးကို အတင်းဖွင့်ပေးရမည်မှာ မှန်ပါသည်။ လိမ္မာယဉ်ကျေးသော ကလေးများမှ ရည်မွန်ထက်မြက်သောလူငယ်များ ဖြစ်လာကြမည်ဖြစ်၏။ ထို့ကြောင့် ကလေးဘဝတွင် ယဉ်ကျေးသည့်အမူအရာ (Manners) များ၊ ပြည်သူ့နီတိ (civics)များ၊ ဥပဒေကို လေးစားခြင်း အစရှိသည့် လူ့ကျင့်ဝတ်အခြေခံယဉ်ကျေးမှု(civility)များကို ကျောင်းတို့၊ အိမ်တို့တွင် သင်ကြားပေးပြီး ကလေးစာပေများဖြင့်လည်း တွဲခေါ်ရသည်။ ဤသို့တွဲခေါ်ရာတွင် တွဲခေါ်တတ်မှ လိုက်လာမည်ဖြစ်သည်။ လိုက်လာမှ လိမ္မာယဉ်ကျေးသော လူငယ်များဘဝသို့ တက်လှမ်းလာနိုင်မည်။

လူငယ်စာပေတွင် အရေးကြီးသောအချက်မှာ လူငယ်တို့၏ စူးစမ်းလိုစိတ်၊ စွန့်စားလိုစိတ်၊ အသိအမှတ်ပြုခံလိုစိတ်နှင့် ဗဟုသုတဖြည့်ဆည်းလိုစိတ်တို့ကို နေရာတကျ အသုံးချတတ်ရသည်။ ကြီးကောင်ဝင်ချိန်မှာ သူတို့ကို ကလေးလို နေရာတကာလိုက်သင်ကြားနေ၊ ကြီးကြပ်နေတာမျိုးကိုလည်း မခံချင်။ ထို့ကြောင့် အလိမ္မာကို စာပေထဲမှရနိုင်သည်ဆိုပြီး စာဖတ်ခိုင်းလျှင်ပင် မကြိုက်။ ကလေးဘဝကပင် စာဖတ်ကျင့်စွဲလာသူများ ဖြစ်လျှင်တော့ အထူးတိုက်တွန်းနေဖို့မလိုဘဲ စာဖတ်ကြသည်။

**၂။ ကလေးနှင့် လူငယ်တို့အတွက် တစ်အုပ်**

ကလေးစာပေတွင် အရုပ်နှင့် အရောင်များ အရေးကြီးသကဲ့သို့ပင် လူငယ်စာပေတွင်လည်း အရုပ်နှင့်အရောင်တို့ အရေးကြီးပါသည်။ ကလေးများအတွက် အရုပ်နှင့် အရောင်များက မက်လုံးဖြစ်ပြီး လူငယ်စာပေတွင်ကား အရုပ်နှင့် အရောင်များသည် သိချင်စိတ်ကို ဖြည့်ဆည်းပေးသည်။ အောက်ချင်းငှက်အကြောင်း စာနှစ်မျက်နှာဖွဲ့သည်ထက် စာတစ်မျက်နှာနှင့် ရောင်စုံပုံတစ်ပုံက ပို၍ထိရောက်ပါသည်။ မီးဖိုချောင်သုံးပစ္စည်းများဖြင့် ဓာတုဗေဒလက်တွေ့စမ်းသပ်နည်းကို ရုပ်ပုံများအကူအညီဖြင့် ရှင်းလင်းစွာရေးပြလျှင် ချက်ချင်းထလုပ်ကြည့်ချင်လာလိမ့်မည်။







သစ်ပင်များ၊ မြစ်ဝကျွန်းပေါ် ဒီရေတောများသည် သက်ရှိနှင့် သက်မဲ့တို့ကြားတွင်ရှိသော ဂေဟစနစ် (ecosystem)ကို ထိန်းညှိပေးလေသည်။ သစ်ပင်များပြုန်းလျှင် ရာသီဥတုဖောက်ပြန်မည်။ ဒီရေတောပြုန်းလျှင် ရေငန်ဝင်ရာဒေသများတွင် သဘာဝဝန်းကျင်မှအစ လူတို့၏ရှင်သန်နေထိုင်ရေးအထိ ပျက်စီးမည်။ သစ်ပင်များကို ကာကွယ်ရန်အတွက် သစ်တောနဲ့သစ်ပင်၊ ချစ်ခင်တဲ့လူမျိုး အစရှိသော ဆောင်ပုဒ်များဖြင့် ဝါဒဖြန့်လာကြရသည်။ တိုက်ဆိုင်မှုပဲလား၊ မြန်မာ့အလွမ်းဇာတ်(Myanmar Tragedy) ပဲလားမသိ။ ဤသို့ နှိုးဆော်သော ခေတ်ကျမှပဲ ကျွန်းတောတွေ၊ အင်ကြင်းတောတွေ၊ ပျဉ်းကတိုးတောတွေ၊ ပိတောက်တောတွေက အကွက်လိုက် အကွက်လိုက် စာရင်းပျောက်သွားကြသည်မှာ ယခင်စိမ်းလန်းအုပ်မှောင်နေသော မြေပြင်ကို ယခုအခါ ဝေဟင်မြင်ကွင်း (Aerial View) ဖြင့်ကြည့်လျှင် ဘုန်းကြီးကျောင်းသားခေါင်းမှာ ဒက်ပေါက်သလိုဖြစ်လာကြရသည်။ အရင်းမစိုက်လှေထိုးလိုက်သူ ခေတ်ပျက်သူဌေးတို့၏ဒဏ်ကို ပထမဆုံးဖော်ထုတ်ညည်းညူပြကြသူများမှာ မိုးလေဝသနှင့်ဇလဗေဒပညာရှင်များဖြစ်သည်။ ဒုတိယကန့်ကွက်သူများမှာ သစ်တောပညာရှင်များဖြစ်ကြသည်။ တတိယအုပ်စုက အသံအကျယ်ဆုံးနှင့် လှုပ်ရှားမှုအများဆုံးအုပ်စုဖြစ်သည့် ပတ်ဝန်းကျင်သမားများ။

စာရေးသူ ကိုရင်လှသည် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် တစိုက်မတ်မတ်လှုံ့ဆော်၊ ရေးသား၊ ဟောပြော၊ သင်တန်းပေးနေသူတစ်ဦးဖြစ်သည်။ သစ်တောပညာရှင်များလည်းဖြစ်၍ နည်းပညာအားဖြင့် အားထားလောက်သူဖြစ်သည်။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိစ္စကို လူငယ်များမှတစ်ဆင့် ဖြန့်ဝေခြင်းသည် အထိရောက်ဆုံးနည်းဖြစ်သည်ဟု သူခံယူပုံရသည်။ အရုပ်များ၊ အရောင်များနှင့် စွဲမက်ဖွယ်ဖွဲ့စည်းထားသည်ကို လူငယ်စာပေ၏ စာအုပ်လက္ခဏာကောင်းတစ်ခုဟု မြင်ပါသည်။ ကလေးစာပေ၊ လူငယ်စာပေဆိုလျှင် ကိုယ်ရေးတာ၊ ကိုယ့်တူကိုယ့်သားရေးတာလောက်ကိုပဲ စာပေဟုထင်နေသူများပါ ကြိုက်နိုင်မည့် စာအုပ်ဟုယူဆပါကြောင်း။

**ကိုရင်လှ**
**တို့ကမ္ဘာကြီးလှပါစေ**
**ရွှေကလောင်စာပေ**
**၂၀၁၇ စက်တင်ဘာ**

**၃။ မပိန်းသောပိန်း**

လွန်ခဲ့သော ၁၀ နှစ်ကျော်မှစ၍ တွင်ကျယ်လာသော မြန်မာဗန်းစကားတစ်လုံးမှာ ပိန်းဖြစ်၏။ ကလေးသရုပ်ဆောင် ဟဲဗီးဖြိုးက သွားတိုက်ဆေးကြော်ငြာတစ်ခုတွင် ဦးလေးတို့ကလည်း တော်တော်ပိန်းတာပဲဟု ကြားလိုက်ရသည်။ ပိန်းပိတ်သည်၊ Plain ဖြစ်လွန်းသည်၊ ရိုးစင်းလွန်းသည်ဟု ဆိုလိုသည်။ နလပိန်းတုံးမှ ဆင်းသက်လာဟန်ရှိပါသည်။ လူပြိန်း(လူပိန်း)မှ ဆင်းသက်လာသည်ဟုလည်း ပြောနိုင်မည်ထင်သည်။

တောမ် (Tom) သည် သောမတ်စ် (Thomas) ၏ အတိုကောက်ဖြစ်သည်။ Thomas Paine ကို Tom Paine ဟု အခေါ်များကြသည်။ မြန်မာစာတွင် Tom ကို တွမ်ဟု ရေးလေ့ရှိပြန်ရာ တွမ်နှင့် ပိန်း ပေါင်းတော့ ပိုဆိုးသွားပြန်သည်။ မြန်မာဝေါဟာရတွင် တွမ်ဟူသော ဗန်းစကားမှာ လိမ်ညာလှည့်ဖြားခြင်းကိုဆို၏။ လူလိမ်များကို တရားစွဲရသည့် ပုဒ်မက ရာဇသတ်ကြီးပုဒ်မ ၄၂၀ ဖြစ်သည်။ အင်္ဂလိပ်လို ဖိုးတွမ်တီး ဟုခေါ်သည်။ ထိုမှ တွမ်ဟူသော စကားထွက်လာခြင်းဖြစ်သည်။ (ကြုံတုန်း ပေါ်တင်ဆိုသော စကားကို ရှင်းရပါဦးမည်။ ဘိလိယက်စကား (Potting) မှလာသည်။ တွင်းထဲတိုက်ရိုက်ထိုးထည့်ခြင်းဖြစ်သည်။ ထို့ကြောင့် အသွယ်အဝိုက်မပါ၊ တိုက်ရိုက်တဲ့တိုးပြောဆိုခြင်းကို ပေါ်တင်ပြောသည်ဟု သုံး၏။ တုတ်ထိုးအိုးပေါက်ပြောဆိုသည်ဟု အသုံးရှိပါသည်)

တွမ်နှင့် ပိန်းကို ပေါင်းလိုက်တော့ ဗန်းစကားအနေဖြင့် တစ်ခုမှမကောင်းတော့ပေ။ ထုံထုံကြီးနှင့် လိမ်စားသူဟု အဓိပ္ပာယ်ထွက်လေသည်။

သို့သော် တွမ်ပိန်းကား တကယ်ကြီးမြတ်သော တွေးခေါ်ရှင်ဟု ယူဆခြင်းခံရနိုင်သူဖြစ်သည်။ အင်္ဂလိပ်ဖြစ်သော်လည်း အင်္ဂလိပ်နှင့် အမေရိကန် ကိုလိုနီတို့စစ်ဖြစ်သော အမေရိကန်လွတ်လပ်ရေးတိုက်ပွဲတွင် အမေရိကန်ဘက်မှနေသူ၊ ပြင်သစ်တော်လှန်ရေးကြီးတွင် ပဲ့ကိုင်လမ်းညွှန်သူ၊ ဥရောပနိုင်ငံငယ်လေးများကို ဒီမိုကရေစီနိုင်ငံတော် တည်ထောင်ကြရန် မျိုးစေ့ချပေးသူဖြစ်သည်။

သူက သတင်းစာဆရာဖြစ်သည်။ သို့သော် သူ့အကြောင်းကိုပြောလျှင် pamphleteer ဟူသော ဂုဏ်ပုဒ်ဖြင့် ဖော်ပြလေ့ရှိကြ၏။ ထင်မြင်ချက်များကို ကြော်ငြာစာ/ကြေညာစာတမ်းအသွင် ပုံနှိပ်ဝေငှသူဟု ဆိုရမည်။

လူထုကို စည်းရုံးရာတွင် ဤသို့စာရွက်ဝေ၍ စည်းရုံးခြင်းမှာ တိုက်ရိုက်ကျသဖြင့် မြန်ဆန်ထိရောက်လှသည်။ ကျွန်တော်တို့အနေအထားမှ မှန်းကြည့်ရသည်က သူ့ကြေညာချက်တွေရေးမည်၊ ထို့နောက် လိုက်ဝေမည်ဟူ၍သာဖြစ်သည်။ အမှန်က ထိုသို့မဟုတ်၊ သကြၤန်စာရောင်းသလို၊ ဗေဒင်ဟောစာတမ်းရောင်းသလို ရောင်းခြင်းဖြစ်သည်။ သူ့စာတမ်းတချို့ဆိုလျှင် သိန်းနှင့်ချီရိုက်ရပါသည်။ စာတမ်းတွေ၊ ကြေညာချက်တွေ အများကြီးရေးခဲ့သူဖြစ်ရာ ငွေကြေးအကျိုးအမြတ် အလွန်ကြီးမားလိမ့်မည်ဟု ထင်စရာရှိသည်။ သူမချမ်းသာခဲ့ပါ။ ထပ်ဆင့်ကူး၍ ရိုက်နှိပ်ရောင်းချကြသောကြောင့် သူမရသလောက်ရှိခြင်းဖြစ်သည်။ သို့သော် ဤလို ဖြန့်ဝေမှုက သူ့ကို နိုင်ငံရေးသုခမိန်အဖြစ် ကြီးမြတ်သွားစေပါသည်။

ပထမဆုံးစာတမ်းဖြစ်သော Common Sense (ရှင်းရှင်းတွေး)စာတမ်းမှာ ပဒေသရာဇ်အုပ်ချုပ်ရေးကို ဝေဖန်ပြီး ဒီမိုကရေစီအုပ်ချုပ်ရေးကို မျိုးစေ့ချပေးခြင်းဖြစ်သည်။ ထိုစဉ်က လူနှစ်သန်းသာရှိသော အမေရိကန်ကိုလိုနီတွင် စောင်ရေ ငါးသိန်းအထိ ရောင်းချရသည်။ သမ္မာကျမ်းစာပြီးလျှင် အရောင်းရဆုံးစာအုပ်(ငယ်) ဟု သမိုင်းဝင်ပါသည်။ တွမ်ပိန်းကို မသိကြသူများသည် ကုလသမဂ္ဂအဖွဲ့မှ ပြဋ္ဌာန်းသော လူ့အခွင့်အရေးကြေညာစာတမ်း (Bill of Human Rights) ကို သိဖူးကြားဖူးကြပါလိမ့်မည်။ ဤကြေညာချက်၏ မြစ်ဖျားခံရာမှာ တွမ်ပိန်းပင်ဖြစ်သည်။ ကုလသမဂ္ဂက ဒုတိယကမ္ဘာစစ်ကြီးပြီးမှ ပေါ်ပေါက်လာခြင်းဖြစ်သည်။ တွမ်ပိန်း၏ The Rights of Man က ၁၇၉၁ ခုနှစ်တွင် ရေးသားခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၁၅၀ ကျော်စောသည်။ ယခုအချိန်မှတွက်လျှင် လွန်ခဲ့သော နှစ်ပေါင်း ၂၃၀ နီးပါးက ရေးသားခဲ့ခြင်းဖြစ်သည်။

တွမ်ပိန်း၏ အမေရိကန်တော်လှန်ရေးနှင့် ပြင်သစ်တည်ဆောက်ရေးများတွင် အရေးပါသောနေရာမှ ပါဝင်ကူညီခဲ့၍ သူ့ကို အမေရိကန်ဟုပဲ လူသိများပါသည်။ သူ့ကို American Political Activist (နိုင်ငံရေးလှုံ့ဆော်သူ)၊ Philosopher (ဒဿနပညာရှင်)၊ Political Theorist (နိုင်ငံရေးလမ်းစဉ်ချသူ)နှင့် Revolutionary (တော်လှန်ရေးသမား)ဟု ဖော်ပြလေ့ရှိကြပါသည်။

**မောင်ဝံသ**
**နိုင်ငံရေးစာရေးဆရာ တွမ်ပိန်း**
**ဒေါင်းစာပေ**
**ဇူလိုင် ၂၀၁၁**

**၄။ ပြဇာတ်စာပေ**

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် ပြဇာတ်စာပေ ထွန်းကားခဲ့သော ခေတ်တစ်ခေတ်ရှိခဲ့၏။ ရတနာပုံခေတ်တွင် ပြဇာတ်စာပေ စတင်ထွန်းကားသည်ဟု ဆိုနိုင်ပါသည်။ သို့သော် ပြဇာတ်စာပေအစစ်တော့မဟုတ်။ ဤကား ထိုခေတ်တွင်တော့ စာပေ၌ခေတ်စားသော ပြဇာတ်သဘောမျိုးမဟုတ်။ နန်းတွင်း၌ခင်းကျင်းကပြသော တော်ဝင်စတိုင်ဟု ခေါ်ရမည့် ထီးဟန် နန်းဟန် အပြောများနှင့် ဇာတ်ခင်းကြခြင်းဖြစ်သည်။ ဒေဝကုမ္ဘာဏ်၊ ဝိဇယ၊ ရေသည်ပြဇာတ်များတွင်ကား ထီးသုံးနန်းသုံးဟန်များ လျော့လာသည်ကို တွေ့ရသည်။

ကိုလိုနီခေတ်ရောက်သောအခါ ဇာတ်ပွဲများ ခေတ်စားလာသည်။ ညဉ့်နက်ပိုင်းတွင် ခင်းကျင်းပြသော နောက်ပိုင်းဇာတ်တော်ကြီးဟု ရှိလာသည်။ ငါးရာ့ငါးဆယ် နိပါတ်တော်တို့၊ သမိုင်းဇာတ်လမ်းတို့ကပြလာကြသည်။ စကားပြောများ၊ ငိုချင်းများ၊ ပတ်တိုက်များ ရေးပေးရသော စာရေးဆရာတို့ ပေါ်လာသည်။ အချို့စာရေးဆရာများက နောက်ပိုင်းဇာတ်ကြီးအဖြစ်သို့ရောက်လောက်အောင်လည်းမရှည်၊ ဗုဒ္ဓဝင်၊ မဟာဝင်၊ ရာဇဝင်များမှလည်း ကင်းလွတ်သော စိတ်ကူးဇာတ်လမ်းများကို ရေးစမ်းကြည့်ကြသည်။ ရွှေတိဂုံဘုရားအမှူးကို ကျားအဖူးတက်ခြင်း ဆိုသော ပြဇာတ်ကဲ့သို့ ခေတ်ပေါ်ဖြစ်ရပ်များကိုလည်း ဇာတ်လမ်းဆင်ကြသည်။ နောက်ပိုင်းဇာတ်အဖြစ် အံမဝင်သော်လည်း စာအုပ်အဖြစ် ထုတ်ဝေလိုက်သည့်အခါ အရောင်းတွင်ကျယ်သွားသည်။ ကျေးလက်နေမြန်မာများ ဝိုင်းဖွဲ့နားဆင်ပြီး စိတ်ကူးယဉ်ကြည့်စရာ အနုပညာဖြစ်လာသည်။ ဌာန်ကရိုဏ်းကျကျဖတ်ပြတတ်သူက အဆိုအငိုများတွင်ပါ အသံနှင့် သရုပ်ဖော်သောအခါ လူတိုင်းကြိုက်သည့် ဖျော်ဖြေရေးဖြစ်သွားပါသည်။ ဇာတ်လမ်းကတော့ သုံးချက်ညီဝတ္ထုလိုပင် ဇာတ်အိမ်တည်၊ ဘေးဒုက္ခတွေ အရှုပ်အရှင်းတွေကြုံ၊ ပြဿနာပြေလည်(အခင်း၊ အခက်၊ အဖြေ)ဆိုသော လမ်းကြောင်းကို အသေယူထားသည်။ သိကြားမင်း ဆင်းကယ်ခြင်း၊ ရှေးဘဝက ဆွေမျိုးတော်ခဲ့သော ရုက္ခစိုးနတ်က ဝင်ရောက်ဖြေရှင်းပေးခြင်း ဆိုသည့်ပုံစံကို တော်တော်တွေ့ရသည်။

ဘိုင်စကုပ်ဟုခေါ်သော ရုပ်ရှင်ပေါ်လာသောအခါ ပြဇာတ်စာအုပ်များ ခေတ်တိမ်သွားသည်ဟု ယူဆသူများရှိကြသည်။ ပြဇာတ်တွေထွက်လွန်း၍ ပရိသတ်က အီသွားခြင်းဟု ကျွန်တော်ယူဆပါသည်။ သူ့ထက်ငါကောင်း ဆန်းဆန်းကြယ်ကြယ် ဇာတ်လမ်းဖွဲ့ရသည်။ တက်သုတ်ရိုက်ရေးရသဖြင့် ကဗျာသွား၊ စာသွားက မခံ့ညားတော့။ ဟိုလူဝင်ရေး၊ သည်လူဝင်ရေးနှင့် ရေးလာကြသည့်အခါ အချို့မှာ မနိုင်ဝန်ကို ထမ်းမိလျက်သား ဖြစ်သွားသည်။ သဘင်ဗဟုသုတရှိပြီး ရှေးဟောင်း

စာမျက်နှာ ၇ သို့

# သေဒဏ်ကို တရားဝင် ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် အာရှပစိဖိတ်အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (APF) ၏ ပံ့ပိုးမှုဖြင့် သေဒဏ်ကို တရားဝင် ဆိုင်းငံ့ခြင်းနှင့် စပ်လျဉ်းသည့် အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ နေပြည်တော်ရှိ Hotel Max တွင် ကျင်းပခဲ့သည်။ အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စု ဒုတိယရှေ့နေချုပ် ဦးဝင်းမြင့်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ လွှတ်တော်ကိုယ်စားလှယ်များ၊ အစိုးရဝန်ကြီးဌာနများမှ အကြီးတန်းအရာရှိများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးအရာရှိများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲ၌ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက မြန်မာနိုင်ငံ၌ ကြီးလေးသော ပြစ်မှုများကို ကျူးလွန်သူများအား သေဒဏ်ချမှတ်မှုများရှိသော်လည်း ၁၉၈၈ ခုနှစ်မှစ၍ အကောင်အထည်ဖော်ခြင်းမရှိတော့သဖြင့် လက်တွေ့လုပ်ဆောင်မှုအရ သေဒဏ်ဖျက်သိမ်းသည့်သဘောဟု နိုင်ငံတကာက အပြုသဘောယူဆကြပါကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲ တက်ရောက်သူများအနေဖြင့် မိမိတို့၏လုပ်ကိုင်ဆောင်ရွက်မှုများကိုအခြေခံ၍ သေဒဏ်ကို တရားဝင်ဆိုင်းငံ့ခြင်းနှင့်စပ်လျဉ်း၍ အမြင်သဘောထားများကို လွတ်လပ်စွာ ဆွေးနွေးပြောကြားကြပါရန် မေတ္တာရပ်ခံပါကြောင်း ပြောကြားသည်။



ယူနိုက်တက်ကင်းဒမ်းနိုင်ငံ ဘာမင်ဂမ်တက္ကသိုလ် ဥပဒေဌာနပါမောက္ခနှင့် လူ့အခွင့်အရေးဌာန ညွှန်ကြားရေးမှူး Dr. Jon Yorke က သေဒဏ်ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ကုလသမဂ္ဂ၏ ဆောင်ရွက်မှုများနှင့် တစ်ကမ္ဘာလုံး သေဒဏ်ဖျက်သိမ်းရေးကို ရည်ရွယ်သည့် နိုင်ငံတကာ လှုပ်ရှားဆောင်ရွက်မှုများကို လူ့အခွင့်အရေး ရှုထောင့်မှ ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က သေဒဏ်ချမှတ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များ၊ မြန်မာနိုင်ငံစီရင်ထုံးများနှင့် အစဉ်အလာများအပေါ် ခြုံငုံသုံးသပ်တင်ပြခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အဖွဲ့ဝင် ဦးခင်မောင်လေးက သေဒဏ်ပယ်ဖျက်ရေး ဆဋ္ဌမအကြိမ် ကမ္ဘာ့ညီလာခံနှင့် ပတ်သက်သည့် အတွေ့အကြုံအမြင်များကို သုံးသပ်တင်ပြခြင်းခေါင်းစဉ်ဖြင့် လည်းကောင်း ရှင်းလင်းတင်ပြ ဆွေးနွေးကြသည်။

အဆိုပါ တင်ပြဆွေးနွေးချက်များအပေါ် အလုပ်ရုံဆွေးနွေးပွဲတွင် ပါဝင်တက်ရောက်ကြသူများက သေဒဏ်တရားဝင် ဆိုင်းငံ့ခြင်းဖြင့် ပြည်တွင်း ဥပဒေများကို အထောက်အကူပြုစေမှုများနှင့် နိုင်ငံတကာမျက်နှာစာတွင် ရရှိနိုင်မည့် အကျိုးကျေးဇူးများကို ဆွေးနွေးအကြံပြုကြသည်။ မြန်မာနိုင်ငံအနေဖြင့် လက်ရှိအချိန်တွင် သေဒဏ်ကို လက်တွေ့အကောင်အထည်ဖော်ဆောင်ခြင်း မရှိသဖြင့် ပြည်တွင်းပြည်ပ အကျိုးကျေးဇူးများရရှိနိုင်စေရန် သေဒဏ်ကို တရားဝင်ဆိုင်းငံ့ရေးအတွက် အစိုးရအနေဖြင့် စဉ်းစားသင့်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဇမ္ဗူသီရိ ဆေးရုံတွင် မျက်စိ အခမဲ့ ခွဲစိတ်ကုသခြင်းကို နိုဝင်ဘာ ၂ ရက်မှ ၄ ရက် အထိ ဆောင်ရွက်ပေးမည်

**နေပြည်တော် နိုဝင်ဘာ ၁**

လေးကျွန်းသူဖောင်ဒေးရှင်းနှင့် မြန်မာ Lifeline Express Foundation (CHINA) တို့ ပူးပေါင်းဆောင်ရွက်သော ၂၀၁၇ မျက်စိ အလင်းပြခရီးစဉ် ဆောင်ရွက်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်းဆေးရုံကြီး၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန Honorary Poverty Alleviation Ambassador, Madam Le Aimei၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံး သံအမတ်ကြီး မစ္စတာ ဟုန်လျန်၊ တရုတ် ပြည်သူ့သမ္မတနိုင်ငံ The China Council for the promotion of international trade ၏ Former President, H.E. Mr. Yu Xiaosong၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်း အတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဆေးရုံအုပ်ကြီးများ၊ ပါမောက္ခ၊ ဌာနမှူးများ၊ Lifeline Express Foundation (CHINA) ဥက္ကဋ္ဌ Mrs. Nellie Fong၊ လေးကျွန်းသူဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဒေါက်တာ မြသီတာတို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။




ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စတာဟုန်လျန်တို့က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် အတွင်းတိမ် ခွဲစိတ်ပြီး မျက်စိဝေဒနာရှင် သုံးဦးအား ပတ်တီးခွာပေးပြီး မျက်မှန်များ တပ်ဆင်ပေးခဲ့ရာ ၎င်းမျက်စိဝေဒနာရှင် သုံးဦးသည် အမြင်အာရုံ ပြန်လည်ရရှိသွားခဲ့သည်ကို ဝမ်းမြောက်ကြည်နူးဖွယ် တွေ့ရှိရသည်။

၂၀၁၇ မျက်စိအလင်းပြခရီးစဉ်ကို အောက်တိုဘာ ၁၉ ရက်မှ ၂၄ ရက်ထိ တောင်ကြီး၊ စဝ်စံထွန်းဆေးရုံကြီးတွင်လည်းကောင်း၊ အောက်တိုဘာ ၂၆ ရက်မှ ၂၈ ရက်ထိ နေပြည်တော် ဥတ္တရသီရိမြို့နယ်ရှိ မျက်စိ၊ နား၊ နှာခေါင်းနှင့် လည်ချောင်း ဆေးရုံကြီးတွင် လည်းကောင်း၊ Henan Provincial People's Hospital မှ မျက်စိအထူးကု ဆရာဝန်ကြီးများနှင့် ဒေသခံ မြန်မာ မျက်စိ အထူးကု ဆရာဝန်ကြီးများ ပူးပေါင်းကာ အခမဲ့မျက်စိစစ်ဆေး၍ လူနာ ၅၀၀ ခန့်အား(အတွင်းတိမ်) ခွဲစိတ်ကုသမှု ဆောင်ရွက်ပေးခဲ့ပြီး နိုဝင်ဘာ ၂ ရက်မှ ၄ ရက်ထိ ဇမ္ဗူသီရိဆေးရုံတွင် ဆက်လက် ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

◆ **စာမျက်နှာ ၅ မှ**

ကော်မတီမှ သုံးသပ်မိပါသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ရှေ့နေချုပ်ရုံးမှ တာဝန်ရှိသူများ၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်မှ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး အလုပ်သမားရေးရာအငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်ရန် မဖြစ်မနေလိုအပ်နေပါသဖြင့် ကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တင်သွင်းရခြင်းဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ အလုပ်ရှင်နှင့် အလုပ်သမား အငြင်းပွားမှုများ တရားမျှတစွာ ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဤဥပဒေကြမ်းအား တင်သွင်းရခြင်းဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က လက်ခံဆွေးနွေးနိုင်ပါရန် အဆိုတင်သွင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းအဆိုနှင့် စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် ၈ မှ ဒေါ်အိအိပြုံးက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းအား လက်ခံဆွေးနွေးရန် သင့် မသင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူရာ လွှတ်တော်က လက်ခံ ဆွေးနွေးရန် ဆုံးဖြတ်ကြောင်းနှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲအပ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နဝမနေ့ကို နိုဝင်ဘာ ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **အောင်ရဲသွင်**

✪ **စာမျက်နှာ ၆ မှ**

ပျို့ကဗျာမှအစ ဓမ္မသတ်တွေ၊ ဖြတ်ထုံးတွေအထိ ကျွမ်းကျင်နေမှ ရေးလို့ရသော စာမျိုးကို ပုံမဟုတ်၊ ပတ်မဟုတ်တွေကပါ ဝင်ရေးလာ၍ အလေ့ကျတွေ တောထူလာပြီး မြေကောသွားခြင်းဖြစ်သည်။ ဤလိုပုံစံမျိုးကို သိုင်းဝတ္ထုခေတ်၊ ဟာသဝတ္ထုခေတ်တို့တွင်လည်း ပြန်ကြုံရပါသေးသည်။

ပြဇာတ်ကပြခြင်း အစဉ်အလာကတော့မပျက်။ စစ်အတွင်းနှင့် စစ်ပြီးစတွင် ဝင်းဝင်းရုံပြဇာတ်ခေတ်ဟု ဆိုလေ့ရှိကြသော စင်တင်ပြဇာတ်တစ်ခေတ် ထွန်းကားခဲ့သေး၏။ ရုပ်ရှင်ရိုက်စရာပစ္စည်းရှားပါးသောကြောင့် မြန်မာ ရုပ်ရှင်ကားများ မထွက်နိုင်သည့် ကွက်လပ်ကို ဖြည့်ခြင်းဖြစ်သည်။ သို့သော် ပြဇာတ်အစစ်များမဟုတ်။ ပြဇာတ်တွင် ဇာတ်လမ်း အတက်အကျ၊ စကားပြောနှင့် သရုပ်ဆောင်မှုတို့ကို အလွန်ဂရုစိုက်ရသည်။ ဇာတ်ဆောင်များ၏ လေသံ အနိမ့်အမြင့်မှအစ အသေးစိတ် ညွှန်ကြားရသည်။ ထိုမြန်မာပြဇာတ်များကတော့ သီချင်းလေးဆိုလိုက်၊ ငိုလိုက်၊ စကားအော်ပြောလိုက်နှင့် ဇာတ်လမ်းကိုသာ ဖော်နေသည့်အဆင့်ပဲ ရှိပုံရပါသည်။

တက္ကသိုလ်တွင် အင်္ဂလိပ်စာသင်သည့်အခါ ရှိတ်စပီးယားပြဇာတ်ကဲ့သို့ ပြဇာတ်မျိုးကို သင်ပေးပါသည်။ အခြေခံပညာအဆင့်တွင်လည်း ဒေဝကုမ္ဘဏ်၊ ဝိဇယ၊ ရေသည် စသော ပြဇာတ်များ သင်ပေးပါသည်။ စာအဖြစ်သာ သင်ပေးခြင်းဖြစ်ပြီး ပြဇာတ်အနုပညာကို မြင်လာအောင် သင်ပေးခြင်းမဟုတ်ပေ။ စာသင်ခန်းမှာပင်လျှင် ပြဇာတ်အနုပညာက မထွန်းကားသည့်အခါ စာပေနယ်တွင် ပြဇာတ်အနုပညာအစစ်ထွန်းကားလာရန် အကြောင်းမရှိပေ။ ထို့ကြောင့် စင်ပေါ်တွင်လည်း အဖြစ်ပြဇာတ်၊ စာမျက်နှာထက်တွင်လည်း အဖြစ် ပြဇာတ်များ ပေါ်လာရခြင်းဖြစ်သည်။

ပြဇာတ်ရေးသူတစ်ဦးအဖို့ ပြဇာတ်မရေးမီ အရင်ဆုံးစဉ်းစားရသည်မှာ ဒီဇာတ်လမ်းကို ဘာကြောင့် ပြဇာတ်နဲ့ရေးရတာလဲဟူ၍ဖြစ်သည်။ ဟိုလူထွက် ဟိုဟာပြော၊ ဟိုတစ်ယောက်ထွက်လာ၊ ဟိုဟိုဒီဒီပြောဆိုသည့် ပြဇာတ်မျိုးမှာ ခပ်ညံ့ညံ့ဇာတ်ညွှန်းအဆင့်ထက်မပို။ မြင်ကွင်းကြီးတစ်ခုလုံးကို မြင်ယောင်ပြီး ဇာတ်ဆောင် တစ်ဦးချင်း၏ ဥပမိ(Personality)ကို ရင်ထဲသွင်းထားနိုင်မှသာ ခပ်ရေးရေးရှိသည်။ အဖွဲ့အနွဲ့တွေ ဝေဝေဆာဆာထည့်ပြီး ဝတ္ထုအဖြစ် ဖန်တီးရန် ပျင်းသောကြောင့် ပြဇာတ်ရေးလွှတ်လိုက်ခြင်းမှာ မှားလှသည်။ ဇာတ်ကောင်က ၁၅ ယောက်လောက် သုံးထားသော်လည်း ပြောဆိုနေကြပုံက စာရေးဆရာ၏ လေသံတစ်ပေါက်တည်းဖြစ်နေတာမျိုး၊ စကားတစ်ခါပြောလျှင် အနည်းဆုံး တစ်မျက်နှာစာလောက်ရှိနေတာမျိုး၊ ပြည်ဖုံးကားနှင့် ကန့်လန့်ကာမကွဲတာမျိုး၊ ကားလိပ်ရှေ့ထွက်ပြီး တန်းစီ စကားပြောကြတာမျိုးများသည် မြန်မာပြဇာတ်ကို ကျောက်ချရပ်တန့်ထားသည်နှင့် တူလှ၏။ ရင်ထဲစွဲသွားစေမည့် အမူအရာနှင့် လူ့သဘာဝ ဖော်ကျူးဖို့ဆိုတာတော့ အများကြီး ဝေးနေသေးသည်။

ပြဇာတ်ကို ဖတ်ရသည်ကပင် မလွယ်ပါ။ ဇာတ်စင်ကိုမြင်ယောင်ပြီး စကားသံများကို ကြားယောင်ကြည့်ရသည်။ လေသံအနိမ့်အမြင့်ကို ခံစားကြည့်ရသည်။ ပြဇာတ်ရေးရသည်မှာလည်း လွယ်သည့်အလုပ်မဟုတ်ပါ။ စာရေးဆရာ တစ်ရာမှာ ပြဇာတ်ဆရာကောင်း တစ်ယောက်ပါလာဖို့ မလွယ်ပါ။ ပြဇာတ်ကို တခုတ်တရ တန်ဖိုးထားကြည့်ရှုအားပေးကြသော အနောက်နိုင်ငံတွေမှာပင် ပြဇာတ်ရေးသူက လက်တစ်ဆုပ်စာမျှပင်ရှိမည်။ အဖြစ်သဘော ရေးတာကတော့ ဝတ္ထုရေးရတာထက်ပင် လွယ်သည်။ တကယ့်ပြဇာတ် စစ်စစ်ကျတော့ ဖတ်ဖူးဖို့ပင် မလွယ်ပါ။ ။

# တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်းကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**ကြေညာချက်အမှတ် ( ၂၇ / ၂၀၁၇ )**
**၁၃၇၉ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက်**
**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက် )**

## တပ်မတော်သားပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး အမည်စာရင်းကြေညာခြင်း

ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော်အတွက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ အမည်စာရင်းတင်သွင်းလာသော အောက်ဖော်ပြပါ တပ်မတော်သားများအား ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က စိစစ်ပြီးဖြစ်၍ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၁ အရ တပ်မတော်သား ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များအဖြစ် ကြေညာလိုက်သည်-

| စဉ် | ပြန်တမ်းဝင်အမှတ် | အဆင့် | အမည် |
|---|---|---|---|
| **ရှမ်းပြည်နယ်လွှတ်တော်** | | | |
| (၁) | ကြည်း ၃၄၇၀၆ | ဗိုလ်မှူး | ဆန်းလင်းကြည် |
| (၂) | ကြည်း ၃၈၁၆၂ | ဗိုလ်မှူး | အောင်ဆန်းဒေး |

**( လှသိန်း)**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**



# ကချင်ပြည်နယ် ခရစ်ယာန်ဂိုဏ်းဂဏပေါင်းစုံမှ ကိုယ်စားလှယ်အဖွဲ့အား အထူးကော်မရှင် ဥက္ကဋ္ဌ သူရဦးရွှေမန်း လက်ခံ တွေ့ဆုံ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေး ကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ကချင်ပြည်နယ် ခရစ်ယာန်ဂိုဏ်းဂဏပေါင်းစုံမှ ကိုယ်စားလှယ်များပါဝင်သောအဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-1) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ကချင်ပြည်နယ်မှ ကိုယ်စားလှယ်များက ကချင်ပြည်နယ်အတွင်း ဖြစ်ပေါ်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်လူလတ်များ မူးယစ်ဆေးဝါးသုံးစွဲနေမှု အခြေအနေ၊ ဖြစ်ပေါ်ကြုံတွေ့နေရသော လူမှုရေး အခက်အခဲများနှင့် ယင်းတို့ကို ကာကွယ်နိုင်မည့် အခြေအနေများအား သက်ဆိုင်ရာဥပဒေများအတွင်း ထည့်သွင်းပြဋ္ဌာန်းနိုင်ရေးတို့အတွက် ရည်ရွယ်၍ ရှင်းလင်း အကြံပြုတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ဘန်ကောက်မြို့တွင် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ Reed Tradex Co.,Ltd က ကျင်းပသည့် COSMEX 2017 တက်ရောက်ရန်အတွက် မြန်မာ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အထွေထွေ အတွင်းရေးမှူး ဒေါ်နှင်းဝေ ဦးဆောင်သည့်အဖွဲ့ဝင် ၁၀ ဦးတို့ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာ အမျိုးသမီး စီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ တာဝန်ရှိသူတို့ ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြစဉ်။**

ကြေးမုံ

# ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ဧဝံဂေလိ ခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ် သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ARSA အစွန်းရောက်အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုနှင့် စပ်လျဉ်း၍ ကမ္ဘာ့ဧဝံဂေလိ မဟာမိတ်အဖွဲ့ချုပ် (WEA) နှင့် အာရှဧဝံဂေလိ မဟာမိတ်အဖွဲ့ချုပ် (AEA)တို့၏ အသိအမှတ်ပြုခြင်းခံရသော မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်(MECA)က အောက်တိုဘာလ ၂၅ ရက်စွဲဖြင့် သဘောထားထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

အဆိုပါ ထုတ်ပြန်ချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်
Myanmar Evangelical Christian Alliance
No.144-145, Karyah 6th Street, Pale Myothit, Mingalardon Township, Yangon.
Ph: 09-2980074590, 09-421138011, 09-264133885 Email: mecaoffice2015@gmail.com

Rev. Dr. Aye Min, Chairman
Rev. Dr. Zin Hla, Vice Chairman (1)
Rev. Lincoln Bill, Vice Chairman (2)
Rev. Dr. Naing Thang, Vice Chairman (3)
Rev. Dr. Morris R.Liana, General Secretary
Rev. Dr. Gideon Htoo, Associate GS (1)
Rev. Dr. Charity Htoo, Associate GS (2)
Rev. Thein Than Tun, Treasurer (1)
Rev. Dr. Dorothy Colney, Treasurer (2)
Commissions
Rev. Dr. Aung Mang, Theological Education
Rev.Dr.Moses Aung Thein Myint, Relief and Development
Rev. Dr. Peter Thein Nyunt, Evangelism and Mission
Rev. Dr. John Tuan Hre Thang, Literature and Publication
Rev. Myo Win, Religious Liberty
Rev. Khin Maung Yin, Youth
Sayama May Pan Lynn, Women
Rev. Peter Ngun Za Cung, Public Relations
Pastor Gilbert David, Family and Children

Rev. Dr. Aye Min, Chairman
Rev. Dr. Zin Hla, Vice Chairman (1)
Rev. Lincoln Bill, Vice Chairman (2)
Rev. Dr. Naing Thang, Vice Chairman (3)
Rev. Dr. Morris R.Liana, General Secretary
Rev. Dr. Gideon Htoo, Associate GS (1)
Rev. Dr. Charity Htoo, Associate GS (2)
Rev. Thein Than Tun, Treasurer (1)
Rev. Dr. Dorothy Colney, Treasurer (2)
Commissions
Rev. Dr. Aung Mang, Theological Education
Rev.Dr.Moses Aung Thein Myint, Relief and Development
Rev. Dr. Peter Thein Nyunt, Evangelism and Mission
Rev. Dr. John Tuan Hre Thang, Literature and Publication
Rev. Myo Win, Religious Liberty
Rev. Khin Maung Yin, Youth
Sayama May Pan Lynn, Women
Rev. Peter Ngun Za Cung, Public Relations
Pastor Gilbert David, Family and Children

'သဘောထားထုတ်ပြန် ကြေငြာချက်'

စာအမှတ် ။ ထပခ / ၁ /၂၀၁၇
ရက်စွဲ ။ ၂၀၁၇-ခုနှစ်၊ အောက်တိုဘာလ(၂၅) ရက်

**ကမ္ဘာ့ဧဝံဂေလိ မဟာမိတ်အဖွဲ့ချုပ်(WEA) နှင့် အာရှဧဝံဂေလိ မဟာမိတ်အဖွဲ့ချုပ် (AEA) တို့၏ အသိအမှတ်ပြုခြင်းခံရသော မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်(MECA) သည် အောက်ပါအတိုင်း သဘောထားထုတ်ပြန်ကြေငြာအပ်ပါသည်။**

၁။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ARSA အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုကြောင့်ဒေသခံတိုင်းရင်းသားများ၊ ဌာနဆိုင်ရာပြည်သူ့ဝန်ထမ်းများ၊ လူနည်းစုတိုင်းရင်းသားများနှင့် အပြစ်မဲ့ ပြည်သူအချို့ သေဆုံးခြင်း၊ ဒဏ်ရာရခြင်း၊ အဓမ္မပြုကျင့်ခံရခြင်း၊ ခြိမ်းခြောက် ခေါ်ဆောင်ခံရခြင်း၊ အတင်းအဓမ္မ ဘာသာကူးပြောင်းခံရခြင်း၊ နေရပ်စွန့်ခွာရခြင်းများအတွက် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် ပြင်းထန်စွာ ရှုံ့ချပါကြောင်းနှင့် ထိခိုက်နစ်နာဆုံးရှုံးသူ မိသားစုများအားလုံးနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

၂။ ထို့အပြင် ပြည်ပနိုင်ငံတကာ သတင်းမီဒီယာအချို့နှင့် နိုင်ငံအချို့တို့သည် သတင်းမှန်/ ဖြစ်ရပ်မှန်များကို ထိန်ချန်မျက်ကွယ်ပြုကာ တစ်ဖက်သတ် သတင်းရေးသားဖော်ပြနေခြင်းများအပေါ် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် များစွာစိတ်မကောင်းဖြစ်ရပါသည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် မိမိတို့ယုံကြည်ရာ ဘာသာတရားများအတိုင်း လွတ်လပ်စွာကိုးကွယ်ယုံကြည်လျက် ငြိမ်းချမ်းစွာဖြင့် အတူယှဉ်တွဲနေထိုင်လျက်ရှိသောနိုင်ငံဖြစ်ပြီး၊ ရခိုင်ပြည်နယ်အတွင်း ဖြစ်ပွါးခဲ့သော အဖြစ်အပျက်များကိုအခြေခံကာ နိုင်ငံတကာမှ နိုင်ငံတော်အစိုးရအား ကန့်သတ်ချုပ်ချယ်ဖိအားပေးစေခိုင်းခြင်းများသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေငြာစာတမ်းပါ အချက်များကို ယင်းနိုင်ငံများကိုယ်တိုင် ဖောက်ဖျက်ကျူးလွန်နေသကဲ့သို့ ဖြစ်နေခြင်းကြောင့် မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် စိုးရိမ်ပူပန်ခြင်းများ ဖြစ်ရပါသည်။

၄။ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့က သဘောတူချမှတ်ခဲ့သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေငြာစာတမ်းပါ အချက်များသည် နိုင်ငံတစ်နိုင်ငံ၊ လူသားမျိုးနွယ်တစ်စုအတွက် မဟုတ်ဘဲလူသားတစ်ဦး၊ တစ်ယောက်စီတိုင်းအတွက် ရေးဆွဲချမှတ်ထားခြင်းကြောင့် ရခိုင်ပြည်နယ်အတွင်းဖြစ်ပွါးခဲ့သော အခြေအနေများတွင် အချို့သောပြည်ပနိုင်ငံများတို့၏ အကာအကွယ်ပေးရပ်တည်မှုများသည် လူသားမျိုးနွယ်တစ်စုအတွက်သာ ဘက်လိုက် အကာအကွယ်ပေးရပ်တည်နေပြီး၊ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ ဘာသာရေး၊ စီးပွါးရေး၊ လူမှုရေး၊ ကျန်းမာရေးများနှင့် အဖက်ဖက်မှ အကျိုးစီးပွါးတိုးတက်ရေးများစွာတို့ကို လျစ်လျူရှုကာတစ်ဖက်သတ် တားဆီးပိတ်ပင်နှောင့်ယှက်ခြင်းများသည် မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးပေါင်းစုံတို့၏ခံစားပိုင်ခွင့် လူ့အခွင့်အရေးများစွာတို့ကို နှောင့်ယှက် တားဆီး ပိတ်ပင်နေခြင်းဖြစ်သောကြောင့် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် နိုင်ငံသားများအားလုံးကိုယ်စား ဝမ်းနည်းခံစားရပါသည်။

၅။ ယနေ့ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရသော အခြေအနေအရပ်ရပ်တို့အား အကောင်းဆုံးဖြေရှင်းဆောင်ရွက်နိုင်မည်ဟု မြန်မာနိုင်ငံ ဧဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် ယုံကြည်ပါကြောင်းနှင့် နိုင်ငံတော်အစိုးရ၏ တတ်စွမ်းသမျှကြိုးစား အားထုတ်ဆောင်ရွက်မှုများကို အသိအမှတ်ပြုထောက်ခံပါသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံတကာအနေဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီသက်တမ်းနုနယ်သေးသည့်အချိန်ကာလတွင် နိုင်ငံတော်အစိုးရမှ တတ်စွမ်းသမျှကြိုးစားဆောင်ရွက်နေသော အခြေအနေအရပ်ရပ်အား အသိအမှတ်ပြု နားလည်ပေးခြင်းဖြင့် နိုင်ငံသားအားလုံး၏ ငြိမ်းချမ်းရေးနှင့်အကျိုးစီးပွားတိုးတက်ရာကောင်းကျိုးအတွက် ဝိုင်းဝန်းကူညီထောက်ပံ့ပေးကြပါရန် မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် မဟာမိတ်အဖွဲ့ချုပ်အနေဖြင့် မေတ္တာရပ်ခံလျက် သဘောထားထုတ်ပြန်အပ်ပါသည်။

| | |
|---|---|
| သိက္ခာတော်ရဒေါက်တာ ဦးမောရစ်လျန်နာ | သိက္ခာတော်ရဒေါက်တာ ဦးအေးမင်း |
| (အထွေထွေအတွင်းရေးမှူး) | (ဥက္ကဋ္ဌ) |
| မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် | မြန်မာနိုင်ငံဧဝံဂေလိခရစ်ယာန် |
| မဟာမိတ်အဖွဲ့ချုပ်(MECA) | မဟာမိတ်အဖွဲ့ချုပ်(MECA) |

# မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ၂၀၁၇ ခုနှစ် ဩဂုတ်လနှင့် စက်တင်ဘာလတို့တွင် ဆောင်ရွက်ခဲ့သည့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်အနေဖြင့် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ စိစစ်ကာ ဆောင်ရွက်ပေးလျက်ရှိသည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၇၀၆ ဒသမ ၆၂၉ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန်ဒေါ်လာ ၄၄၀ ဒသမ ၅၇၁ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ US$ သန်း | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ US$ သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | | ၂၇၀.၄၅၆* | | ၀.၁၅၀* |
| ၂။ | စက်မှုကဏ္ဍ | ၁၅ | ၁၃၀.၁၄၃ | ၁၀ | ၂၆၅.၂၂၁ |
| ၃။ | လျှပ်စစ်ဓာတ်အား ကဏ္ဍ | ၁ | ၁၁၆.၉၂၁ | | |
| ၄။ | အိမ်ရာ အဆောက်အအုံကဏ္ဍ | ၁ | ၂.၃၀၀ | ၁ | ၁၇၄.၀၀၀ |
| ၅။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၃ | ၄၇.၇၂၀ | | |
| ၆။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၁ | ၃.၀၀၀ | | |
| ၇။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၅ | ၂၁.၀၈၉ | ၁ | ၁.၂၀၀ |
| ၈။ | စိုက်ပျိုးရေးကဏ္ဍ | ၁ | ၁၁၅.၀၀၀ | | |
| | စုစုပေါင်း | ၂၇ | ၇၀၆.၆၂၉ | ၁၂ | ၄၄၀.၅၇၁ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လအတွင်း ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှု စုစုပေါင်းတန်ဖိုး အမေရိကန် ဒေါ်လာ ၁၅၃ ဒသမ ၀၂၉ သန်းအပါအဝင် ကျပ် ၅၅၆၇၃၉ ဒသမ ၅၄၀ သန်းနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စက်တင်ဘာလအတွင်း ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု စုစုပေါင်း အမေရိကန် ဒေါ်လာ ၆ ဒသမ ၅၈၀ သန်း အပါအဝင် ကျပ် ၇၆၈၈၅ ဒသမ ၃၃၇ သန်း ခွင့်ပြုဆောင်ရွက်ပေးနိုင်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း ခွင့်ပြုခဲ့သည့် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ဩဂုတ်လ | | စက်တင်ဘာလ | |
|---|---|---|---|---|---|
| | | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ ကျပ် သန်း | လုပ်ငန်း စုရေ | မတည်ငွေရင်း ပမာဏ ကျပ် သန်း |
| ၁။ | ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးကဏ္ဍ | ၁ | ၂၀၇၁၇.၁၅၀ | | |
| ၂။ | အိမ်ရာအဆောက်အအုံကဏ္ဍ | ၁ | ၂၇၈၂၆.၃၇၀ | | |
| ၃။ | စက်မှုကဏ္ဍ | ၄ | ၈၈၂၁၃.၄၇၀ | ၂ | ၁၆၀၀.၉၈၀ |
| ၄။ | စက်မှုဇုန် တည်ဆောက်မှုကဏ္ဍ | ၁ | ၂၂၂၅၄၅.၄၅၀ | | |
| ၅။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | | ၁၅၀၀၀.၀၀၀ | | |
| ၆။ | ဆောက်လုပ်ရေးလုပ်ငန်း ကဏ္ဍ | | ၁၀၉၈၈.၉၈၀* | | ၆၅၇၈၄.၃၅၇* |
| ၇။ | မွေးမြူရေးနှင့် ရေလုပ်ငန်း ကဏ္ဍ | ၁ | ၁၀၀.၀၀၀ | | |
| ၈။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁ | ၉၄၅၇.၅၆၀ | | |
| ၉။ | လယ်ယာ ကဏ္ဍ | | | ၁ | ၄၀၀.၀၀၀ |
| ၁၀။ | အခြားလုပ်ငန်း ကဏ္ဍ | ၃ | ၁၆၁၈၉၀.၅၆၀ | ၃ | ၉၁၀၀.၀၀၀ |
| | စုစုပေါင်း | ၁၂ | ၅၅၆၇၃၉.၅၆ | ၆ | ၇၆၈၈၅.၃၃၇ |

*** ရင်းနှီးမြှုပ်နှံမှုပမာဏများ၌ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ထားသည့် ပမာဏများ ထည့်သွင်းဖော်ပြထားခြင်း ဖြစ်ပါသည်။**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း ) | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် စက်တင်ဘာလအတွင်း) |
| ၁။ | ရေနံနှင့်သဘာဝဓာတ်ငွေ့ ကဏ္ဍ | - | - |
| ၂။ | လယ်ယာကဏ္ဍ | ၅၃၆ | - |
| ၃။ | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၂၁၃ | - |
| ၄။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - |
| ၅။ | စက်မှုကဏ္ဍ | ၁၀၈၂၉ | ၄၄၀၆ |
| ၆။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၁၈၈ | - |
| ၇။ | ပို့ဆောင်ရေးနှင့်ဆက်သွယ် ရေးကဏ္ဍ | - | - |
| ၈။ | ဟိုတယ်နှင့် ခရီးသွားကဏ္ဍ | ၂၉၁ | - |
| ၉။ | ဆောက်လုပ်ရေးကဏ္ဍ | - | - |
| ၁၀။ | အိမ်ရာနှင့်အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၃၉ | ၆၁ |
| ၁၁။ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | - | - |
| ၁၂။ | အခြားဝန်ဆောင်မှုကဏ္ဍ | ၄၀၄ | ၂၃ |
| | စုစုပေါင်း | ၁၂၅၀၀ | ၄၄၉၀ |

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဩဂုတ်လနှင့် စက်တင်ဘာလအတွင်း မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုတွင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၏ ကဏ္ဍအလိုက် ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးချဲ့ဖန်တီးနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| စဉ် | ကဏ္ဍ | ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်း တိုးချဲ့ဖန်တီးနိုင်မှု (ဦးရေ) | |
|---|---|---|---|
| | | ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း) | ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် (၂၀၁၇ ခုနှစ် စက်တင်ဘာလ အတွင်း) |
| ၁။ | လျှပ်စစ်ဓာတ်အားကဏ္ဍ | ၈၂ | - |
| ၂။ | သတ္တုတူးဖော်ရေးကဏ္ဍ | - | - |
| ၃။ | စက်မှုကဏ္ဍ | ၅၁၂ | ၁၈၀ |
| ၄။ | ဟိုတယ်နှင့်ခရီးသွားကဏ္ဍ | - | - |
| ၅။ | အိမ်ရာနှင့် အဆောက်အအုံ တည်ဆောက်ဖွံ့ဖြိုးမှုကဏ္ဍ | ၇၄ | - |
| ၆။ | မွေးမြူရေးနှင့်ရေလုပ်ငန်း ကဏ္ဍ | ၃၅ | - |
| ၇။ | ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ကဏ္ဍ | ၁၈၈ | - |
| ၈။ | စက်မှုဇုန်တည်ဆောက်မှု ကဏ္ဍ | ၆၇ | - |
| ၉။ | ဆောက်လုပ်ရေးကဏ္ဍ | - | - |
| ၁၀။ | လယ်ယာကဏ္ဍ | - | ၁၁ |
| ၁၁။ | အခြားဝန်ဆောင်မှု ကဏ္ဍ | ၃၄၀ | ၄၀၄ |
| | စုစုပေါင်း | ၁၃၃၈ | ၅၉၅ |

## ထူးခြားသည့် အခြေအနေ

**နေပြည်တော် နိုဝင်ဘာ ၁**

ယနေ့မြန်မာစံတော်ချိန် ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ တောင်တရုတ်ပင်လယ်ပြင်တွင် ဖြစ်ပေါ်နေသော အပူပိုင်းမုန်တိုင်းငယ်သည် ဗီယက်နမ်နိုင်ငံ ကန်သို (Can Tho) မြို့၏ တောင်-အရှေ့တောင်ဘက် မိုင် ၁၇၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပြီး အနောက်ဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရသည်။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးများ ပြောင်းရွှေ့ခန့်ထားခြင်း၊ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း**

၁။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်း အဖွဲ့အစည်း အကြီးအမှူး ရာထူးနေရာများသို့ တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်-

| **အမည်၊ လက်ရှိရာထူး၊ ဌာန** | **ပြောင်းရွှေ့ခန့်ထားသည့် ရာထူး၊ဌာန** |
|---|---|
| (က) ဒေါက်တာဒေါ်စီစီလှဘူး<br>ပါမောက္ခချုပ်<br>မြိတ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပုသိမ်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာမောင်မောင်နိုင်<br>ပါမောက္ခချုပ်<br>လားရှိုးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရတနာပုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

၂။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများကို အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

| **အမည်** | **ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာဒေါ်တင်တင်လေး | ညွှန်ကြားရေးမှူးချုပ်<br>ကျန်းမာရေးလူ့စွမ်းအား<br>အရင်းအမြစ်ဦးစီးဌာန<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (ခ) ပါမောက္ခ ဒေါက်တာ<br>ဒေါ်မြမြအေး | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |
| (ဂ) ဒေါက်တာဒေါ်ခင်သက်ဝေ | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(မန္တလေး)<br>ကျန်းမာရေးနှင့်အားကစား<br>ဝန်ကြီးဌာန |

၃။ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| **အမည်၊ ရာထူး၊ ဌာန** | **ခန့်ထားသည့် ရာထူး၊ ဌာန** |
|---|---|
| (က) ဒေါက်တာ ဒေါ်အေးအေးမြင့်<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ရန်ကုန်ပညာရေးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ခ) ဒေါက်တာဒေါ်ခင်အေးအေး<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အဝေးသင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မန္တလေးအဝေးသင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဂ) ဒေါက်တာဒေါ်အေးအေးထွန်း<br>ဒုတိယပါမောက္ခချုပ်<br>ဒဂုံတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပဲခူးတက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (ဃ) ဒေါက်တာ ဒေါ်ခင်သီတာ<br>ဒုတိယပါမောက္ခချုပ်<br>ရန်ကုန်အနောက်ပိုင်း<br>တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ပြည်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |
| (င) ဒေါက်တာ<br>အောင်မြတ်ကျော်စိန်<br>ဒုတိယပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန | ပါမောက္ခချုပ်<br>မော်လမြိုင်တက္ကသိုလ်<br>ပညာရေးဝန်ကြီးဌာန |

# ရခိုင်ပြည်နယ်သတင်း

## UEHRD စီမံကိန်းလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်



**နေပြည်တော် နိုဝင်ဘာ ၁**
ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေး စီမံကိန်း(UEHRD)၏ လုပ်ငန်းများဆောင်ရွက်ရန်အတွက် ယမန်နေ့က Community and Family Services International (CFSI) အဖွဲ့က အမေရိကန်ဒေါ်လာ တစ်သောင်းနှင့် ညီမျှသော မြန်မာငွေကျပ် ၁၃,၄၉၅,၀၀၀၊ ယနေ့တွင် ဒေါ်တင်မိုးလွင်က ငွေကျပ်သိန်း ၁၀၀၊ ပဲခူးသာသနာနယ်က ငွေကျပ် ၁၀ သိန်း၊ သုဝဏ္ဏရန်ကုန်သစ် အသင်းတော်က ငွေကျပ် ၁၀ သိန်း၊ မြန်မာနိုင်ငံ နှစ်ခြင်းခရစ်ယာန်အသင်းတော်များအဖွဲ့ချုပ်က ငွေကျပ်သိန်း ၃၀ တို့ကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ လာရောက်လှူဒါန်းရာ UEHRD ဒုတိယ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရေတိုကာလ ဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁**
ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသများတွင် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များဖြစ်ပွားပြီးနောက် ယခုအခါ နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်မှုရရှိလာပြီဖြစ်၍ ဝန်ကြီးဌာနများအနေဖြင့် ကဏ္ဍအလိုက် ရေတိုကာလဦးစားပေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

### စစ်ဆင်ရေးများ မရှိတော့

ရခိုင်ပြည်နယ်မြောက်ပိုင်း၌ စက်တင်ဘာ ၅ ရက်မှစ၍ စစ်ဆင်ရေးများမရှိတော့ဘဲ ဒေသအတွင်း နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့များအနက် တပ်မတော်စစ်ကြောင်း အချို့ကို လက်ရှိ ဘူးသီးတောင်၊ မောင်တောဒေသ စစ်ဆင်ရေးနယ်မြေမှ စတင်ထုတ်နုတ်၍ စစ်တွေမြို့၌ အရန်အဖြစ် အသင့်စုဖွဲ့ထားရှိကြောင်း သိရသည်။

### လူသားချင်း စာနာထောက်ထားမှု

လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေး၊ ပြန်လည်လက်ခံရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ရေရှည်ပဋိပက္ခ ကင်းဝေးရေးလုပ်ငန်းစဉ်များကို ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရန်အတွက် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)ကော်မတီကို အောက်တိုဘာ ၁၇ ရက်တွင် ဖွဲ့စည်းထားခဲ့ပြီးဖြစ်သည်။

### အထည်ချုပ်စက်ရုံများထူထောင်

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် လူဦးရေ ငါးသိန်းခန့်အတွက် ဆန်ရိက္ခာ ထောက်ပံ့ခြင်း၊ အိမ်ထောင်စု ၁၅၀၀ အတွက် (တစ်အိမ်ထောင်လျှင် ကျပ်တစ်သိန်း) ငွေထောက်ပံ့ခြင်း၊ မသန်စွမ်းသူများ တစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ကိုယ်ဝန်ဆောင်နှင့် အသက် နှစ်နှစ်အထိ ကလေးများ တစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀ နှုန်း၊ အသက် ၆၀ နှင့် အထက် အဘိုး အဘွားတစ်ဦးလျှင် ငွေကျပ် ၂၀၀၀၀ နှုန်း၊ ထိခိုက်ဒဏ်ရာရသူတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀၀ နှုန်း၊ ကျန်းမာရေးနှင့် အခြားလိုအပ်ချက်ရှိသော ကလေး တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်း၊ အသက် ၉၀ နှင့် အထက် အဘိုး အဘွား ၁၆၇၀ အား တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်း ထောက်ပံ့ခြင်း၊ မသန်စွမ်းမှု အမျိုးအစားအလိုက် လိုအပ်သည့် အထောက်အကူပြုပစ္စည်းများ ပံ့ပိုးပေးခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရေးအတွက် ရက်ကန်းစင်များ၊ အထည်ချုပ်စက်ရုံများ ထူထောင်ပေးခြင်း၊ ဘေးသင့်ပြည်သူများ၏ လိုအပ်ချက်ပေါ်မူတည်၍ အခြား လိုအပ်သည့်ပစ္စည်းများ ဆက်လက်ထောက်ပံ့ခြင်းနှင့် Red Cross Movement အစီအစဉ်ဖြင့် ဆက်လက်ထောက်ပံ့ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

### ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်း

စက်မှုဝန်ကြီးဌာနအနေဖြင့် အသုံးအဆောင်ပစ္စည်း ၁၈ မျိုးပါ အိတ် ၅၀၀ ထောက်ပံ့ခြင်း၊ 20 W Solar Home Lighting System အစုံ ၂၅၀ နှင့် Solar Home Lighting System အစုံ ၁၅၀ ထောက်ပံ့ခြင်း၊ စက်မှုနှင့် အသက်မွေးပညာ ကာလတို ရွေ့လျား သင်တန်းများ ဖွင့်လှစ်ခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့် လတ်တလော အာဟာရချို့တဲ့မှု ဘက်စုံကုသစောင့်ရှောက်ခြင်း(IMAM) စီမံချက်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ် (စစ်တွေ၊ သံတွဲ၊ ကျောက်ဖြူ၊ မင်းပြား၊ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်)များ၌ ဆရာဖြစ် သင်တန်းပေးခြင်း၊ အာဟာရမြေပဲယိုများ ထောက်ပံ့ပေးခြင်း၊ CERF အထောက်အပံ့ဖြင့် ဘူးသီးတောင်၊ မောင်တောမြို့နယ်အတွင်း ဆောင်ရွက်နေသော ပဏာမ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ပိုမိုတိုးမြှင့်ရရှိစေရေး စီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ပဏာမ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ပိုမိုတိုးမြှင့်ရရှိစေရေး စီမံချက်သုံးခုအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

### အိမ်ရာအလုံး ၂၀၀ တည်ဆောက်

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် National Verification Process လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် ကိုင်းကြီး(မြို) ကျေးရွာတွင် စုစည်းကျေးရွာအဖြစ် တန်ဖိုးနည်းအိမ်ရာအလုံး ၅၀ နှင့် နံ့သာတောင်ကျေးရွာတွင် စုစည်းကျေးရွာအဖြစ် တန်ဖိုးနည်းအိမ်ရာအလုံး ၅၀ တည်ဆောက်ပေးရန် စီစဉ်လျက်ရှိပြီး လမ်းဖောက်လုပ်ရေးတွင် မီးဒိုက်လမ်းဆုံ-မီးဒိုက်စခန်း-မိုင်တိုင်(၃၇)အထိ (၆/၁)မိုင်၊ လိပ်ရလမ်းဆုံ-လိပ်ရအထိ (၂/၅)မိုင်၊ ကျွန်းပေါက်လမ်းဆုံ-ကျွန်းပေါက်အထိ (၃/၃)မိုင်နှင့် ငါးခူရ-စပယ်ပင်ရင်းကင်းစခန်း(၂/၅) မိုင်တို့ ဆောင်ရွက်လျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေဖြင့် ကျေးရွာ ၂၃ ရွာတွင် လက်တူးတွင်း ၁၈ တွင်း၊ ရေကန်လေးကန်၊ စိမ့်စမ်းတစ်ခုနှင့် အခြား ရေပေးရေးလုပ်ငန်း ၁၀ ခု စုစုပေါင်းလုပ်ငန်း ၃၃ ခုအား ဆောင်ရွက်လျက်ရှိပြီး မောင်တောမြို့နယ်တွင် ဝပ် ၃၀၀ အား လုံခြုံရေးဆလိုက်မီးတပ်ဆင်ခြင်း၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာအလုံး ၂၀၀ တည်ဆောက်ပေးရန်၊ မိုးစပါး ၈၄၀၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက်အသစ် ၁၄ စီးဖြင့် ရိတ်သိမ်းခြင်း၊ မိုးစပါး ၆၀၀၀ ဧကကို ရိတ်သိမ်းခြွေလှေ့စက် ၂၄ စီးဖြင့် ရိတ်သိမ်းခြင်းနှင့် ယာယီသိုလှောင်ခြင်း၊ ရေငန်တားတာပြုပြင်တည်ဆောက်ခြင်း၊ ရေထိန်းတံခါး တည်ဆောက်ခြင်း၊ ချောင်းပိတ်မြောင်းပိတ်များ ဆောင်ရွက်ခြင်းစသည့်လုပ်ငန်းပေါင်း ၁၈ ခု လျာထားဆောင်ရွက်ခြင်း၊ မိုးစပါး ၄၄၁ ဧကတွင် မျိုးစေ့ထုတ်စိုက်ခင်းများ ထူထောင်ခြင်းနှင့် မျိုးကောင်းမျိုးသန့်မျိုးစေ့ ၂၃၃၂ တင်း ဖြန့်ဖြူးပေးခြင်း၊ မိုးစပါးစိုက်ဧက ၂၅၀၀ တွင် မျိုးသန့်စိုက်ပျိုးရေးဇုန် တည်ထောင်ပေးခြင်း၊ မိုးစပါးဧက ၃၃၀ တွင် စံပြကွက်များ ဆောင်ရွက်ခြင်း၊ တိရစ္ဆာန်အစာနှင့်ဆေးဝါး ဖြန့်ဖြူးခြင်း၊ ဖမ်းဆီးရမိသည့် တိရစ္ဆာန်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ကျွဲနွားများ ပြန်လည် ဖြည့်ဆည်းခြင်း၊ မျိုးတိရစ္ဆာန်များ ထောက်ပံ့ရန် အစီအစဉ်ချမှတ်ခြင်း၊ တိရစ္ဆာန်ကျန်းမာရေးနှင့် မွေးမြူထုတ်လုပ်မှုတိုးချဲ့နိုင်ရန် ပြည်တွင်း ပြည်ပအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ မြစိမ်းရောင် မွေးမြူရေး/မွေးဘဏ်စနစ်ဖြင့် မျိုးတိရစ္ဆာန်များအား ဖြန့်ဖြူးခြင်း၊ တိုင်းရင်းသားကျေးရွာ ၈၂ ရွာအတွက် ကျေးရွာတစ်ရွာလျှင် တစ်ဧကနှုန်းဖြင့် ငါးကန်တူးဖော်ခြင်း၊ ငါးမျိုးနှင့် ကဏန်းမျိုးစိုက်ထည့်ခြင်း၊ ကမ်းနီးငါးဖမ်းလုပ်ငန်းကို တည်ဆဲဥပဒေနှင့်အညီ ခွင့်ပြုပေးခြင်း၊ ကျေးလက်တန်ဖိုးနည်းအိမ်ရာ အလုံး ၂၀၀ တည်ဆောက်ပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည်။

### လမ်းများကို အဆင့်မြှင့်တင်

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ကြိမ်ချောင်း-ဂုပ္ပိတောင်ကျော်လမ်း(၈/၀)မိုင်၊ ကျောက်ပန္ဒု-အင်းဒင်-စေတီပြင် တောင်ကျော်လမ်း(၁၄/၀) မိုင်၊ သက်ကိုင်ညာ-ပဒဂါးတောင်ကျော်လမ်း(၉/၄)မိုင်၊ ဥဒေါင်း-ညောင်ချောင်း တောင်ကျော်လမ်း(၁၂/၀)မိုင်၊ မေယုတောင်ကြော၏ အရှေ့ဘက်ခြမ်းရှိ ဘူးသီးတောင်-သပိတ်တောင်-ညောင်ချောင်း- အောင်ဇေယျ-အငူမော်လမ်း၊ စစ်တွေ-ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင်-မောင်တော-ကြိမ်ချောင်း-ဗန္ဓုလလမ်းမကြီး(၁၄၂/၁) မိုင်လမ်း၊ မောင်တော(ကြိမ်ချောင်း)-တောင်ပြိုနယ်စပ်ခြံစည်းရိုးကပ်လမ်းမကြီး(၁၅/၃) မိုင်နှင့် မောင်တော(ကညင်တန်း)-အလယ်သံကျော်-အငူမော်လမ်းမကြီး (၄၉/၆) မိုင်လမ်းများကို အဆင့်မြှင့်တင်ခြင်း၊ တိမ်ညိုတံတား ပေ ၃၆၀၊ ကင်းဆိပ်တံတား ပေ ၉၀၊ ငတန်ပျင်းတံတား ပေ ၂၄၀၊ ကြပ်စင်တံတား ပေ ၁၉၂၀၊ ဆတ်ရိုးကျတံတား ၁၆၄၂ ပေ၊ တက်ခုတ်တံတား ပေ ၇၀၊ ဒါးလက်ချောင်း တံတား ပေ ၉၆၀၊ ပတ်ကွေ့တံတား ပေ ၁၃၀၊ စံတွေး တံတား ပေ ၁၁၀၊ ကင်းချောင်းတံတား ၁၂၅၆ ပေ၊ သစ်ပုတ်ချိန်တံတား ပေ ၁၈၀၊ ဆားချက်ချောင်းတံတား ပေ ၇၀၊ ကမောင်ချောင်းတံတား ပေ ၇၀ နှင့် ဇာဒီပြင်တံတား ပေ ၁၄၀ တည်ဆောက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

### နယ်နိမိတ်ခြံစည်းရိုး ကာရံ

ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် မြန်မာ-ဘင်္ဂလားဒေ့ရှ် ထိစပ်နယ်နိမိတ်ခြံစည်းရိုးကာရံရန်ကျန်ရှိသည့် ၃၉ ဒသမ ၂၁၇ မိုင် ဆက်လက်ကာရံခြင်း၊ ခြံစည်းရိုးကာရံရန်ကျန်ရှိသည့် ကင်းစခန်း ၁၀၇ ခု ဆက်လက်ကာရံခြင်းနှင့် ရခိုင်ပြည်နယ် ကမ်းရိုးတန်းတစ်လျှောက် လုံခြုံရေးအတွက် General Arrangement Plan (GA Plan)ပါ ၄၈ မီတာ အရှည် ကမ်းခြေကင်းလှည့်ရေယာဉ်နှစ်စင်း ဝယ်ယူရေးတို့ကို စီမံဆောင်ရွက်လျက်ရှိသည်။

### မိုဘိုင်းဖုန်းဆက်သွယ်မှုရရှိ

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် MPT SIM Card နှင့် အခြားအော်ပရေတာများ၏ SIM Card များကို ၎င်းတို့၏ သဘောဆန္ဒအရ ဖုန်းနံပါတ်များ ပြောင်းလဲသုံးစွဲနိုင်ရေး ဆောင်ရွက်ခြင်း၊ ပထမအဆင့်အနေဖြင့် တယ်လီဖုန်း လေးလိုင်းစီ ပါသော MPT Satellite Terminal တစ်ခုစီ တပ်ဆင်ခြင်း၊ မိုဘိုင်းဖုန်းများဖြင့် ဆက်သွယ်မှုရရှိနိုင်ရေးအတွက် ဂြိုဟ်တုဆက်ကြောင်းများဖြင့် အမြန်ဆောင်ရွက်ခြင်း၊ ရခိုင်ပြည်နယ်အတွင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဖောက်လုပ်မည့်လမ်းများတွင် ဖိုက်ဘာဆက်ကြောင်းများ ထည့်သွင်းချခင်းနိုင်ရန် PVC ပိုက်များ ထည့်သွင်းဖောက်လုပ်ခြင်းနှင့် ဖိုက်ဘာဆက်ကြောင်းများ ချခင်းခြင်းတို့ ဆောင်ရွက်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် မောင်တောမြို့နယ်တွင် ကျောင်းဆောင် ငါးဆောင် ဆောက်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်ရေးကော်မတီမှ ထုတ်ပြန်ထားကြောင်း သိရသည်။

**သတင်းစဉ်**

---

**☆ ပေါက်တောမှ**
၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ စတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်တွင် တည်ဆောက်ပြီးစီးခဲ့သဖြင့် ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်မှစ၍ အိမ်ထောင်စု ၁၁၆၅ စုကို တစ်ရက်လျှင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

အဆိုပါ ဓာတ်အားခွဲရုံမှ မြေပုံမြို့ပေါ်မှ ကျန်ရှိသော အိမ်ထောင်စုများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၂၀ ခန့်ကို လျှပ်စစ်ဓာတ်အားတိုးချဲ့၍ ဖြန့်ဖြူးပေးနိုင်ကြောင်းနှင့် ထိုသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်လျှပ်စစ်ဦးစီးဌာနမှ သိရသည်။

မြေပုံမြို့ပေါ်ရှိ အိမ်ခြေစုစုပေါင်း ၂၆၂၈ အိမ်နှင့် အနီးပတ်ဝန်းကျင်ရှိ အငူရွာဟောင်း၊ အငူရွာသစ်၊ အုန်းတောကျေးရွာ၊ ပြိုင်းတောချေကျေးရွာ၊ ထူးချေကျေးရွာ၊ ကျောက်မော်ကြီး၊ အောင်ပင်လယ်ကျေးရွာ၊ ခေါင်းဖြူကျေးရွာ၊ ကံသာကျေးရွာ၊ ဒဂုံကျေးရွာ၊ ဝက်ခေါင်းကျေးရွာ၊ ပဲကောက်ကျေးရွာ၊ ကျောက်တန်းကျေးရွာ၊ ကြက်ရေကျေးရွာ၊ တွင်းငခူချောင်းကျေးရွာ၊ ပြင်ငခူချောင်၊ ကြင်ချောင်းကျေးရွာ၊ ဝကောက်ကြီးကျေးရွာ၊ ငမန်းရဲကြီးကျေးရွာနှင့် လွန်းလုံးပိုက်ကျေးရွာများကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်း-မော်စီ၊ ဓာတ်ပုံ-ဟန်လင်းနိုင်**

### ပြင်ဆင်သိမှတ်ပါရန်

နိုဝင်ဘာ ၁ ရက်ထုတ် ကြေးမုံ သတင်းစာ စာမျက်နှာ ၁၀ တွင် ဖော်ပြခဲ့သော ကြက်ခြေနီလှုပ်ရှားမှု အင်တာဗျူး၏ တတိယပုံစာတွင် "လခြမ်းနီလှုပ်ရှားမှုအသင်းများ ဖက်ဒရေးရှင်း ကိုယ်စားလှယ်" အစား "IFRC ကိုယ်စားလှယ်"ဟု ပြင်ဆင်သိမှတ်ပေးပါရန်။ **(စာတည်း)**

## သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့ ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့များသို့ သွားရောက်



**နေပြည်တော် နိုဝင်ဘာ ၁**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် အဖွဲ့သည် ယနေ့ နံနက် ၇ နာရီက စစ်တွေမြို့မှ ရသေ့တောင်မြို့သို့ သွားရောက်ပြီး စေတီယင်္ကာကျောင်းတိုက်ဆရာတော်အား ဖူးမြော်ကြည်ညို၍ ဆရာတော်ထံမှ ဩဝါဒကထာနာယူသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက သာသနာရေးဆိုင်ရာများအား လျှောက်ထားပြီး ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။ ယင်းနောက် ဆရာတော်ကြီးထံမှ ဩဝါဒကထာများ နာကြားကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘူးသီးတောင်မြို့သို့ ရောက်ရှိပြီး အေးစေတီကျောင်းတိုက် ဆရာတော်ကြီးများအား ဖူးမြော်ကာ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြပြီး ဩဝါဒကထာများ နာကြားကြသည်။

ယင်းနောက် မောင်တောမြို့သို့ သွားရောက်ကာ မောင်တောမြို့ပေါ်ရှိ မြို့မကျောင်းတိုက်သို့ သွားရောက်ပြီး မောင်တောမြို့မှ ဆရာတော်ကြီးများအား ဖူးမြော်ကာ ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းခဲ့ကြပြီး ဩဝါဒကထာများ နာကြားခဲ့ကြကြောင်း သိရသည်။

**ခိုင်မျိုးမြတ် (စစ်တွေ)**

## တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားတဲ့သူတွေကို ပြန်လည်လက်ခံရာမှာ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေနဲ့ ကိုက်ညီရမယ်

**မောင်တော နိုဝင်ဘာ ၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုသည် ယနေ့နံနက်ပိုင်းတွင် ရသေ့တောင်၊ ဘူးသီးတောင်နှင့် မောင်တောမြို့နယ်တို့သို့ ရောက်ရှိပြီး မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ယခုခရီးစဉ်နှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုအား သတင်းအဖွဲ့က တွေ့ဆုံမေးမြန်းထားသည်-

**မေး။ ယခုလာရောက်တဲ့ခရီးစဉ်ရဲ့ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီး ပြောပြပေးစေလိုပါတယ်။**

**ဖြေ။** အခုခရီးစဉ်က နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဦးစီးပြီး ဆောင်ရွက်နေတဲ့ လုပ်ငန်းအစီအမံတွေကို စစ်တွေမြို့မှာရှိတဲ့ ပြည်နယ်သံဃနာယက ဆရာတော်ကြီးတွေ၊ ရသေ့တောင်၊ ဘူးသီးတောင်၊ မောင်တော၊ ကျောက်တော်၊ မြောက်ဦး စတဲ့မြို့နယ်တွေမှာရှိတဲ့ ဆရာတော်သံဃာတော်တွေကို အသိပေးလျှောက်ထားဖို့နဲ့ ဩဝါဒခံယူဖို့ မှာကြားတာဝန်ပေးလို့ ဒီခရီးစဉ်ဖြစ်လာတာဖြစ်ပါတယ်။

**မေး။ ဆရာတော်ကြီးတွေရဲ့ မိန့်ကြားချက်တွေနဲ့ စပ်လျဉ်းပြီး ပြောပြပေးစေလိုပါတယ်။**




ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို

**ဖြေ။** မနေ့က စစ်တွေမြို့မှာလုပ်တဲ့ ဩဝါဒခံယူပွဲမှာ သာသနာရေးဆိုင်ရာတွေ လျှောက်ထားပြီးတဲ့အပြင် ကျောင်းတွေမှာပူဇော်ဖို့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်တွေကို လှူဒါန်းခဲ့ပါတယ်။ သက်ကြီးဝါကြီး ဆရာတော်ကြီးတွေကိုလည်း ဆေးပဒေသာပင် လှူဒါန်းခဲ့ပါတယ်။ ဆရာတော်သံဃာတော်ကြီးတွေကလည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကြပါတယ်။ စစ်တွေနဲ့ရသေ့တောင် ဘုန်းတော်ကြီးကျောင်းတွေကို ရောက်တဲ့အခါ ဆရာတော်ကြီးတွေရဲ့ ဩဝါဒ တူညီနေတာကို ထူးခြားစွာ တွေ့ရပါတယ်။

သဘောကတော့ အမျိုးသားရေးခံစားချက် အတူတူပဲဆိုတာ ပြောချင်တာပါ။ ဩဝါဒတွေထဲက နံပါတ်တစ်အချက်ကတော့ တစ်ဖက်နိုင်ငံကို ထွက်ပြေးသွားတဲ့သူတွေကို ပြန်လည် လက်ခံရာမှာ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေနဲ့ ကိုက်ညီရမယ်။ နောက်တစ်ချက်က ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံသဘောတူညီချက်တွေနဲ့ကိုက်ညီဖို့နဲ့ အထောက်အထားခိုင်လုံမှသာ ပြန်လက်ခံဖို့ဆိုတဲ့ ဩဝါဒတွေပေးခဲ့ပါတယ်။

နောက်တစ်ချက်က နယ်စပ်ခြံစည်းရိုးကာရံဖို့ဆိုရာမှာ ယခင်ကာသွားတဲ့ခြံစည်းရိုးအဟောင်းက မခိုင်မခံ့ဖြစ်နေပါတယ်။ လူတွေလည်း ဥဒဟိုဖြတ်သန်းနေကြတယ်လို့ ဆရာတော်ကြီးတွေက မိန့်ကြားပါတယ်။

အခု မြန်မာနိုင်ငံ မောင်တောနယ်စပ် ခြံစည်းရိုးကို နိုင်ငံတော်ကနေ ငွေကျပ်ဘီလီယံပေါင်း ၆၀ (ကျပ်သန်းပေါင်း ခြောက်သောင်း) အကုန်အကျခံ တည်ဆောက်မယ်လို့ဆိုတယ်။ ဒီလို ကျပ်သန်းပေါင်းများစွာ အကုန်အကျခံပြီး တည်ဆောက်ရာမှာ ပလိုင်းပေါက်နဲ့ ဖားကောက်သလို မဖြစ်ဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်း၊ ပြည်သူ့ဘဏ္ဍာငွေတွေ ကုန်သလောက် ခိုင်ခံ့ကောင်းမွန်တဲ့ ခြံစည်းရိုး ဖြစ်ဖို့ လိုတယ်ဆိုတဲ့အကြောင်း၊ ဆောက်ထားပြီးတဲ့ ခြံစည်းရိုးကိုလည်း ပြည်နယ်အစိုးရအဖွဲ့နဲ့အတူ အင်ဂျင်နီယာပညာရှင်တွေပါ ပါဝင်တဲ့ အဖွဲ့ကစစ်ဆေးကြပ်မတ်ပြီး သဘောတူလက်ခံမှ အတည်ပြုဖို့ မှာကြားပါတယ်။

နောက်တစ်ချက်က ခြံစည်းရိုးတစ်ခုတည်းသာမက ပင်လယ်ပြင်ဘက် ပင်လယ်ကမ်းရိုးတန်းဘက်ကနေ လုံခြုံရေးစောင့်ကြပ်ဖို့ အရေးကြီးတယ်ဆိုတဲ့အကြောင်း မှာကြားပါတယ်။ နောက်ကုလသမဂ္ဂအဖွဲ့အစည်းတွေက ပြည်ပအကူအညီတွေပေးတဲ့အခါမှာ သူတို့သဘောအတိုင်း မပေးစေလိုကြောင်း၊ ပြည်နယ်အစိုးရရဲ့ကြီးကြပ်မှု၊ ဒေသအုပ်ချုပ်ရေးအဖွဲ့တွေရဲ့ ကွပ်ကဲမှုတွေနဲ့ပေးမှသာ မျှမျှတတ ဖြစ်မှာဖြစ်ကြောင်း၊ ဒီလိုမှမလုပ်ရင် တိုင်းရင်းသားတွေဘက်မှာ လုံးဝမရတာမျိုးရှိကြောင်း၊ မျှမျှတတ ပေးဖို့လိုတယ်ဆိုတဲ့အကြောင်းတွေကို အဓိကထား ပြောကြားပါတယ်။

ဟုတ်ကဲ့၊ အခုလိုဖြေကြားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ခင်ဗျား။

**တွေ့ဆုံမေးမြန်း- အောင်ကျော်ဦး**
**ဓာတ်ပုံ- ဟန်လင်းနိုင်**

## အလင်္ကာကျော်စွာ ကာတွန်းဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့် တန်ဆောင်တိုင် ကာတွန်းပြိုင်ပွဲ၊ ပြပွဲနှင့် မီးထွန်းပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် ၁၃ လမ်းအောက်ပိုင်းတွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော တန်ဆောင်တိုင် မီးထွန်းပွဲတော်နှင့် အလင်္ကာကျော်စွာ ကာတွန်းဦးဘဂျမ်းအား ဂုဏ်ပြုသောအားဖြင့် ကာတွန်းပြိုင်ပွဲ၊ ပြပွဲကို နိုဝင်ဘာ ၁ ရက်တွင် ၇၄ ကြိမ်မြောက်အဖြစ် ကျင်းပကြောင်း သိရသည်။

အဆိုပါကာတွန်း ပြပွဲ၊ ပြိုင်ပွဲကို အောက်တိုဘာ ၁ ရက်မှ ၄ ရက်အထိ ပြသသွားမည်ဖြစ်ပြီး ဆုပေးပွဲကို နိုဝင်ဘာ ၃ ရက် (လပြည့်နေ့)တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ ယင်းကာတွန်းပြိုင်ပွဲ၊ ပြပွဲတွင် နာမည်ကျော်ကာတွန်းဆရာများ အပါအဝင် ရေးဆွဲပါဝင်ကြသည့် ကာတွန်းဆရာပေါင်း ၁၆၀ ကျော်ရှိပြီး ချိတ်ဆွဲပြသထားသည့် ကာတွန်းပုံပေါင်း ၄၀၀ ဝန်းကျင်ခန့်ရှိကာ ကာတွန်းပညာရှင်များက တစ်ဦးလျှင်တစ်ပုံမှ ငါးပုံအထိ ပါဝင်ရေးဆွဲပြသထားကြောင်း သိရသည်။ ပြိုင်ပွဲဝင် ကာတွန်းများမှာ "ဒို့ပြည်၊ ဒို့မြေ" ခေါင်းစဉ်ဖြင့် ပြိုင်ပွဲဝင်ရေးဆွဲထားကြပြီး ပထမ၊ ဒုတိယ၊ တတိယဆု တစ်ဆုစီနှင့် နှစ်သိမ့်ဆုနှစ်ဆု သတ်မှတ်ချီးမြှင့်ထားကြောင်း သိရသည်။

ယင်းကာတွန်းပြိုင်ပွဲ၊ ပြပွဲ စီစဉ်ကျင်းပရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မေသူက "ဒီပွဲလေးမှာ အသက် ၁၆ နှစ်အထက် ဘယ်သူမဆို ဝါသနာရှင်ပဲဖြစ်ဖြစ်၊ ပညာရှင်ပဲဖြစ်ဖြစ် ပါဝင်ရေးဆွဲယှဉ်ပြိုင်နိုင်တယ်၊ လပြည့်နေ့ကျရင် ဆုရတဲ့သူတွေကို ဆုပေးမယ်၊ ပြီးတော့ ပါဝင်ရေးဆွဲပြသကြတဲ့ ကာတွန်းပညာရှင်တွေကိုလည်း လက်ဆောင်တွေပေးမယ့်အပြင် ပြသထားတဲ့ကာတွန်းတွေထဲကမှ ပရိသတ် အကြိုက်ဆုံး ကာတွန်းဆရာတွေကို တစ်ဦးကို တစ်သိန်းချီးမြှင့်ပေးသွားမယ်လို့ စီစဉ်ထားပါတယ်၊ ထူးခြားတာလေးတစ်ခုက မနှစ်ကစပြီးတော့ ပါဝင်ပြသကြတဲ့ ကာတွန်းပညာရှင်တွေရဲ့ ကာတွန်းပုံ တစ်ပုံစီပါဝင်တဲ့ အမှတ်တရစာအုပ်လေး ထုတ်ပေးထားပြီး ပြပွဲမှာတစ်အုပ်ကို တစ်ထောင်ကျပ်နဲ့ ရောင်းချပေးပါတယ်၊ ဒီအမှတ်တရ စာအုပ်လေးကိုလည်း ဖြစ်သလိုမဟုတ်ဘဲ သေသေချာချာလေး လုပ်ထားပါတယ်၊ ခေါင်းစဉ်အမျိုးမျိုး၊ အမြင်အမျိုးမျိုးနဲ့ ပြသထားတဲ့ ကာတွန်းလေးတွေကို လာကြည့်ကြပြီး အသိတရားလေးတွေ၊ အမြင်လေးတွေ ရသွားရင် ကျေနပ်ပီတိဖြစ်ရပါတယ်"ဟု ပြောသည်။



**သတင်းနှင့်ဓာတ်ပုံ-ဇာဏီ**

**✱ မုံရွာမှ**

"ကျွန်တော်လေယာဉ်ပျံလုပ်တယ်ဆိုတာ ကျွန်တော်စီးချင်သလို သူများတွေလည်း စီးချင်မှာပဲလေ၊ အဲဒါကြောင့် လေယာဉ်ကို တည်ဆောက်ဖြစ်တာပါ၊ လေယာဉ်ကို ရှစ်လလောက်အချိန်ယူတည်ဆောက်ရပါတယ်၊ အရင်ဆုံး သစ်သားနဲ့လေယာဉ်သေးသေးလေးတွေလုပ်ပြီးမှ အကြီးကိုတည်ဆောက်တာပါ၊ စက်တွေတပ်ဆင်ဖို့ကို ကိုယ့်ဘာသာကိုယ် လေ့လာမေးမြန်းပြီး တပ်ဆင်ထားတာပါ၊ လေယာဉ်ကွင်းလည်းမရောက်ဖူးသလို လေယာဉ်ပျံတွေကိုလည်း တစ်ခါမှ သွားမလေ့လာဖူးပါဘူး၊ ရွာကလည်း ကူညီထောက်ပံ့ပေးပါတယ်၊ လွန်ခဲ့တဲ့ ရှစ်လလောက်ကတည်းက လေယာဉ်တည်ဆောက်တာ ၁၅ သိန်းနီးပါးလောက်တော့ကုန်ပါတယ်၊ လေယာဉ်ကိုယ်ထည်ကို ကျွန်းသားနဲ့တည်ဆောက်ထားပြီး ဘီးကိုတော့ဆိုင်ကယ်ဘီးသုံးလုံး တပ်ထားပါတယ်၊ လေယာဉ်တောင်ပံက ၁၇ ပေရှည်ပြီး လေယာဉ်ကိုယ်ထည်အရှည်က ၁၄ ပေ၊ အမြင့်က ငါးပေခွဲရှိပြီး တစ်ဦးတည်းပဲစီးလို့ရပါတယ်"ဟု လေယာဉ်ငယ်တည်ဆောက်သူ ကိုကျော်ဇင်ဝင်းက ပြောသည်။

တန်ဆောင်မုန်းလပြည့်နေ့ လေယာဉ်စမ်းသပ်ပျံသန်းရန်စီစဉ်ထားမှုနှင့် ပတ်သက်၍ ကျွန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူးဦးတင်မြင့်က "လေယာဉ်ပျံသန်းဖို့ မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးကတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်အထိ တင်ပြထားပါတယ်၊ လက်ရှိမှာ ခွင့်ပြုချက်တော့ မကျသေးပါဘူး၊ ကျွန်တော်တို့ရွာအနေနဲ့ ရည်ရွယ်ချက်ကတော့ တန်ဆောင်မုန်းလပြည့်နေ့မှာ စမ်းသပ်ပျံသန်းဖို့ လုပ်ထားပေမယ့် ခွင့်ပြုချက်မရသေးတဲ့အတွက် စောင့်ရဦးမှာပါ" ဟုပြောသည်။

မုံရွာမြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးဦးကြည်နိုင်အနေဖြင့် လေယာဉ်စမ်းသပ်ပျံသန်းမှုကို ခွင့်မပြုသေးဘဲ မုံရွာခရိုင်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် တိုင်းဒေသကြီးအစိုးရအဖွဲ့သို့ အောက်တိုဘာ ၃၁ ရက်က တင်ပြထားကြောင်း သိရသည်။

"ဒီကလေးရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံတော်ကပံ့ပိုးမယ်ဆိုရင် တစ်ဖက်တစ်လမ်းက နိုင်ငံတော်ကိုအကျိုးပြုချင်တယ်လို့သိရတာ အားရစရာပါ၊ မိဘတွေက တောင်သူလုပ်ငန်းလုပ်ပြီး ဒီကလေးက အခုလက်သမားလုပ်နေပါတယ်၊ ကျွန်တော်တို့ရွာအနေနဲ့က အခုလို ထူးထူးခြားခြား တီထွင်နိုင်တော့ အထူးဝမ်းသာရပါတယ်၊ ကလေးရဲ့စိတ်ဆန္ဒကပြင်းပြနေတော့ ဝန်ကြီးချုပ်တို့အနေနဲ့ ခွင့်ပြုပေးစေချင်ပါတယ်"ဟု ကျွန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူးဦးတင်မြင့်က ပြောသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ARSA အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုဖြစ်စဉ်တွင် ပျောက်ဆုံးခဲ့သည့် သေနတ် နှစ်လက် သိမ်းဆည်းရမိ



**နေပြည်တော် နိုဝင်ဘာ ၁**
ရခိုင်ပြည်နယ် မောင်တောမြို့နယ် မြင်းလွတ်ရွာသစ်ကျေးရွာမှ အဒူလာကိန်း၏ နေအိမ်အနောက်ဘက်မှ ယမန်နေ့ နံနက် ၁၀ နာရီကျော်က BA-94 တစ်လက်၊ ကျည်ကတ်တစ်ခု၊ ခြောက်လုံးပြူး တစ်လက်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ်၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေး အဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့သည် မြင်းလွတ်ရွာသစ်၌ ကျေးရွာမြေပုံရေးဆွဲခြင်းနှင့် အဆောက်အအုံမှတ်တမ်းတင်ခြင်း ကွင်းဆင်းစစ်ဆေးမှုပြုလုပ်နေစဉ်တွင် လူမနေသော အဒူလာကိန်း၏ နေအိမ်အနောက်ဘက်တွင် မြေပွနေသဖြင့် တူးဖော်ရာ ပီနံအိတ်အတွင်းမှ အဆိုပါလက်နက်များ တွေ့ရှိခြင်းဖြစ်သည်။

အဆိုပါ လက်နက်များသည် ဩဂုတ် ၂၅ ရက် တိုက်ခိုက်မှုဖြစ်စဉ်တွင် မြင်းလွတ်နယ်မြေရဲစခန်းမှ ပျောက်ဆုံးခဲ့သည့် သေနတ်များဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## နေအိမ်အတွင်းဝင်ရောက်ခိုးမှုကျူးလွန်သူများကို အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**ရန်ကုန် နိုဝင်ဘာ ၁**
ဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက်နေ ဦး/----၏နေအိမ်အတွင်းမှ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက Samsung အမျိုးအစား လက်ကိုင်ဖုန်းသုံးလုံး၊ iphone 6 တစ်လုံး၊ လည်သာအညိုရောင်ပိုက်ဆံအိတ်နှင့် အိတ်အတွင်း ထည့်ထားသော ငွေကျပ်တစ်သိန်းနှင့် ATM ကတ် တစ်ခု၊ အမျိုးသမီးကိုင် အညိုရောင်နှင့် ပန်းရောင်ပိုက်ဆံအိတ်နှစ်အိတ်အတွင်းမှ ငွေကျပ် ၁၆၀၀၀၀ နှင့် မျက်နှာသစ်ဆေးဘူးတစ်ဘူး၊ VeVe တံဆိပ်ပါ ပိုက်ဆံအိတ်နှင့် အိတ်အတွင်းမှ ငွေကျပ် ၃၀၀၀၀ စုစုပေါင်းတန်ဖိုးငွေကျပ် ၁၈၉၅၅၀၀ တို့မှာ ခိုးယူခံရ၍ ပျောက်ဆုံးနေကြောင်း တိုင်တန်းချက်အရ ဆိပ်ကမ်းမြို့မရဲစခန်းက ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်ခဲ့သည်။





သန်းထိုက်စိုး၊ ကျော်ဇင်လတ်နှင့် သက်သေခံပစ္စည်းများကို တွေ့ရစဉ်။

ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးရမိရေး ဆိပ်ကမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၃၀ ရက် နံနက် ၁ နာရီတွင် လှည့်ကင်း၊ ဝပ်ကင်းများဖြင့် ဆောင်ရွက်စဉ် ဆိပ်ကမ်းမြို့နယ် မိသားစုရပ်ကွက် ကွန်ကရစ်လမ်းမပေါ်တွင်ရပ်ထားသည့် ကွန်တင်နာယာဉ်နှစ်စီးကြား၌ မင်္ဂလာဒုံမြို့နယ်နေ သန်းထိုက်စိုး (၂၄)နှစ်အား Samsung A 5 အမျိုးအစား လက်ကိုင်ဖုန်းတစ်လုံးနှင့်အတူ တွေ့ရှိသဖြင့် စစ်ဆေးရာ အဆိုပါလက်ကိုင်ဖုန်းမှာ အမှုမှ ပျောက်ဆုံးလက်ကိုင်ဖုန်းဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ဖမ်းဆီးရမိသူ သန်းထိုက်စိုးအား အမှုဖြင့်တိုက်ဆိုင်စစ်ဆေးခဲ့ရာ အဆိုပါအမှုကို ကျော်ဇင်လတ်နှင့်အတူ ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ကျော်ဇင်လတ် (၂၀)နှစ်အား ဖမ်းဆီးရမိရေးဆောင်ရွက်ခဲ့ရာ ယင်းနေ့ နံနက် ၄ နာရီတွင် ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်း သင်္ဘောဆိပ်အနီးမှ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ သန်းထိုက်စိုးအားစစ်ဆေးရာ ၎င်းသည် အောက်တိုဘာ ၂၉ ရက် နံနက် ၁ နာရီတွင် ဆိပ်ကမ်းမြို့နယ် ပန်းဆိုးတန်းသင်္ဘောဆိပ်၌ သူငယ်ချင်းဖြစ်သူ ကျော်ဇင်လတ်နှင့်တွေ့ဆုံစဉ် ငွေလိုနေသဖြင့် ခိုးမှုကျူးလွန်ရန်တိုင်ပင်ခဲ့ကြပြီး ဗိုလ်တထောင်စေတီတော်ဘက်သို့ ကွန်ကရစ်လမ်းအတိုင်း နှစ်ဦးအတူ လမ်းလျှောက်လာစဉ် နံနက် ၂ နာရီခန့်၌ တိုးဂိတ်အနီး နှစ်ထပ်တိုက်နေအိမ်တစ်လုံးအားတွေ့ရှိသဖြင့် ၎င်းမှ ခြံဝင်းအတွင်းသို့ဝင်ရောက်၍ ကျော်ဇင်လတ်ကို ပတ်ဝန်းကျင်အခြေအနေအား စောင့်ကြည့်ရန် အပြင်ဘက်တွင် ထားခဲ့ကြောင်း၊ အိမ်နောက်ဖေးတံခါးမှတစ်ဆင့် နေအိမ်အတွင်းဝင်ရောက်၍ နေအိမ်အပေါ်ထပ်သို့တက်ကာ အမှုမှပျောက်ဆုံးလက်ကိုင်ဖုန်းများနှင့် ပိုက်ဆံအိတ်လေးအိတ်တို့အား ခိုးယူခဲ့ကြောင်း ပေါ်ပေါက်သဖြင့် သက်သေခံပစ္စည်းများ ပြန်လည်သိမ်းဆည်းနိုင်ခဲ့သည်။

ယင်းသို့ နေအိမ်အတွင်းဝင်ရောက်ခိုးယူသူ သန်းထိုက်စိုးနှင့် ကျော်ဇင်လတ်တို့အား အခြားခိုးမှုများ ကျူးလွန်ခြင်း ရှိ၊ မရှိ တိုက်ဆိုင်စစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## မုံရွာမြို့နယ်တရားရုံးအချုပ်မှ ဖောက်ထွက်ပြေးသူ လေးဦးကို စုံစမ်းရှာဖွေမှုများ ဆောင်ရွက်လျက်ရှိ

**မုံရွာ နိုဝင်ဘာ ၁**
မုံရွာမြို့နယ်တရားရုံးအချုပ်မှ အောက်တိုဘာ ၃၁ ရက် ညနေပိုင်းက ဖောက်ထွက်ပြေးသော အချုပ်သားခုနစ်ဦးအနက် သုံးဦးပြန်မိပြီး လေးဦး ထွက်ပြေးသွားရာ စုံစမ်းရှာဖွေမှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့တာဝန်ရှိသူထံမှ သိရသည်။

မုံရွာမြို့နယ်တရားရုံးအချုပ်သို့ တရားရုံးစစ်ဆေးရန်အတွက် မုံရွာ အကျဉ်းထောင်မှထုတ်ယူ၍ ချုပ်နှောင်ထားသော တရားရုံးစစ်ဆေးဆဲ အချုပ်တရားခံများထဲမှ ခုနစ်ဦးသည် အောက်တိုဘာ ၃၁ ရက် ညနေ ၄ နာရီခန့်က ဖောက်ထွက်ပြေးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ မုံရွာမြို့နယ်တရားရုံးအချုပ်၏ ယာဘက်အချုပ်ခန်းသစ်သားတိုင်ကို ဖောက်ထွက်ကာ ပြေးခြင်းဖြစ်ပြီး ထွက်ပြေးသူ ခုနစ်ဦးအနက် သုံးဦးကို အချိန်တိုအတွင်းပြန်မိပြီး လေးဦးကို စုံစမ်းရှာဖွေနေဆဲဖြစ်ကြောင်း မုံရွာခရိုင်ရဲတပ်ဖွဲ့မှူးထံမှ သိရသည်။ အချုပ်ဖောက်ထွက်ပြေး အချုပ်တရားခံ ခုနစ်ဦးသည် မူးယစ်ဆေးဝါးဖြင့် ဖမ်းမိသူခြောက်ဦးနှင့် သက်ငယ်မုဒိမ်းမှု တစ်ဦးပါဝင်ပြီး ပြန်ဖမ်းမိသော တရားခံသုံးဦးကို လျှပ်စစ်ဝင်း အနီး တစ်ဦးနှင့် သစ်တောရုံးအနီးမှ နှစ်ဦးကို ပြန်မိခြင်းဖြစ်ကြောင်း သိရသည်။ ပြန်မိသူများသည် မူးယစ်ဆေးဝါးဖြင့်ဖမ်းထားသူ နှစ်ဦးနှင့် သက်ငယ်မုဒိမ်းမှု တစ်ဦးတို့ဖြစ်ပြီး ထွက်ပြေးလွတ်မြောက်နေဆဲအချုပ်သားလေးဦးသည် မူးယစ်အချုပ်သားများဖြစ်ကာ အောက်တိုဘာ ၃၁ ရက် ညနေပိုင်းတွင် မုံရွာမြို့နယ်တရားရုံးအချုပ်ခန်းအတွင်း အမျိုးသားအချုပ်ကျသူ ၅၂ ဦးနှင့် အမျိုးသမီးအချုပ်ကျသူတစ်ဦး စုစုပေါင်း ၅၃ ဦးရှိနေချိန် ဖြစ်ပွားခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



ကမာရွတ်မြို့နယ် အခြေခံပညာအထက်တန်းကျောင်းအမှတ် ၂ နှင်းဆီခန်းမ၌ အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ခေတ္တမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးစောနောင်၊ ယာဉ်ထိန်းတပ်ဖွဲ့စု ၃၉ မှ ဒု-ရဲမှူးဇော်မျိုးထွန်း၊ မူးယစ်တပ်ဖွဲ့ ၄၂ မှ ရဲတပ်ကြပ်ကြီး မင်းဇော်အောင်နှင့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒု-ရဲအုပ် သက်ထွန်းအောင်တို့က ကျောင်းသားကျောင်းသူများအား မူခင်းပညာပေးယာဉ်ဖြင့် မူခင်းအန္တရာယ်ပညာပေး ရှင်းလင်းပြသစဉ်။ **ခင်မောင်သော်**



ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အမျိုးသားနေ့အကြို လူထုအခြေပြုဗဟိုဌာန ဆောင်ရွက်မှုအဖြစ် စာစီစာကုံးနှင့် ကဗျာရွတ်ပြိုင်ပွဲကို အောက်တိုဘာ ၂၉ ရက်က ပြုလုပ်ရာ ကျောင်းသူလေးများ ကဗျာရွတ်ဆိုပြိုင်ပွဲဝင်နေစဉ်။ **ဟိန်းထက်(ခရိုင်/ပြန်ဆက်)**

## အရည်အသွေးကောင်းမျိုးစေ့ထုတ်လုပ်ပွားများ စိုက်ပျိုးနိုင်ရန် ထပ်မံနှိုးဆော်

မြန်မာနိုင်ငံ၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများ ဝင်ငွေတိုးတက်ကာ အကျိုးအမြတ်ရရှိရေးအတွက် သီးနှံများ စိုက်ပျိုးထုတ်လုပ်ရာတွင် အထွက်နှုန်းမြင့်မား၍ အရည်အသွေးကောင်းမွန်သော စပါးသီးနှံအပါအဝင် သီးနှံများ၏ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ထုတ်လုပ်ပွားများပြီး လွယ်လင့်တကူ ရယူစိုက်ပျိုးနိုင်ရေးမှာ အထူးပင် လိုအပ်လျက်ရှိသည်။

စပါးသီးနှံ မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်းအား မျိုးစေ့ထုတ်တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပူးပေါင်း၍ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဧက ၁၀၀၀၀ စိုက်ပျိုးထုတ်လုပ်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ၆၉၇၃၄ ဧက တိုးမြှင့်စိုက်ပျိုးဆောင်ရွက်လျက်ရှိသည်။ စိုက်ပျိုးရေးဦးစီးဌာနပိုင် ခြံ/စိုက်ကွင်းများနှင့် တောင်သူများပူးပေါင်း၍ အကျိုးတူမျိုးစေ့ထုတ်လုပ်ခြင်းနှင့် ဌာန၏ ကြီးကြပ်မှုဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူများပူးပေါင်း၍ (Private Public Producers Partnership-PPPP) မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းများသည် နိုင်ငံတော်၏အကျိုး၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့်တောင်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းမှုကို ကောင်းစွာဆောက်တည်နိုင်သည့် ပူးပေါင်းဆောင်ရွက်မှုရလဒ်အဖြစ် လက်တွေ့အကျိုးကျေးဇူးများစွာ ခံစားရရှိနေပြီဖြစ်သည်။

မျိုးစေ့ထုတ်လုပ်မှုကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် စိုက်ပျိုးရေးဦးစီးဌာနမှ အရည်အသွေးကောင်းမျိုးစေ့၊ နည်းပညာနှင့် ပြည်တွင်း၊ ပြည်ပမှ အရင်းအနှီးများရရှိနိုင်ရေး ကူညီဆောင်ရွက်ပေးမည် ဖြစ်ပြီး ရင်းနှီးမြှုပ်နှံလိုသူ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် တောင်သူလယ်သမားများ အနေဖြင့် ပါဝင်ဆောင်ရွက်နိုင်ပါရန် ထပ်မံနှိုးဆော်အပ်ပါသည်။ အသေးစိတ်သိရှိလိုပါက နီးစပ်ရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာနရုံးများနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်(နည်းပညာ) နေပြည်တော်ရုံးချုပ် ဖုန်း-၀၆၇-၄၁၀၂၃၉၊ ၄၁၀၅၆၈ တို့သို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန**

## မံစီမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၁**
မန်ဝိန်းကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီခွဲတွင် မံစီမြို့နယ် မန်ဝိန်းကြီးကျေးရွာ အမှတ်(၂)ရပ်ကွက်လမ်းမပေါ်တွင် အာချိအား ရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ကိုလည်းကောင်း၊ ထို့အတူ ယင်းနေ့ ည ၁၁ နာရီကျော်က မူးယစ်တပ်ဖွဲ့စု (၂၅) တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့အထွက် ပူးပေါင်းစစ်ဆေးရေးစခန်းတွင် မောင်လိတ် မောင်းနှင်ပြီး မနန်းဟိန်းနှင့် မငဲဗွာတို့လိုက်ပါလာသည့် မော်တော်ယာဉ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ ကိုလည်းကောင်း၊ အလားတူ နံနက် ၁၁ နာရီခွဲက မူးယစ်တပ်ဖွဲ့စု(၂၈)ကျိုင်းတုံမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျိုင်းတုံမြို့နယ် ကြိတ်ခေါင်(အောက်)ကျေးရွာနေ အားဒေါင်၏ နေအိမ်ကိုရှာဖွေရာ ဆေးပြား ၉၄၀၀ သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄) အနိုင်/အရှုံးရလဒ်များ

| | | | |
|---|---|---|---|
| မန်ယူ | ၂ - ၀ | ဘင်ဖီကာ |
| ဘေဆယ်လ် | ၁ - ၂ | စီအက်စ်ကေအေ |
| ပီအက်စ်ဂျီ | ၅ - ၀ | အန်ဒါလက်ချ် |
| ဆဲလ်တစ် | ၁ - ၂ | ဘိုင်ယန်မြူးနစ် |
| အေတီမတ် | ၁ - ၁ | ကာရာဘတ် |
| ရိုးမား | ၃ - ၀ | ချယ်လ်ဆီး |
| စပို့တင်းလစ္စဘွန်း | ၁ - ၁ | ဂျူဗင်တပ် |
| အိုလံပီယာကို့စ် | ၀ - ၀ | ဘာစီလိုနာ |

(ခိုင်ဝင်း)

## ဟယ်ရီကိန်းကို စီရိုနယ်လ်ဒိုနှင့်ပင် မလဲနိုင်

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းမှာ ကမ္ဘာ့အကောင်းဆုံးတိုက်စစ်မှူး ဖြစ်ပြီး မည်သူနှင့်မျှ မလဲနိုင်ကြောင်း၊ နောက်ဆုံး စီရိုနယ်လ်ဒိုနှင့်ပင် မလဲနိုင်ကြောင်း စပါးနောက်ခံလူ ဂျန်ဗာတိုဂန်က ထုတ်ဖော်ပြောကြားလိုက်သည်။ ဗာတိုဂန်က စီရိုနယ်လ်ဒိုနှင့် ဟယ်ရီကိန်းတို့နှစ်ဦးစလုံး မယုံကြည်နိုင်လောက်အောင် ကောင်းမွန်သူများဖြစ်ပြီး စီရိုနယ်လ်ဒိုတွင် အရည်အသွေးများစွာရှိသလို ဟယ်ရီကိန်းတွင်လည်း ထိုသို့သော စွမ်းရည်မျိုးရှိကြောင်း ချီးမွမ်းစကားဆိုခဲ့သည်။

ဗာတိုဂန်က စီရိုနယ်လ်ဒိုမှာ နှစ်ပေါင်းများစွာ သူ၏ စွမ်းဆောင်ရည်ကိုထိန်းသိမ်းပြီး ကမ္ဘာ့အကောင်းဆုံးဆိုသည်ကို မှတ်ကျောက်တင်ခဲ့ပြီးဖြစ်သောကြောင့် ဟယ်ရီကိန်းနှင့်နှိုင်းယှဉ်ရန် ခက်ခဲမည်ဖြစ်သော်လည်း သူ့အတွက်မူ ဟယ်ရီကိန်းသာ ကမ္ဘာ့အကောင်းဆုံး တိုက်စစ်မှူးဖြစ်ကြောင်း ဗာတိုဂန်က ဆိုခဲ့သည်။



## မန်ယူ ပရိသတ်များကို ထပ်မံ ဆွလိုက်ပြန်တဲ့ မော်ရင်ဟို



မော်ရင်ဟိုက လူကာကူကို လူစားမလဲခဲ့တဲ့အတွက် သူ့ကို ဝေဖန်နေတဲ့ ပရိသတ်တွေအပေါ် နောက်တစ်ကြိမ် တူးဆွလိုက်ပြန်ပြီဖြစ်သည်။ မန်ယူ ပရိသတ်အများစုက စပါးနဲ့ပွဲစဉ်အတွင်း နောက်ပိုင်းပွဲတွေမှာ ခြေစွမ်းပျောက်ပြီး ရုန်းကန်နေရတဲ့ လူကာကူကို လူစားမလဲဘဲ ပုံစံကောင်းရနေတဲ့ ရက်ရှ်ဖို့ဒ်ကိုသာ ထုတ်ခဲ့တဲ့ မော်ရင်ဟိုရဲ့ ဆုံးဖြတ်ချက်ကို ဝေဖန်ခဲ့ရာမှာ မော်ရင်ဟိုက လူကာကူဟာ မန်ယူအတွက် တို့ထိလို့မရတဲ့ ကစားသမား၊ အားလုံး လေးစားရမယ့်သူလို့ သုံးနှုန်းပြီး တုံ့ပြန်ခဲ့သည်။

ယင်းသို့ပြောပြီး နောက်တစ်ရက် ဘင်ဖီကာကို နှစ်ဂိုးပြတ် အနိုင်ရရှိခဲ့သော ပွဲစဉ်အပြီးမှာပင် မော်ရင်ဟိုက မန်ယူပရိသတ်များ၏ ဝေဖန်မှုအပေါ် ထပ်မံစာတစ်စောင်ရေးသားကာ ထိုးနှက်ခဲ့ပြန်သည်။

မော်ရင်ဟိုက "စပါးနဲ့ပွဲမှာ လုပ်ဆောင်ခဲ့ကြသူ အချို့ အခုတော့ ပိုမိုကျေနပ်လိမ့်မယ်လို့ ကျွန်တော် မျှော်လင့်ပါတယ်" ဟု စာသားအစချီရေးသားခဲ့ရာ ယင်းသို့ မန်ယူပရိသတ်များကို ကသိကအောက်ဖြစ်အောင် လုပ်ဆောင်ခြင်းက လေးရက်အတွင်း သုံးကြိမ်မြောက်ဖြစ်သည်။ မန်ယူ ပရိသတ်အများစုကလည်း မော်ရင်ဟိုရဲ့ ယင်းသို့ပြောဆိုနေမှု၊ ရေးသားနေမှုတို့ကို မကျေနပ်ကြောင်း ၎င်းတို့ရဲ့လူမှုကွန်ရက်များပေါ်မှာ ပြန်လည်ရေးသားခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်။ မော်ရင်ဟိုက အနည်းငယ် စိတ်ပျက်သည်ဆိုလျှင်တောင် ယင်းမှာ လူကာကူကို စိတ်ပျက်ခြင်း မဟုတ်ကြောင်း ဆိုခဲ့သည်။

မေလှဲသင်း ရေးသားသည်

## ရိုးမားကို ဂိုးပြတ်ရှုံးနိမ့်ပြီးနောက် စိုးရိမ်စိတ်ဖြစ်မိပြီဟု ကွန်တီ ဝန်ခံ

ချန်ပီယံလိဂ်ပြိုင်ပွဲတွင် ချယ်လ်ဆီးက ရိုးမားကို ဂိုးပြတ်အရေးနိမ့်ခဲ့ပြီးနောက် သူ့အနေဖြင့် စိုးရိမ်စိတ်ဝင်ခဲ့ရပြီဟု ချယ်လ်ဆီးနည်းပြ ကွန်တီက ဝန်ခံပြောကြားလိုက်သည်။ လီဗာပူးအသင်းခေါင်းဆောင်ဟောင်း ဂျာရတ်က အဆိုပါပွဲစဉ်မှာ နည်းပြ ကွန်တီလက်အောက် အဆိုးရွားဆုံးပွဲဖြစ်သည်ကို မြင်ရခြင်းဖြစ်သည်ဟု ဆိုခဲ့ပြီးဖြစ်သည်။ ချယ်လ်ဆီးသည် ပွဲအစ ၁ မိနစ်မှာပင် ရိုးမားအသင်းကို ဂိုးစတင်ခွင့်ပြုခဲ့ရပြီးနောက် နောက်ခံလူ ရူဒီဂါ၏ အမှားမှတစ်ဆင့် အယ်လ်ရှာရာဝီကပင် ပွဲချိန် ၃၆ မိနစ်တွင် ဒုတိယဂိုးကို ထပ်မံသွင်းယူသွားခဲ့သည်။

ကွန်တီက သူ့အသင်း၏ ကစားပုံကို ပြီးခဲ့သည့်လကပင် ကျေနပ်မှုမရှိကြောင်း ပြောကြားထားပြီးဖြစ်သလို ယခုလည်း "အသင်းတစ်သင်းက သုံးဂိုးပြတ်နဲ့ အရေးနိမ့်တယ်ဆိုရင် ဒါက ကစားပုံမကောင်းဘူးလို့ ဆိုလိုပါတယ်။ ကျွန်တော်တို့ ပထမပိုင်းကစားပုံအတော်ကောင်းတယ်။ ဒါပေမယ့် အဲဒီကတည်းက နှစ်ဂိုး-ဂိုးမရှိ ရလဒ်ထွက်နေတယ်။ ဒါက မျှတမှုမရှိဘူး။ ဒါပေမယ့် ဒုတိယပိုင်းမှာတော့ ကစားပုံအတော်ဆိုးရွားခဲ့ပါတယ်" ဟု ဝေဖန်ခဲ့သည်။ ကွန်တီက အသင်းအနေဖြင့် နည်းစနစ်ပိုင်းအတိုင်းကစားရန် လိုအပ်နေပြီဖြစ်ပြီး ယင်းကဲ့သို့ ဆိုးရွားသည့် ညမျိုး တစ်ကြိမ်သာဖြစ်ပေါ်ရန် မျှော်လင့်ကြောင်း ဆိုခဲ့သည်။

ချယ်လ်ဆီးမှာ ပထမပိုင်းအတွင်း ဂိုးသွင်းခွင့်များစွာဖန်တီးနိုင်ခဲ့သော်လည်း တိုက်စစ်မှူး မိုရာတာ ဂိုးသွင်းခွင့် အမြောက်အမြားကို ဖြုန်းတီးပစ်ခဲ့သဖြင့် ချေပဂိုးမရရှိခဲ့ခြင်းဖြစ်သည်။ ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်ကလည်း ကစားသမားများအနေဖြင့် စိတ်ပိုင်းဆိုင်ရာတိုးတက်ရန်လိုအပ်နေပြီး မန်ယူနှင့် ကစားမည့်ပွဲစဉ်တွင် တိုက်ပွဲဝင်စိတ်အပြည့်ဖြင့် ယှဉ်ပြိုင်နိုင်သည်ကို ပြသရန်လိုအပ်ကြောင်း ဆိုခဲ့သည်။ ယခုနှစ်တွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင် ပရီမီယာလိဂ်အသင်းငါးသင်းစလုံး ရှုံးပွဲတစ်ပွဲမျှ ကြုံတွေ့ခြင်းမရှိချိန်တွင် ချယ်လ်ဆီးက ပထမဦးဆုံး ရှုံးပွဲကြုံခဲ့ရခြင်းဖြစ်သည်။ ချယ်လ်ဆီး၏ ယခုနှစ် ခံစစ်ကစားပုံ ဆိုးရွားနေပြီး ဂျာရတ်ကလည်း ယင်းအချက်ကိုပင် အဓိကထောက်ပြဝေဖန်ခဲ့ပြီးဖြစ်သည်။

ကော်တိုရစ်က "တစ်ခါတလေ မန်ယူ၊ စီးတီးတို့လို အသင်းမျိုးနဲ့ ရင်ဆိုင်ရရင်တောင် လေး၊ ငါးကြိမ်လောက်ပဲ ဂိုးပေါက်ကာကွယ်မှုပြုခဲ့ရပေမယ့် ဒီရာသီမှာတော့ ခံစစ်ပိုင်းက ခက်ခက်ခဲခဲကို ရင်ဆိုင်နေရတာပါ။ ကျွန်တော်တို့ ဟန်ချက်ညီအောင် လုပ်ဆောင်ဖို့ ပြန်လည်လိုအပ်နေပြီဖြစ်သလို အခွင့်အရေးတွေ အများကြီး မပေးမိဖို့နဲ့ ပေးဂိုးမဲ့ပွဲတွေ အများကြီးကစားနိုင်တယ်ဆိုတာ ပြသဖို့ လိုအပ်ပါတယ်" ဟု ဆိုခဲ့သည်။ ပြီးခဲ့သည့်ရာသီ ချယ်လ်ဆီး၏နောက်တန်းခံစစ်တွင် ကစားသမားသုံးဦးထားကစားသည့် နည်းဗျူဟာမှာ အင်မတန်အလုပ်ဖြစ်ခဲ့ကာ ပရီမီယာလိဂ်ဖလားကို စောစောစီးစီးပင် ရယူပြခဲ့သည်။

## စီးရီးအေပွဲစဉ် ၁၂ မှာအနိုင်သေချာနေတဲ့ ဂျူဗင်တပ်

၂၀၁၇-၁၈ အီတလီစီးရီးအေရင်ခုနှ်သံ - ၁၂ ရှိုင်းမင်းမင်း

**အီတလီစီးရီးအေပြိုင်ပွဲရဲ့ ပွဲစဉ် ၁၂ ကို နိုဝင်ဘာလ ၄၊ ၅၊ ၆ ရက်နေ့တွေမှာကျင်းပသွားမှာဖြစ်ပြီး နာပိုလီကိုဖိအားပေးဖို့အားစိုက်နေတဲ့ ဂျူဗင်တပ်တို့နိုင်ပွဲရဖို့သေချာနေပါတယ်။**

**ဘိုလော့နာ - ခရိုတိုနီ ည ၁၁း၃၀ (၄-၁၁-၁၇)**

ဘိုလော့နာခြေက အားနည်းမှုတွေရှိနေပေမယ့် အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ ဘိုလော့နာတို့ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်မှာပါ။

**ဂျီနိုအာ - ဆမ်ဒိုးရီးယား နံနက် ၂း၁၅ (၅-၁၁-၁၇)**

ဆမ်ဒိုးရီးယားက အိမ်ကွင်းခြေစွမ်း အတော်လေးကောင်းမွန်သလောက် အဝေးကွင်းပွဲတွေမှာတော့ ခြေစွမ်းက ကျဆင်းတတ်သလို တိုက်စစ်ပိုင်းကအစ ဂိုးသွင်းခြေအားနည်းတတ်ပါတယ်။ ဂျီနိုအာက ခြေစွမ်းပိုင်းသာမန်သာရှိတယ်ဆိုပေမယ့်လည်း အိမ်ကွင်အားနဲ့ ဂရုတစိုက်ကစားလာဖို့ရှိပါတယ်။ ဆမ်ဒိုးရီးယားတို့ အမြင့်ဆုံးသရေလောက်ပဲရမယ်။

**အင်တာ - တိုရီနို ည ၆း၀၀ (၅-၁၁-၁၇)**

တိုရီနိုခြေစွမ်းပိုင်းမဆိုးဘူးဆိုပေမယ့်လည်း လက်ရှိအချိန်မှာ တိုက်စစ်ပိုင်းကတော့ ဂိုးသွင်းခြေအားနည်းမှုတွေရှိနေပါတယ်။ အထူးသဖြင့် လက်ရှိအချိန်မှာ အင်တာမီလန်က ခြေစွမ်းအရကောင်းမွန်မှုရှိနေသလို အိမ်ကွင်းဖြစ်နေတာကြောင့်လည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အင်တာမီလန်ကသာ အိမ်ကွင်းနိုင်ပွဲရယူသွားနိုင်ဖို့ရှိတယ်။

**ချီယေဗို - နာပိုလီ ည ၈း၃၀ (၅-၁၁-၁၇)**

ချန်ပီယံလိဂ်အပါအဝင် နာပိုလီတို့ ပွဲဆက်တွေများနေတာကို သတိပြုရဖို့ရှိပါတယ်။ လက်ရှိအချိန်မှာ နာပိုလီရဲ့ခြေစွမ်းက ကောင်းမွန်မှုရှိဆဲဆိုပေမယ့်လည်း တိုက်စစ်ပိုင်းကတော့ ပွဲပန်းမှုနဲ့အတူ ဂိုးသွင်းခြေအနည်းငယ်ကျလာတာကိုတွေ့ရပါတယ်။ ချီယေဗိုကလည်း အိမ်ကွင်းကစားပုံမဆိုးသလို ဒီပွဲမှာလည်း အိမ်ကွင်းအားနဲ့ အကောင်းဆုံးတုံ့ပြန်ကစားလာမှာဖြစ်တာကြောင့် နာပိုလီတို့ ဂိုးပြတ်နိုင်ပွဲရယူနိုင်ဖို့ဆိုတာ ခက်ခဲမှုတွေရှိလာနိုင်ပါတယ်။

**ဖီအိုရင်တီးနား - ရိုးမား ည ၈း၃၀ (၅-၁၁-၁၇)**

ပွဲကောင်းတစ်ပွဲဖြစ်ပါတယ်။ ဒီပွဲစဉ်မှာ နှစ်သင်းစလုံး အားစိုက်ကစားလာမှာဖြစ်ပေမယ့်လည်း ဖီအိုရင်တီးနားထက် ရိုးမားက ပွဲဆက်တွေပိုများနေပါတယ်။ ရိုးမားက အဝေးကွင်းပွဲတွေမှာ ကစားပုံရော တိုက်စစ်ပိုင်းပါ အားနည်းမှုတွေရှိတတ်တာကြောင့် ဖီအိုရင်တီးနားကို အသာရဖို့ခက်ပါတယ်။ ဖီအိုရင်တီးနားခြေက သာမန်သာရှိပေမယ့်လည်း အမှတ်လိုအပ်နေလို့ အိမ်ကွင်းမှာ အားစိုက်ကစားလာမှာပါ။ ဖီအိုရင်တီးနား ကပ်နိုင်မယ်။

**ဂျူဗင်တပ် - ဘီနီဗန်တို ည ၈း၃၀ (၅-၁၁-၁၇)**

ဂျူဗင်တပ်က ချန်ပီယံလိဂ်အပါ အဝင်ပွဲဆက်တွေများနေတယ်ဆိုပေမယ့်လည်း နာပိုလီကို ဖိအားပေးနိုင်ဖို့ ဒီလိုပွဲမျိုးမှာ အနိုင်ရယူနိုင်အောင် ဂရုတစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ တန်းတက်ဘီနီဗန်တိုရဲ့ခြေစွမ်းကလည်း အားနည်းမှုတွေများနေတာကြောင့် ဂျူဗင်တပ်ရဲ့ အိမ်ကွင်းဖိအားပေးမှုကို ပွဲချိန်ပြည့်ထိန်းချုပ်နိုင်ဖို့ ခက်ပါတယ်။ အိမ်ကွင်းမှာ ဂျူဗင်တပ်ကသာ ခြေစွမ်းအသာရမှာဖြစ်သလို ဂိုးပြတ်နိုင်ပွဲတစ်ပွဲကိုလည်း ယူဆောင်နိုင်ဖို့သေချာနေပါတယ်။

**ဆာစူအိုလို - အေစီမီလန် နံနက် ၂း၁၅ (၆-၁၁-၁၇)**

ဆာစူအိုလိုခြေစွမ်းပိုင်းက အားနည်းမှုတွေများနေတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းကလည်း ဂိုးသွင်းခြေ အားနည်းမှုတွေရှိနေတာကြောင့် အိမ်ကွင်းဖြစ်ပေမယ့်လည်း အေစီမီလန်ကို အသာရယူနိုင်ဖို့ခက်ပါတယ်။ အေစီမီလန်က လက်ရှိအချိန်မှာ ခြေစွမ်းပိုင်းကျဆင်းနေပြီး ယူရိုပါလိဂ်ကြောင့်လည်း ပွဲဆက်တွေများနေတယ်ဆိုပေမယ့်လည်း စီးရီးအေမှာ အမှတ်ဆုံးရှုံးမှုတွေများခဲ့တာကြောင့် နိုင်ပွဲရယူနိုင်ရေး အားစိုက်လာဖို့ရှိနေပါတယ်။ အေစီမီလန် ကပ်နိုင်မယ်။

## ချန်ပီယံလိဂ်ပြိုင်ပွဲမှ ထူးခြားချက်အချို့

*ယနေ့နံနက်အစောပိုင်းက ယှဉ်ပြိုင်ခဲ့တဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ထူးခြားချက်အချို့ကို ရှာဖွေတင်ဆက်လိုက်ပါတယ်။*



### ဂျာဗီရဲ့ ဟော်လိုဝင်း

ဆဲလ်တစ်ကို ဘိုင်ယန်က နှစ်ဂိုး-တစ်ဂိုးနဲ့အနိုင်ရတဲ့ပွဲကို ဂျာဗီယာမာတီနက်ဇ်ရဲ့ ဟော်လိုဝင်းပါတီဆင်နွှဲတဲ့ညလို့ အမည်တပ်နေကြပါတယ်။ တစ်ဂိုးစီ သရေဖြစ်နေတဲ့အချိန်မှာ မာတီနက်ဇ်ဟာ ပွဲချိန် ၇၇ မိနစ်မှာ ဘိုင်ယန်အတွက် အဖိုးတန်အနိုင်ဂိုးကို ခေါင်းတိုက်သွင်းယူပေးခဲ့ပြီး ဒီခေါင်းတိုက်ချက်ကြောင့် ခေါင်းကွဲသွားကာ မျက်နှာတစ်ပြင်လုံး သွေးတွေပေကျံသွားခဲ့ပါတယ်။ ဒီလိုသွေးပေကျံနေတဲ့မျက်နှာဟာ ကမ္ဘာတစ်ဝန်း ဟော်လိုဝင်းပါတီနွှဲချိန်နဲ့လည်း တိုက်ဆိုင်နေတာကြောင့် မာတီနက်ဇ်လည်း ဘောလုံးပွဲကစားရင်း ဟော်လိုဝင်းပါတီနွှဲတာလို့ မီဒီယာတွေက အမည်တပ်နေကြပါတယ်။

### နောက်ခံလူတစ်ဦးရဲ့ ရှားရှားပါးပါး ဟက်ထရစ်ဂိုး

ပီအက်စ်ဂျီနဲ့ အန်ဒါလက်ချ်တို့ရဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲဟာ ကစားသမားလူအင်အားချင်းကွာတာကြောင့် ငါးဂိုးပြတ်နဲ့ အနိုင်ရတဲ့ ပီအက်စ်ဂျီအကြောင်းကို ထူးထူးခြားခြားပြောမနေတော့ပါဘူး။ ဒါပေမယ့် နောက်ခံလူ ကာဇာဝါက ပွဲချိန် ၅၂ မိနစ်၊ ၇၂ မိနစ်နဲ့ ၇၈ မိနစ်တွေမှာ ဂိုးတွေ ဆက်တိုက်သွင်းယူခဲ့တာကြောင့် ကာဇာဝါကို မီဒီယာတွေက "အားလုံးကို မှင်တက်သွားစေတဲ့ နောက်ခံလူ"ရယ်လို့ အမည်တပ်ခဲ့ကြပါတယ်။ တိုက်စစ်ကစားသမားတစ်ဦးတောင် ပွဲတစ်ပွဲတည်းမှာ ဟက်ထရစ်ဂိုးရဖို့ဆိုတာ လွယ်တာမဟုတ်တာကြောင့် အခုလို နောက်ခံလူတစ်ဦးက သုံးဂိုးသွင်းယူတယ်ဆိုတဲ့ မှတ်တမ်းကတော့ ဒီရက်သတ္တပတ်ရဲ့ အထင်ရှားဆုံးဖြစ်ရပ်လို့ ဆိုရတော့မှာပါ။



# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို အမျိုးသားလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**ယမန်နေ့မှအဆက်**

(စ) အလိုရှိသည့်မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများ၊ ထိခိုက်နစ်နာသူ မိသားစုများနှင့် စပ်လျဉ်း၍ လူမှုစီးပွားရေးဘဝထိခိုက်မှုဖြစ်နိုင်ခြေ သုံးသပ်တင်ပြချက်၊

(ဆ) အလိုရှိသည့်မြေတွင် အကျိုးစီးပွားသက်ဆိုင်သူများနှင့်စပ်လျဉ်း၍ ပြန်လည် နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ပေးမည့်အစီအစဉ်၊

(ဇ) မြေသိမ်းခြင်း လုပ်ငန်းစဉ်အရပ်ရပ်အတွက် ဘဏ္ဍာရေးနှင့်အခြား အထောက်အပံ့ကိစ္စရပ်များကို တာဝန်ယူကြောင်း ဝန်ခံကတိပြုလွှာ၊

(ဈ) အဆောတလျင် သို့မဟုတ် ယာယီသိမ်းပေးရန် လိုအပ်ပါက အကျိုးအကြောင်း ဖော်ပြချက်၊

(ည) အုပ်ချုပ်မှုဆိုင်ရာ သဘောတူညီချက်။

၉။ မြေကို အလိုရှိကြောင်း အဆိုပြုတင်ပြလာမှုကို လက်ခံရရှိသည့်အခါ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရအဖွဲ့ရုံး သို့မဟုတ် နေပြည်တော်ကောင်စီရုံးက သတ်မှတ်သည့်အချက်များ ပြည့်စုံစွာ ဖော်ပြပါရှိမှုကို စိစစ်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည့်စုံမှု မရှိပါက အဆိုပြုတင်ပြသူသို့ ပြန်လည်ဖြည့်စွက်ဖော်ပြရန် လိုအပ်ချက်များကို ဆောင်ရွက်စေရေး ညွှန်ကြားရမည်။

၁၀။ မြေကို အလိုရှိကြောင်း အဆိုပြုမှုအပေါ် အချက်အလက်များ ပြည့်စုံပါက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အောက်ပါအချက်များကို စိစစ်တင်ပြရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီအတွင်းရေးမှူးကို တာဝန်ပေးအပ်ရမည်-

(က) အဆိုပြုသည့် မြေသိမ်းယူမှုသည် နိုင်ငံတော်၏အကျိုး၊ အများပြည်သူအကျိုးဖြစ်ထွန်းနိုင်မှု အခြေအနေ၊

(ခ) အလိုရှိသည့် မြေနှင့်ပတ်သက်၍ သိမ်းဆည်းပါက လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမည့် ဒေသခံပြည်သူတို့၏ အခြေအနေ၊

(ဂ) မြေကို အသုံးပြုမည့် နည်းလမ်းအရ သဘာဝ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှု ဖြစ်ပေါ်စေမည့်အချက်များ၊

(ဃ) အဆိုပြုလွှာတွင် ပူးတွဲပါရှိသည့် ပြန်လည် နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး အစီအမံများ ပြည့်စုံလုံလောက်မှုအခြေအနေ၊

(င) အသုံးပြုမည့်နည်းလမ်းနှင့် မြေနေရာ၏ သင့်လျော်မှု အခြေအနေ။

၁၁။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ အတွင်းရေးမှူးသည် ပုဒ်မ ၁၀ အရ စိစစ်တွေ့ရှိချက်များအပေါ် သုံးသပ်ချက် အစီရင်ခံစာ ရေးသားတင်ပြရမည်။ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် မိမိ၏ သဘောထားမှတ်ချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အစည်းအဝေးတွင် တင်ပြ၍ ဆုံးဖြတ်ချက်ကို ရယူရမည့်အပြင်၊ အဆိုပြုသည့်မြေ တည်ရှိရာအရပ်နှင့် သက်ဆိုင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၏ သဘောထားကို အတွင်းရေးအဖြစ် ရယူရမည်။

၁၂။ မြေကို အလိုရှိကြောင်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်မည့်ကြော်ငြာစာမူကြမ်း၊ မြေသိမ်းယူမှု အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းပုံ လျာထားချက်နှင့်အတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ အစည်းအဝေးမှတ်တမ်းကို မိမိ၏ သုံးသပ်ချက်အစီရင်ခံစာနှင့်အတူ အမှုတွဲနှင့်တကွ တင်ပြရမည်။

၁၃။ မြေသိမ်းပေးရန် အဆိုပြုချက်အပေါ် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီမှ စိစစ် တင်ပြချက်အား ပြည်ထောင်စု အစိုးရအဖွဲ့အနေဖြင့် ကျေနပ်သဘောတူပါက မြေကို အလိုရှိကြောင်း အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်မည့် ကြော်ငြာစာကို နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတကိုယ်စား ယင်းကလွှဲအပ်သည့်ပြည်ထောင်စုဝန်ကြီးက လက်မှတ်ရေးထိုးထုတ်ပြန်ရမည်။ မြေသိမ်းပေးရန် အဆိုပြုချက်ကို ငြင်းပယ်ခြင်း သို့မဟုတ် ဆက်လက် ဆောင်ရွက်ခွင့်ပြုခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်သမ္မတ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း (၅)
## မြေကို အလိုရှိကြောင်း အသိပေးကြော်ငြာခြင်းနှင့် ပဏာမစစ်ဆေးခြင်း

၁၄။ (က) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးသည့် မြေကိုအလိုရှိကြောင်း အမိန့်ကြော်ငြာစာတွင် အောက်ပါအချက်များပါရှိရမည်-

(၁) မြေတည်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/အကွက်၊ ဧရိယာ (ခန့်မှန်း)၊ မြေအမျိုးအစားစသော မြေနှင့် ပတ်သက်သည့် အကြောင်းအရာများ၊

(၂) အများပြည်သူအလို့ငှာ သို့မဟုတ် မည်သည့်ဌာန၊ အဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ရန် အလို့ငှာ သိမ်းယူရန် အလိုရှိရခြင်း အကြောင်းပြချက်။

(ခ) အဆိုပါ အမိန့်ကြော်ငြာစာနှင့်အတူ အောက်ပါအချက်များ ပူးတွဲဖော်ပြပါရှိစေရမည်-

(၁) မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့ တာဝန်ပေးအပ်မှု အမိန့်၊

(၂) အဆိုပြုလွှာပါ လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုအတွက် ဆန်းစစ်တွေ့ရှိချက်အကျဉ်း၊

(၃) အဆိုပြုလွှာပါ သဘာဝ ပတ်ဝန်းကျင် ထိခိုက်နစ်နာမှု ဆန်းစစ်တွေ့ရှိချက် အကျဉ်းနှင့် ဆောင်ရွက်မည့် လုပ်ငန်းစဉ်၊

(၄) ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး လျာထားချက်အကျဉ်း။

(ဂ) ပုဒ်မ ၁၂ အရ အဆိုပြုတင်ပြခဲ့သည့် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့အား သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ၊ ကျွမ်းကျင်သူ ပညာရှင်များနှင့် အခြား ပါဝင်သင့်သူများဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

(ဃ) မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့အား တာဝန်ပေးအပ်ရာတွင် လုပ်ငန်းစဉ်အားလုံး၌ ပွင့်လင်းမြင်သာစွာနှင့် ထိခိုက်နစ်နာသူမိသားစုများပါဝင်သော ဆုံးဖြတ်ချက်ချမှတ်မှု လုပ်ငန်းစဉ်များဖြင့် ဆောင်ရွက်စေရမည်။

၁၅။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေး အဖွဲ့သည် လုပ်ငန်းများ စတင်ဆောင်ရွက်မှုမပြုမီ ရုံးလုပ်ငန်းကိစ္စအဝဝနှင့် မြေပြင်ကွင်းဆင်းလုပ်ငန်းအရပ်ရပ်အတွက် လိုအပ်မည့်ခန့်မှန်းကုန်ကျစရိတ်နှင့် ပေးလျော်ရန်ဖြစ်ပေါ်လာမည့် ထိခိုက်နစ်နာကြေးများကို ကြိုတင်တွက်ချက်၍ မြေသိမ်းပေးရန် အဆိုပြုသူထံမှ ကြိုတင်တောင်းခံထားရမည်။ အဆိုပါ အသုံးစရိတ်ငွေများ လက်ဝယ်ရောက်ရှိ ထိန်းသိမ်းပြီးမှသာ မိမိတို့၏ လုပ်ငန်းကို စတင်ဆောင်ရွက်ရမည်။

၁၆။ (က) မြေကို အလိုရှိကြောင်း ကြော်ငြာစာကို နိုင်ငံတော်ပြန်တမ်းနှင့် နေ့စဉ်ထုတ် သတင်းစာများ၊ ဒေသထုတ်သတင်းလွှာများ (ရှိပါက)တွင် ထည့်သွင်းဖော်ပြ ကြေညာရမည့်အပြင် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီရုံး ကြော်ငြာသင်ပုန်းတွင် ကပ်၍လည်း ကြော်ငြာရမည်။ ထို့ပြင် မြေတည်ရှိရာဒေသမှ အောက်ပါနေရာများရှိ အများပြည်သူဆိုင်ရာ ကြော်ငြာသင်ပုန်းတွင်လည်း ကြေညာချက်မိတ္တူများကို ကပ်လျှက် အများပြည်သူသိရှိစေရန် ထုတ်ပြန်အသိပေးရမည်။ အဆိုပါ အမိန့်ကြော်ငြာစာကို လိုအပ်ပါက ဒေသသုံး ဘာသာစကားဖြင့် ပူးတွဲဖော်ပြ ကြော်ငြာရမည် -

(၁) မြေတည်ရာဒေသ၏ ခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊

(၂) မြေတည်ရာဒေသ၏ မြို့နယ်တရားရုံး၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးနှင့် စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံး၊

(၃) သိမ်းရန် ရည်ရွယ်သည့်မြေအနီးတွင် အများပြည်သူ သိမြင်လွယ်သည့်နေရာများ၌ ဤကိစ္စအလို့ငှာ ပြုလုပ်သည့် ကြော်ငြာသင်ပုန်း။

(ခ) ရုပ်မြင်သံကြားနှင့်အသံလွှင့်မီဒီယာများတွင် ထည့်သွင်းဖော်ပြရေးကို သီးခြားဆောင်ရွက်ရမည်။

၁၇။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် မြေကို အလိုရှိကြောင်း အမိန့်ကြော်ငြာစာကို အများပြည်သူသို့ ထုတ်ပြန်ပြီးသည်နှင့် တစ်ပြိုင်နက် အောက်ပါအချက်များအတွက် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ခွဲများကို မိမိတို့အဖွဲ့ဝင်များနှင့်အတူ သင့်လျော်သည့် အခြားဌာနဆိုင်ရာ ပုဂ္ဂိုလ်များနှင့် အခြားပြင်ပကျွမ်းကျင်သူများဖြင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီ၏ ကြိုတင်အတည်ပြုချက်ရယူ၍ လိုအပ်သလို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်-

(က) သိမ်းဆည်းရန် ရည်ရွယ်သည့်မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့် အဆိုပြုမှုအပေါ် အများပြည်သူ၏ သဘောထားရယူခြင်း၊

(ခ) သိမ်းဆည်းရန်ရည်ရွယ်သည့် မြေနေရာရှိ ထိခိုက်နစ်နာသူမိသားစုများ၏ လူမှုစီးပွားရေးဘဝ ထိခိုက်နစ်နာမှုများ၊ ပတ်ဝန်းကျင်ထိခိုက်မှု အလားအလာများအပေါ် အဆိုပြုသူ၏ တင်ပြချက်များကို မြေပေါ်အမှန်နှင့် တိုက်ဆိုင်စစ်ဆေးခြင်း၊

(ဂ) အဆိုပြုသူ၏ ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးအတွက် လျာထားချက်များကို ကျွမ်းကျင်ပညာရှင်များ၏ သဘောထားအမြင်နှင့် ထိခိုက်နစ်နာသူမိသားစုများ၏ လိုလားချက်များအပေါ် အခြေခံ၍ညှိနှိုင်းဆောင်ရွက်ခြင်း၊ သဘောတူညီမှု ရယူခြင်း။

၁၈။ မြေပြင်ကွင်းဆင်းခြင်း၊ အများပြည်သူသဘောထားရယူခြင်းများ ဆောင်ရွက်မည့် အဖွဲ့ခွဲအသီးသီးအနေဖြင့် ထိုသို့ မြေပြင်ကွင်းဆင်းဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို ဆိုင်ရာဆိုင်ခွင့်ရှိသူများ အပါအဝင် အများပြည်သူ သိရှိရန် အနည်းဆုံး ၇ ရက် ကြိုတင် ကြေညာအသိပေးရမည်။

၁၉။ မြေပြင်ကွင်းဆင်းဆောင်ရွက်မည့် လုပ်ငန်းများတစ်ရပ်ချင်းကို အောက်ပါ အစီအစဉ်အတိုင်း ဆောင်ရွက်ရမည် -

(က) အများပြည်သူသို့ ချပြရှင်းလင်းခြင်း၊

(ခ) ကွင်းဆင်းတိုင်းတာခြင်း၊ ထိခိုက်နစ်နာသူနှင့် ထိခိုက်နစ်နာမည့် အခြေအနေ စာရင်းကောက်ယူခြင်း၊

(ဂ) သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုစီးပွားရေးဘဝ ထိခိုက်မှုဆိုင်ရာ အဆိုပြုချက်အပေါ် ဆန်းစစ်ခြင်း၊

(ဃ) ပြန်လည်နေရာချထားခြင်းနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေးဆိုင်ရာ အဆိုပြုချက်အပေါ် ဆန်းစစ်ခြင်း၊

(င) ဌာနဆိုင်ရာနှင့် ပြင်ပ ကျွမ်းကျင်ပညာရှင်များ၏ သဘောထားမှတ်ချက်ရယူခြင်း၊

(စ) စိစစ်တွေ့ရှိချက်များကို သုံးသပ်ခြင်း၊ သဘောထားမှတ်ချက်နှင့်တကွ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သို့ အစီရင်ခံစာ ရေးသားတင်ပြခြင်း။

၂၀။ မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် -

(က) မြေကို အလိုရှိကြောင်း ကြော်ငြာစာကို အများပြည်သူ ရှင်းလင်းစွာ သဘောပေါက် သိရှိရေးအတွက် ဒေသခံပြည်သူများသို့ ချပြဆွေးနွေးခြင်း ပြုလုပ်ရမည်။ ထိုသို့ပြုလုပ်ရာတွင် သက်ဆိုင်သည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များအားလည်း ဖိတ်ကြားပါဝင်စေရမည်။

(ခ) မြေသိမ်းဆည်းမည့် ရည်ရွယ်ချက်နှင့် အခြေအနေများအပေါ် အကျိုးစီးပွားသက်ဆိုင်သူ ပြည်သူလူထုထံမှ ကန့်ကွက်လွှာခေါ်ယူခြင်း၊ စာဖြင့် ရေးသားကန့်ကွက်ချက်ကို လက်ခံခြင်း၊ ကြားနာစစ်ဆေးခြင်း၊ အထောက်အထား စာရွက်စာတမ်းများ တင်ပြစေရန် တောင်းခံခြင်း၊ လိုအပ်ပါက မြေပြင်ကွင်းဆင်းစစ်ဆေးမှုများကို ဆောင်ရွက်ရမည်။

၂၁။ သိမ်းဆည်းရန် ရည်ရွယ်သည့်မြေကို ကွင်းဆင်းစစ်ဆေးခြင်းနှင့် မြေသိမ်းဆည်းမည့် ရည်ရွယ်ချက်နှင့် အခြေအနေအပေါ် အများပြည်သူ၏ သဘောထားရယူခြင်း ဆောင်ရွက်မည့် သက်ဆိုင်ရာအဖွဲ့ခွဲသည် အောက်ပါ တာဝန်များကို ဆောင်ရွက်ရမည်-

(က) မြေပြင်ကွင်းဆင်းတိုင်းတာစစ်ဆေးမှု လုပ်ဆောင်မည့်အစီအစဉ်ကို မြေတွင်ဆိုင်ရာ ဆိုင်ခွင့်ရှိသူများထံ အနည်းဆုံး ၇ ရက်ကြိုတင် အသိပေးခြင်း၊

(ခ) မြေအလိုရှိသည့် အဖွဲ့အစည်း/ဌာနမှ ကိုယ်စားလှယ်၊ အသိမ်းခံမြေနှင့် ဆက်စပ် ပတ်သက်သည့် အကျိုးစီးပွားထိခိုက်နစ်နာသူများနှင့် ယင်းတို့၏ ကိုယ်စားလှယ်တို့နှင့်အတူ မြေပြင်ကွင်းဆင်း တိုင်းတာမှတ်သားခြင်း၊

(ဂ) ကွင်းဆင်းတိုင်းတာမှုကြောင့် မြေတွင် ဆိုင်ရာ ဆိုင်ခွင့်ရှိသူ၏ အကျိုးစီးပွား ထိခိုက်နစ်နာမှုများအား မှတ်တမ်းတင်ခြင်း၊ လျော်ကြေးတွက်ချက်ခြင်း၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် အစိုးရ၏ အတည်ပြုချက်ဖြင့် ပေးလျော်ခြင်း၊ ပေးလျော်မှုကို ထိခိုက်နစ်နာသူက ကျေနပ်ခြင်းမရှိပါက တရားရုံး၏ အဆုံးအဖြတ်ကို ခံယူခြင်း၊

(ဃ) ထိခိုက်နစ်နာသူ မိသားစုများစာရင်းနှင့် ထိခိုက်နစ်နာမှုအခြေအနေများ စာရင်းကောက်ယူခြင်း။

၂၂။ အဆိုပြုသူ၏ ပြန်လည်နေရာချထားရေး လျာထားချက်များနှင့် ထိခိုက်နစ်နာသူ မိသားစုများ၏ အခြေအနေမှန်ကို လိုက်လျောညီထွေမှု ရှိ/မရှိ စိစစ်ခြင်းဆောင်ရွက်မည့် သက်ဆိုင်ရာ အဖွဲ့ခွဲသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) ဆောင်ရွက်ရမည့်တာဝန်များ -

(၁) ပြောင်းရွှေ့နေရာချထားမည့် နေရာသည် အခြေချနေထိုင်ရန် သင့်တော်မှု ရှိ/မရှိ၊

(၂) ဘာသာရေး အဆောက်အဦများနှင့် အများပြည်သူဆိုင်ရာ ကျောင်း၊ ဆေးခန်း၊ ဈေး၊ ရုံး စသည့် အဆောက်အဦများ ပြန်လည်တည်ဆောက်နိုင်မည့် အခြေအနေ၊

(၃) အခြေခံ လူမှု အဆောက်အအုံများ ဖြစ်သော လမ်း၊ မီး၊ သောက်သုံးရေ၊ ရေနှင့် မိလ္လာလုပ်ငန်း၊ သုသာန် အစရှိသည်တို့အတွက် စီစဉ်ဆောင်ရွက်နိုင်မှုအခြေအနေ၊

(၄) ပြန်လည် တည်ဆောက်ပေးမည့် အဆောက်အဦများသည် အနည်းဆုံးရှိသင့်သည့် လူနေမှုအဆင့်အတန်းထက် မနိမ့်ကျသော အနေအထား ရှိ/မရှိ၊

(၅) ပြောင်းရွှေ့နေရာချထားပေးမည့်အစီအစဉ်အား အကောင်အထည်ဖော်နိုင်မည့် အခြေအနေ။

(ခ) ဆောင်ရွက်ရမည့်နည်းလမ်းများ -

(၁) ပုဒ်မခွဲ(က) ပါ အချက်များကို မြေပြင်ကွင်းဆင်းစစ်ဆေးရန်ဖြစ်သည်။

(၂) စစ်ဆေးရာတွင် မြေအလိုရှိသည့် အဖွဲ့အစည်း/ဌာနမှ ကိုယ်စားလှယ်၊ အသိမ်းခံမြေနှင့် ဆက်စပ်ပတ်သက်သည့် အကျိုးစီးပွားထိခိုက်နစ်နာသူများနှင့် ယင်းတို့၏ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာ ကျွမ်းကျင်သူများ၊ အခြား လိုအပ်သည့် ပုဂ္ဂိုလ်အဖွဲ့အစည်းများနှင့်အတူ ဆောင်ရွက်ရန်ဖြစ်သည်။

(ဂ) ထိုသို့စစ်ဆေးရာတွင် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် လိုအပ်သည့် အထောက်အထားများ တောင်းယူကြည့်ရှုခွင့်နှင့် မိတ္တူရယူခွင့်၊ တိုက်ဆိုင်စစ်ဆေးခွင့်၊ သက်ဆိုင်သည်ဟု မှတ်ယူရသူများအား ခေါ်ယူမေးမြန်းခွင့် အစရှိသည့် လုပ်ပိုင်ခွင့်များ ကျင့်သုံးနိုင်သည်။

**ဆက်လက်ဖော်ပြပါမည်။**

# ၂၀၁၇ ခုနှစ်ပြင်ဦးလွင် မဟာအံ့ထူးကံသာဘုရား တန်ဆောင်တိုင် မီးပုံးပျံပွဲတော် ကျင်းပ

**ပြင်ဦးလွင် နိုဝင်ဘာ ၁**

၂၀၁၇ ခုနှစ် ပြင်ဦးလွင်မြို့ မဟာအံ့ထူးကံသာဘုရားကြီး၏ တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ဖွင့်ပွဲကို အောက်တိုဘာ ၃၁ ရက် ညနေ ၆ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပခဲ့ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးတို့ တက်ရောက်ခဲ့ကြသည်။

မီးပုံးပျံပွဲဖွင့်ပွဲတွင် အထက်တန်း၊ အလယ်တန်း ကျောင်းသား ကျောင်းသူလေးများ၏ အကအလှများ၊ မီးရှူးမီးပန်းများ ဖောက်လုပ်ပစ်လွှတ်ခြင်းတို့အပြင် ပြင်ဦးလွင်မြို့၏ အထင်ကရ အမှတ်သင်္ကေတတစ်ခုဖြစ်သည့် ရထားလုံး၊ နာရီစင်ပုံစံတို့ကို ရောင်စုံမီးများ ဆင်မြန်းဒွတပ်ဆင်လျက် လာရောက်ကြည့်ရှုသူ ဧည့်ပရိသတ်များ အမြင်ထူးအသွင်ထူးဖြင့် မျက်စိပသာဒကျအောင် မီးပုံးပျံကွင်းအား အလှဆင်ထားသည်။



ပြင်ဦးလွင်တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကို နေ့အလှ အရုပ် ၅၀၊ စိန်နားပန် ၁၇ လုံး၊ ညမီးကျည် ၁၁ လုံး စုစုပေါင်း ၇၈ လုံးဖြင့် ယှဉ်ပြိုင် လွှတ်တင်ကြမည်ဖြစ်ရာ ဖွင့်ပွဲကျင်းပရာ ကွင်းအတွင်းသို့ကျောင်းသား ကျောင်းသူလေးများ၏ အကအလှအဖွဲ့က နေရာယူ ကပြတင်ဆက်ကြပြီး ပြိုင်ပွဲဝင်အသင်းများမှ အဖွဲ့ဝင်များက အသင်းဆိုင်းဘုတ်များကိုင်ဆောင်လျက် အိုးစည်၊ ဒိုးပတ်၊ တိုးနရား၊ တိုင်းရင်းသားအကများဖြင့် တင်ဆက်ကာ သတ်မှတ်ထားသည့် နေရာများတွင် အသီးသီးနေရာယူကြပြီး တိုင်းဒေသကြီး လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဒေါက်တာခင်မောင်ဌေးက ၂၀၁၇ ခုနှစ် ပြင်ဦးလွင် တန်ဆောင်တိုင် မီးပုံးပျံပွဲတော်ကြီးကို ဖွင့်လှစ်ကြောင်း ကြေညာအပြီးတွင် အရှေ့ဘက်ပွဲကြည့်စင် လေကာကုန်းပေါ်မှ ရောင်စုံမီးရှူးမီးပန်းများ လှလှပပ ဝေဝေဆာဆာ မိုးကောင်းကင်သို့ တက်ရောက်သွားသည့် မြင်ကွင်းကို လာရောက်ကြည့်ရှုသူ ဧည့်ပရိသတ်များ ပျော်ပျော်ပါးပါး မြင်တွေ့ခံစားခဲ့ကြရသည်။

**သီဟကိုကို(မန္တလေး)**

# ရွှေစည်းခုံစေတီတော်မြတ်ကြီး တန်ဆောင်တိုင်ဗုဒ္ဓပူဇနီယပွဲတော်နှင့် လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်း

**ညောင်ဦး နိုဝင်ဘာ ၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့တွင် အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့ သက္ကရာဇ် ၄၂၀ ခုနှစ်တွင် တည်ထားကိုးကွယ်တော်မူခဲ့သော ရွှေစည်းခုံစေတီတော်မြတ်ကြီး၏ ၉၅၈ ကြိမ်မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော်နှင့် ဘုရားကြီးအား လုံးတော်ပြည့်ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းပြီးစီးမှု အောင်မြင်ခြင်းမင်္ဂလာ အထိမ်းအမှတ် ဖွင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီက ရွှေစည်းခုံဘုရားပွဲတော်မှုခ်ဦး၌ ကျင်းပသည်။

တန်ဆောင်မုန်းလပြည့်နေ့ နံနက် ၇ နာရီခွဲက ရွှေစည်းခုံဘုရား ရင်ပြင်တော်ပေါ်ရှိ အင်္ဂါထောင့် မဏ္ဍပ်ကြီးတွင် မြို့ပေါ်နှင့် နယ်တို့မှ ပင့်သံဃာအပါး ၂၀၀၀ ကျော်အား ဆွမ်းသပိတ်လုံးနှင့် လှူဖွယ်ပစ္စည်း၊ ငွေပဒေသာပင်များကို ဆက်ကပ်လှူဒါန်းပြီး နံနက် ၉ နာရီခွဲတွင် အလှူရှင်များ၏ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ ယခုနှစ်တွင် တစ်မူထူးခြားစွာ ဘုရားကြီးအား လုံးတော်ပြည့် ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းမှု ပြီးစီးခြင်း အထိမ်းအမှတ် တန်ဆောင်မုန်းလကွယ်နေ့တွင် ပိဋကတ်သုံးပုံ၊ စွယ်တော်နှင့် ရွှေပြားတို့ကို ဆင်သုံးကောင်ဖြင့် တင်ဆောင်ကာ မြို့တွင်းသို့ ရာဇဝင်း၊ ဒေဝါဝင်း၊ ပုဂံဝင်းတို့ဖြင့် ဒေသခံပြည်သူများ ကုသိုလ်သဒ္ဒါ ပွားများနိုင်ရေး လှည့်လည် အပူဇော်ခံ ထွက်ရှိမည်ဖြစ်ကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# တမူးခရိုင်အတွင်း မြစိမ်းရောင်တတိယစက်ဝန်း လည်ပတ်ရန်ပုံငွေများထုတ်ချေး

**တမူး နိုဝင်ဘာ ၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း တမူးခရိုင် မလူအုပ်စု ဇီးဖြူကုန်းကျေးရွာတွင် အောက်တိုဘာ နောက်ဆုံးပတ်က မြစိမ်းရောင်စီမံကိန်း တတိယစက်ဝန်း လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ထုတ်ချေးပေးရာတွင် စိုက်ပျိုးရေးလုပ်ငန်း ၄၈ ဦး ချေးယူငွေ ၂၅၇ သိန်း၊ မွေးမြူရေးလုပ်ငန်း ၃၅ ဦး ချေးယူငွေ ၁၁၆ သိန်း၊ အရောင်းအဝယ်လုပ်ငန်း နှစ်ဦး ချေးယူငွေ ၁၁ သိန်း၊ ကုန်ထုတ်လုပ်ငန်းနှစ်ဦး ချေးယူငွေ ၁၆ သိန်း စုစုပေါင်း အသင်းဝင် ၈၇ ဦးအတွက် ငွေကျပ်သိန်း ၄၀၀ကို မြို့နယ် မြစိမ်းရောင် ကြီးကြပ်မှုအဖွဲ့ဝင်များဖြစ်သည့် မြို့နယ်စီမံကိန်းဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ လိုက်ပါလျက် ကျေးလက်ဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်ထွန်းက ကျေးရွာ မြစိမ်းရောင် ကြီးကြပ်မှုကော်မတီထံသို့ မြစိမ်းရောင် ချေးငွေများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း-မုံရွာ**

# ၃၂ ကြိမ်မြောက် မြန်မာ့ရိုးရာ တန်ဆောင်တိုင် ဝက်ပါပွဲတော် မိတ္ထီလာမြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိတ္ထီလာ နိုဝင်ဘာ ၁**

မိတ္ထီလာတွင် ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာဘုရားဂေါပကအဖွဲ့က ကြီးမှူးကျင်းပမည့် ၃၂ ကြိမ်မြောက် မြန်မာ့ရိုးရာတန်ဆောင်တိုင် ဝက်ပါပွဲတော် ဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် ညနေ ၅ နာရီက အဆိုပါ ဘုရားဝင်းအတွင်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြောင်း သိရသည်။

ယင်းဖွင့်ပွဲအခမ်းအနားတွင် ခရိုင်အုပ်ချုပ်ရေးမှူးဦးကျော်ကျော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ထီးသုံးဆင့်၊ ရွှေမြင်မိ၊ လေးမျက်နှာ ဘုရားဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်းက ၃၂ ကြိမ်မြောက် မြန်မာ့ရိုးရာဝက်ပါပွဲတော်ကျင်းပရခြင်း အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာ့ရိုးရာဝက်ပါပွဲတော်မုခ်ဦးအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်း၊ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးညွန့်ထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဒေါ်နီလာဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများ၊ ဝက်ပါပွဲတော်လာဒေသခံပြည်သူများက ဝက်ပါလမ်းအား လှည့်ပတ်ပြီး ရုပ်သေပြခန်းပြကွက်များကို ကြည့်ရှုအားပေးသည်။

ယခုနှစ် မြန်မာ့ရိုးရာဝက်ပါပွဲတော်တွင် အိမ်ထောင်ပြုဖွယ်ရာကိစ္စရပ်များ၌ မြန်မာအမျိုးသမီးများသတိပြုဆင်ခြင်ဖွယ်ရာ အသိပညာပေးသည့် ကုဏ္ဍလကေသာ ထေရီရဟန္တာမ၏ ဇာတ်တော်ကြီး၊ ဖွဲ့သတ္တိနှင့် သီလတရားတို့ကြောင့် အောင်မြင်မှုများ ပိုင်ဆိုင်နိုင်ကြောင်း အသိပညာဗဟုသုတပေးနိုင်သည့် ဘုရားအလောင်းတော် မဟာဇနကဇာတ်တော်ကြီးတို့ကို ကျောင်းသား ကျောင်းသူ ကလေးငယ် ၁၂၀ ကျော်က ရုပ်သေပြခန်းပြကွက်များဖြင့် အောက်တိုဘာ ၃၁ ရက်မှ နိုဝင်ဘာ ၆ ရက် အထိ ဖျော်ဖြေသရုပ်ဆောင်ပြသသွားမည်ဖြစ်ရာ လာရောက်လည်ပတ်သူများအနေဖြင့် လွတ်လပ်စွာ အေးချမ်းစွာ အားပေးကြည့်ရှုနိုင်သည်။

ထို့အပြင် မြန်မာ့ရိုးရာဝက်ပါပွဲတော်တွင် ယခင်ပွဲတော်များနှင့်မတူ တစ်မူထူးခြားစွာဖြင့် ဝက်ပါလမ်းကြောင်းအတွင်း အလယ် ဗဟိုဘုရားကျောင်းဆောင်အထက်မှ ခွဲဖြာထွက်သည့် ရောင်စုံမီးအလှများကိုလည်း တပ်ဆင်ထားရာ ဝက်ပါပွဲတော် အလှအပမှာလည်း ယခင်နှစ်ထက် ပိုမိုလှပပေါ်လွင်နေသဖြင့် လာရောက်လည်ပတ်သူများအနေဖြင့် ကြည့်ရှုခံစားနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား အမျိုးသမီး ဖူဆယ်ဘောလုံးပြိုင်ပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၁**

မျိုးဆက်သစ်အားကစားသမားများ စဉ်ဆက်မပြတ်ထွက်ပေါ်လာစေရေး အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်ပြိုင်ပွဲများကို နှစ်စဉ်ကျင်းပလျက်ရှိပြီး ၂၀၁၇ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားနှင့် အုပ်စု ပွဲစဉ်ပြိုင်ပွဲများကို နိုဝင်ဘာ ၁ ရက် နံနက် ၈ နာရီခွဲက ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံ၌ ကျင်းပသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ်ဦးထွန်းမြင့်ဦးက ဖူဆယ်အားကစားနည်းအပေါ် မျိုးဆက်သစ်လူငယ်များ ပိုမိုစိတ်ဝင်စားလာပြီး ထက်မြက်သောသွေးသစ် ဖူဆယ်အားကစားသမားကောင်းများ ပေါ်ထွက်လာစေရေးအတွက် ကျင်းပရခြင်းဖြစ်ကြောင်း၊ လျင်မြန် ဖျတ်လတ်မှု လိုအပ်သည့်အတွက် လူငယ်များနှင့် အလွန်လိုက်ဖက်ညီသည့် အားကစားနည်းဖြစ်ပါကြောင်း၊ မိမိတို့ကိုယ်စားပြုသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်း အောင်နိုင်ရေးအတွက် အနိုင်မခံ အရှုံးမပေးဘဲ ဇွဲစိတ်ဓာတ်အပြည့်ဖြင့် သန့်ရှင်းစွာ ယှဉ်ပြိုင်ကစားကြစေလိုကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်မှ နိုင်ငံတော်က အားထားရသည့် နိုင်ငံ့ဂုဏ်ဆောင် ဖူဆယ်အားကစားသမားကောင်းများ ဖြစ်လာအောင် ကြိုးစားသွားကြဖို့လိုကြောင်း တိုက်တွန်းမှာကြားသည်။

အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော် ကျန်းမာရေး၊ အားကစားနှင့်ယဉ်ကျေးမှုဆိုင်ရာကော်မတီမှအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ဖူဆယ်ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်မှ ပြိုင်ပွဲဝင်အသင်းအုပ်ချုပ်သူနည်းပြများနှင့် အားကစားသမားများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ဖူဆယ်ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အမျိုးသား ၁၃ သင်း၊ အမျိုးသမီး လေးသင်းတို့မှ အားကစားသမား စုစုပေါင်း ၂၇၂ ဦးသည် နိုဝင်ဘာ ၁ ရက်မှ ၁၀ ရက်အထိ ဝဏ္ဏသိဒ္ဓိအားကစားကွင်း ဖူဆယ်ပြိုင်ပွဲရုံတွင် နေ့စဉ်နံနက် ၉ နာရီမှ စတင်ပြီး ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ စိတ်ပါဝင်စားသော မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**မောင်မောင်ဇော်**

# နိုင်ငံခြားသားဝင်၊ ထွက်မှုဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲ ကျင်းပ

**ပခုက္ကူ နိုဝင်ဘာ ၁**

အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနက ကြီးမှူးကျင်းပသော နိုင်ငံခြားသားဝင်၊ ထွက်သွားလာမှုဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ပခုက္ကူမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေး ခန်းမ၌ အောက်တိုဘာ ၃၀ရက် မွန်းလွဲ ၁ နာရီက ကျင်းပသည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်က နိုင်ငံခြားသားများ ဝင်၊ ထွက် သွားလာမှုများတွင် အစိုးရဌာနဆိုင်ရာများနှင့် ဟိုတယ်၊ မိုတယ်များ၊ ကုမ္ပဏီများ၊ တည်းခိုခန်းများစသည့် စီးပွားလုပ်ငန်းရှင်များအနေဖြင့် အစိုးရမှ ပြဋ္ဌာန်းသတ်မှတ်ထားသော ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း စသည့် စည်းမျဉ်းဥပဒေများဖြင့် စနစ်တကျ လက်ခံကြရန်လိုအပ်ကြောင်း၊ တရားမဝင်ဗီဇာများဖြင့်လည်းကောင်း၊ တခြားသောနည်းလမ်းဖြင့်လည်းကောင်း ပုံစံမျိုးစုံဖြင့် ဝင်ရောက်နေထိုင် လုပ်ကိုင်ကြသော နိုင်ငံခြားသားများရှိနေခြင်းတို့ကြောင့် တိုင်းပြည်တွင် မလိုလားအပ်သည့် ပြဿနာများ ပေါ်ပေါက်လျက်ရှိကြောင်း၊ သို့ဖြစ်ပါ၍ သက်ဆိုင်ရာဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသတွင်း ကုမ္ပဏီများ၊ ဟိုတယ်၊ မိုတယ်များ၊ တည်းခိုခန်း စသည့်စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိနိုင်ငံမှ တရားဝင် ထုတ်ပြန်ထားသော ဥပဒေများ၊ နည်းဥပဒေများနှင့် ကိုက်ညီသည့် နိုင်ငံခြားသားဗီဇာကိုင်ဆောင်သူများကိုသာ တည်းခိုနေထိုင်ခြင်း၊ အလုပ်အကိုင်များ လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် တိုင်းပြည်၏ တရားဥပဒေစိုးမိုးရေး၊ တိုင်းပြည်၏ လုံခြုံရေးတို့ကို ပိုမိုထိန်းချုပ်တားဆီးကာကွယ်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်က နိုင်ငံခြားသားဝင်၊ ထွက် သွားလာမှုဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ ပြည်ဝင်ခွင့်ရရှိသော ဗီဇာ ၁၂ မျိုးအကြောင်း၊ နိုင်ငံခြားသား ထိန်းသိမ်းမှုလုပ်ငန်းအကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၏ ထောက်ခံချက်များအကြောင်းတို့ကို အသေးစိတ် ရှင်းလင်းပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများမှ သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

အခမ်းအနားသို့ မကွေးတိုင်းဒေသကြီး အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဦးနေမျိုးကျော်၊ မကွေးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးအောင်ကျော်မြင့်၊ ပခုက္ကူခရိုင်အုပ်ချုပ်ရေးမှူး ဦးကိုကိုလွင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဆောင်၊ ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ပခုက္ကူခရိုင်အတွင်းရှိ ဟိုတယ်၊ မိုတယ်များ၊ ကုမ္ပဏီများ၊ တည်းခိုခန်းများ စသည့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။

**ဆလိုင်းကိုကီး**

# တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်(B.Ed) သင်တန်းနှင့် အေဂျီတီအိုင်သင်တန်းသို့ တက်ရောက်မည့်သင်တန်းသား၊ သင်တန်းသူများအား ထောက်ပံ့ငွေပေးအပ်

**ပဲခူး နိုဝင်ဘာ ၁**

၂၀၁၇-၂၀၁၈ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ် ၆ နှင့်ပြည်ထောင်စုတိုင်းရင်းသားလူငယ်များစွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)(ဝိဇ္ဇာ၊ သိပ္ပံ၊ အေဂျီတီအိုင်) သင်တန်းအမှတ်စဉ် ၁ သို့ တက်ရောက်မည့် သင်တန်းသားသင်တန်းသူများ လမ်းညွှန်မှုပေးခြင်းနှင့်ထောက်ပံ့ငွေပေးအပ်ခြင်း အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီက ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အခြားပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးမှတိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့်တွေ့ဆုံ ရမည်ဖြစ်သည့်အတွက် ယဉ်ကျေးသိမ်မွေ့စွာဖြင့် တစ်ဦးနှင့်တစ်ဦးလေးစား ရိုသေစွာ ပြောဆိုကြရန်၊ တိုင်းဒေသကြီး၏ဂုဏ်ကို သတိနှင့်ယှဉ်ပြီးစောင့်ထိန်းကြရန်၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိကြရန်၊ မိမိလူမျိုးတို့၏ ယဉ်ကျေးမှု၊ ဓလေ့အစဉ်အလာကောင်းများကို အခြား တိုင်းရင်းသားမောင်နှမများနှင့် နှီးနှောဖလှယ်ပြီး စည်းရုံးမှုရယူရန်၊ မိမိတတ်စွမ်းသမျှကို လုပ်ငန်းခွင်ဝင်သည့်အခါ အကျိုးရှိရှိ အသုံးချပြီး အရည်အချင်းမြင့်မားသော ပညာတတ်များ ပေါ်ပေါက်လာစေရန်၊ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားရေးဟူသည့် နိုင်ငံတော် ၏ အမျိုးသားရေးတာဝန်ကို အောင်မြင်အောင် ကြိုးပမ်းပေးရန်နှင့် နိုင်ငံတော်၏ ကျေးဇူးကို ပေးဆပ်တတ်သော နိုင်ငံ့ဝန်ထမ်းကောင်းများ ဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် ဝန်ကြီးချုပ်က သင်တန်းသားတစ်ဦးလျှင်ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် ၁၆ ဦးအတွက် ငွေကျပ် ရှစ်သိန်းအားထောက်ပံ့ပေးအပ်ခဲ့ပြီး သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ပဲခူးတိုင်းဒေသကြီးမှ ပြည်ထောင်စုတိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် (B.Ed) ငါးနှစ်သင်တန်း အမှတ်စဉ် ၆ သို့ သင်တန်းသား၊ သင်တန်းသူ ရှစ်ဦးနှင့် ပြည်ထောင်စု တိုင်းရင်းသား လူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) (ဝိဇ္ဇာ၊ သိပ္ပံ၊ အေဂျီတီအိုင်) သင်တန်းအမှတ်စဉ် ၁ သို့ သင်တန်းသား သင်တန်းသူ ရှစ်ဦး စုစုပေါင်း ၁၆ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ဝန်ကြီးချုပ်၊ တရားသူကြီးချုပ်၊ ဝန်ကြီးများ၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးပညာရေး ညွှန်ကြားရေးမှူး ဆရာမကြီး ဒေါ်မြင့်မြင့်သန်းနှင့် ဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ပြန်လည်နေရာချထားပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလှူငွေများပေးအပ်

**လှိုင်ကော် နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ်အရေးနှင့်ပတ်သက်၍ လူသားချင်းစာနာမှု အကူအညီပေးရေး၊ ဒုက္ခသည်များ ပြန်လည်နေရာချထားပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၂နာရီက ကယားပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ် ဖောင်းရှိုက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေနှင့် ဆိုလာများပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ယခုလို စေတနာဖြင့် လာရောက်လှူဒါန်းကြသည့် အလှူရှင်များအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ လှူဒါန်းငွေများကိုလည်း ရခိုင်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် မိမိတို့ကိုယ်တိုင် သွားရောက်ပေးအပ်လှူဒါန်းသွားမှာဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါလှူဒါန်းပွဲသို့ ကယားပြည်နယ်ဝန်ကြီးချုပ်၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်နှင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ NGO အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်တို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

# ၂၀၁၇–၂၀၂၀ ပညာသင်နှစ် သူနာပြုသင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်အင်္ကျီနှင့် ဦးဆောင်း အပ်နှင်း

**ထားဝယ် နိုဝင်ဘာ ၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သူနာပြုသင်တန်းကျောင်း၏အပတ်စဉ်-၂၅ (၂၀၁၇-၂၀၂၀ ) ပညာသင်နှစ် သူနာပြုသင်တန်းသား သင်တန်းသူများ၏ ဂျူတီကုတ်အင်္ကျီနှင့် ဦးဆောင်း အပ်နှင်းပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် နံနက် ၉ နာရီတွင် ထားဝယ်သူနာပြုသင်တန်းကျောင်းခန်းမ၌ကျင်းပသည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်ဒေါက်တာ လဲ့လဲ့မော်က သူနာပြုတွေဟာ လူနာတွေနှင့် တိုက်ရိုက် ထိတွေ့ဆက်ဆံနေရပြီးလုပ်ငန်းကြီးလေးရပ်ကိုပါ စွမ်းဆောင်ပေးနေရသူတွေဖြစ်ကြောင်း၊ တနင်္သာရီတိုင်းဒေသကြီး၏ ဂုဏ်ဆောင် ထားဝယ်သူနာပြုသင်တန်းကျောင်း စတင်ဖွင့်လှစ်သည့် ၁၉၉၃ ခုနှစ် မှစ၍ ယနေ့အထိ အရည်အသွေးပြည့်မီသော သူနာပြုဦးရေ ၁၀၀၃ ဦး မွေးထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ သူနာပြုဆရာ ဆရာမတွေအနေနှင့်ပြည်သူများအပေါ် ကျန်းမာရေးအသိပညာပေးခြင်းကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ အတွေးအခေါ် မှန်ကန်ညီမျှအောင် စိတ်ဓာတ်စွမ်းရည်မြှင့်တင်ပြီး မိမိ ကိုယ်မိမိ နိုင်ငံတော်၏ ပြည်သူ့သားကောင်း၊ သမီးကောင်းဖြစ်အောင် ကြိုးပမ်းကြရန် လိုကြောင်းတိုက်တွန်းပြောကြားသည်။

ထို့နောက် ထားဝယ်သူနာပြုသင်တန်းကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင်က (Coating & Capping ) နှင့် ပတ်သက်၍ရှင်းလင်းပြောကြားပြီး တာဝန်ရှိသူများက အပတ်စဉ်၂၅ သင်တန်းသား သင်တန်းသူ ၅၂ ဦးအား ဂျူတီကုတ် အင်္ကျီနှင့် ဦးဆောင်း အပ်နှင်းကာ ကျောင်းအုပ်ကြီး ဒေါ်သင်းသင်းလှိုင်ထံမှ လက်ဆင့်ကမ်း ဆီမီးတိုင်များကို ထွန်းညှိ၍ သူနာပြု သင်တန်းသား သင်တန်းသူများက သူနာပြုသစ္စာအဓိဋ္ဌာန်ရွတ်ဆိုသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၊ တရားလွှတ်တော်တရားသူကြီးချုပ်၊ လွှတ်တော်ဒုတိယဥက္ကဋ္ဌတို့က ဒုတိယနှစ် (အတန်းတင်)၊ ပထမနှစ် ပထမအသုတ်နှင့် ပထမနှစ် ဒုတိယအသုတ်(နှစ်ဝက်)စာမေးပွဲတွင် ဆုရရှိသူများအား ပညာရည်ချွန်ဆုချီးမြှင့်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**




# ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီဥက္ကဋ္ဌဖလား ဘတ်စကက်ဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့်ဆုပေးပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁**

၂၀၁၇ ခုနှစ် ရန်ကုန်တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌဖလား အသက်(၂၅) နှစ်အောက် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ၊ ဗိုလ်လုပွဲ နှင့်ဆုပေးပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၁ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းမိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပခဲ့ရာ အမျိုးသားအသက်(၂၅)နှစ်အောက် ဗိုလ်လုပြိုင်ပွဲတွင် RIP CITY အသင်းက No Joke အသင်းကို ၅၆ မှတ် ၅၂ မှတ်ဖြင့် အနိုင်ရရှိသွားသည်။

ဆက်လက်ပြီး ဆုပေးပွဲကို ကျင်းပရာ အမျိုးသမီးအသက်(၂၅) နှစ်အောက်ပြိုင်ပွဲတွင် တတိယဆုရ Step-up အသင်း၊ ဒုတိယဆုရ Phoenix အသင်းနှင့် ပထမဆုရ ONE အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များအားလည်းကောင်း၊ အမျိုးသားအသက်(၂၅) နှစ်အောက်ပြိုင်ပွဲ၌ တတိယဆုရ FORWARD အသင်း၊ ဒုတိယဆုရ ONE JOKE အသင်းနှင့် ပထမဆုရရှိသော RIP CITY အသင်းတို့အား တစ်ဦးချင်းဆုတံဆိပ်များကို ရန်ကုန်တိုင်းအားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်မိုးနှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးကျော်ကျော်ဝင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ဥမ္မာအောင်တို့က တစ်ဦးချင်းဆုတံဆိပ်များ ချီးမြှင့်ပေးသည်။

ပြိုင်ပွဲတွင် အမျိုးသမီးအကောင်းဆုံးဆုရရှိကြသော ONE အသင်းမှ မဆုထက်ထက်ခိုင်နှင့် မအိအိခိုင်၊ Phoenix အသင်းမှ မခိုင်သဇင်ဖူးတို့အားလည်းကောင်း၊ အမျိုးသားပြိုင်ပွဲ၌ အကောင်းဆုံးအားကစားသမားဆုရရှိကြသော ONE JOKE အသင်းမှ ကျော်စိုးဟန်၊ RIP CITY အသင်းမှ ဇာဏီထွန်းနှင့်စည်သူထွန်းထွန်းတို့အား မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးမြင့်သိန်းနှင့် ဦးမောင်မောင်မြင့်တို့က ဆုများချီးမြှင့်ပေးသည်။

ဆက်လက်ပြီး မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် နာယက ဒေါ်နီမှ အမျိုးသမီးပြိုင်ပွဲတွင် တတိယဆုရ Step-up အသင်း၊ ဒုတိယဆုရ Phoenix အသင်းနှင့် ပထမတံခွန်စိုက်ဒိုင်း ရရှိသွားသော ONE အသင်းတို့အား ဆုဖလားနှင့်ဆုကြေးငွေများကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ထွန်းမှ အမျိုးသားပြိုင်ပွဲ၌ တတိယဆုရ FORWARD အသင်း၊ ဒုတိယဆုရ ONE JOKE အသင်းနှင့် ပထမတံခွန်စိုက်ဒိုင်းဆုရ RIP CITY အသင်းတို့အား ဆုဖလားနှင့် ဆုကြေးငွေများအသီးသီးချီးမြှင့်ခဲ့ကြောင်းသိရသည်။

**အား/ကာ**

# Clean Together ခေါင်းစဉ်ဖြင့် ဇာတ်လမ်းတိုရုပ်ရှင်ပြိုင်ပွဲ ကျင်းပမည်

**ရန်ကုန် နိုဝင်ဘာ ၁**

စည်းကမ်းမဲ့အမှိုက်ပစ်မှုလျော့နည်းပပျောက်စေရေး၊ မြို့တော်သန့်ရှင်း သာယာလှပရေး၊ အမှိုက်များထွက်ရှိမှု လျော့နည်းစေရေး၊ အခြေခံလူနေမှုအကျင့်စရိုက် ကောင်းမွန်ပြောင်းလဲလာရေးတို့ကို ရည်ရွယ်၍ Clean Together ခေါင်းစဉ်ဖြင့် ဇာတ်လမ်းတို ရုပ်ရှင်ပြိုင်ပွဲ ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါပြိုင်ပွဲတွင်ပေးထားသောခေါင်းစဉ်ဖြင့် ၃ မိနစ်မှ ၅ မိနစ်အတွင်းဇာတ်လမ်းတိုများ၊ မှတ်တမ်းများ၊ အန်နီမေးရှင်းများကိုဝင်ရောက်ယှဉ်ပြိုင်နိုင်ပြီးဆုများအနေဖြင့် Best Short Film Award ဆု၊ Best Documentary Award Best Animation Popular ChoiceAward ဆုများကို ပေးအပ်သွားမည်ဖြစ်ပြီး တစ်ဆုလျှင်ငွေကျပ်ဆယ်သိန်းချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ဇာတ်ကားများကိုဦးမြင့်သိန်းဖေ၊ အကယ်ဒမီဦးငြိမ်းမင်း၊ အကယ်ဒမီရွှေစင်ထိုက်၊ ဒေါ်သန်းမြင့်အောင်နှင့် ကိုသိဒ္ဓိတို့မှ အကဲဖြတ်ရွေးချယ်သွားမည်ဖြစ်ပြီး ပေးပို့လာသောဇာတ်ကားများကို Clean Together Film Festival Page တွင် အချိန်နှင့်တစ်ပြေးညီတင်ပြသွားမည်ဖြစ်ကြောင်းသိရသည်။

ပြိုင်ပွဲဝင်ဇာတ်ကားများကို နိုဝင်ဘာ ၁ ရက်မှဒီဇင်ဘာ ၃၁ ရက်အထိ လက်ခံသွားမည်ဖြစ်ရာ ဖိုင်နယ်ပွဲစဉ်ကို ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည်ဖြစ်ပြီး ဖိုင်နယ်တွင် အကောင်းဆုံးဆန်ခါတင်ဇာတ်ကားများကို ရွေးချယ်ကာ Popular Choice Award ဆုအတွက် Facebook Like & Share Voting ၅၀ ရာခိုင်နှုန်း ပြိုင်ပွဲကျင်းပချိန်တွင် ပရိသတ် Voting ၅၀ ရာခိုင်နှုန်းတို့ဖြင့် စုပေါင်း ရွေးချယ်သွားမည်ဖြစ်ကြောင်းသိရသည်။

**ဇာနည်မောင်**

# သက်ကြီး စစ်မှုထမ်းဟောင်းများအား ထောက်ပံ့

**မင်္ဂလာတောင်ညွန့် နိုဝင်ဘာ ၁**

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ဗဟိုဌာနချုပ်မှ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ အသက်(၇၅) နှစ်ပြည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့် ၂၀၁၇-၂၀၁၈ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းများတွင် ပညာသင်ကြားလျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေများ ထပ်ဆင့်ပေးအပ်ပွဲ အခမ်းအနားကို အောက်တိုဘာ ၂၈ ရက်က မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ရုံး၌ ကျင်းပခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေပေးအပ်ပွဲတွင် ဗဟိုဌာနချုပ်နှင့် မြို့နယ်က ထောက်ပံ့ချီးမြှင့်သည့် အသက်(၇၅) နှစ်ပြည့်စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ခုနစ်ဦး၊ တက္ကသိုလ်၊ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း၌ ပညာသင်ကြားနေသော စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ သားသမီးများအား ပညာသင်ထောက်ပံ့ငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မိုးယံကျ(မြစ်ကြီးနား)**

# ကျေးလက်ရေရရှိရေး ရေပေးရေးကော်မတီဖွဲ့စည်း

**ကြံခင်း နိုဝင်ဘာ ၁**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ကြံခင်းမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ကြံခင်းမြို့နယ်အတွင်း ကျေးလက်ရေ ရရှိရေး (စိမ့်စမ်းရေသွယ်) လုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်၍ အောက်တိုဘာလ နောက်ဆုံးပတ်က ပိန္နဲကွင်းကျေးရွာအုပ်စု စခန်းကြီးကျေးရွာသို့ ကျေးလက်ဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးလက်ရေရရှိရေးလုပ်ငန်းဆောင်ရွက်ရန် ကျေးရွာရေပေးရေးကော်မတီကို ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**သူရအောင် (ပြည်)**




# ကြေးမုံစာအုပ်စင် စာအုပ်အမြင် (မော်ကွန်း)

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဝိပါကဝဋ် ပြေးမလွတ်




နေ့စဉ်သုံး စကားလုံးများ၌ပင် ကာလဝိပါက် နောက်ပိုးတက်၊ ဝိပါက်ကြမ္မာ မပြေးသာ စသည်ဖြင့် ဝိပါကဝဋ်အကြောင်းကိုပေါ်လွင်အောင် ဆရာတော် အရှင်မာနိတ(ရွှေပြည်သာ)ဓမ္မာစရိယ၊ ဝိနယဝိဒူ စီစဉ်သော ဝိပါကဝဋ် ပြေးမလွတ်စာအုပ် ထွက်ရှိလာသည်။

အချို့ကား ဝိပါကဝဋ်ဟူ၍ပင်မထင်၊ ဖြစ်စရာရှိလို့ဖြစ်သည်ဟုသာ မြင်ကြ၏။ ခံစရာရှိလို့ခံရသည်။ လုပ်ရဲရင်ခံရဲရမှာပေါ့၊ လုပ်ရဲရင်ခံရဲတယ်ကွ စသည်ဖြင့် ဝိပါကဝဋ်သို့ အရောက်ချီတက်ရန် မြှောက်ထိုးပင့်ကော်စကားမျိုးဆိုတတ်ကြပေသည်။ ထိုသို့လူအမျိုးမျိုးရှိရာတွင် ဝိပါကဝဋ်အားကြောက်ရွံ့ထိတ်လန့်နေသူများပို၍ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ ဝိပါကဝဋ်အား မကြောက်ရွံ့မထိတ်လန့်သေးသူများ ကြောက်ရွံ့ထိတ်လန့်လာစေရန်၊ ဝိပါကဝဋ်အကြောင်း လုံးဝ မသိနားမလည်သေးသူများ အနည်းအပါးနားလည်လာစေရန်ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို ပြည်တော်သာစာပေ၊ ရွှေပြည်သာ၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၅၀၀၁၆၃၈၈နှင့် ၀၉ - ၇၉၆၇၅၉၂၅၃တို့မှ တန်ဖိုးငွေကျပ် ၁၅၀၀ဖြင့် ဖြန့်ချိသည်။**

## ကံဆင့် ကံမြင့် ကံပွင့်စေမည့် မဟာသမယသုတ်တော်အဓိဋ္ဌာန်ကျင့်စဉ်




မေတ္တာသုတ်ရွတ်လျှင် နတ်ချစ်၊ လူချစ်လူခင်ပေါ်များကြောင်း ဓမ္မာစရိယ ဦးအောင်ကျော်မိုး စီစဉ်သော ကံဆင့် ကံမြင့် ကံပွင့်စေမည့်မဟာသမယသုတ်တော် အဓိဋ္ဌာန်ကျင့်စဉ် စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် လူသားတိုင်းနေ့စဉ်ဘဝကြုံတွေ့နေရသော ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသည့် အခက်အခဲများကို ကျော်လွှားနိုင်စေရန် ကံဆင့် ကံမြင့် ကံပွင့်စေမည့် မဟာသမယသုတ်တော်ကို ပါဠိ၊ အသံထွက်၊ မြန်မာပြန်ဆိုထားသည်ကို မှန်မှန်ကန်ကန်နှင့် ပီပီသသရွတ်ဆိုခြင်းဖြင့် မိမိ၏ အခက်အခဲများကို ပြေလျော့စေနိုင်ကြောင်း ရေးသားထားသည့်အပြင် မေတ္တာဆိုတာ အလျားအနံရှိပေမယ့် အသွားအပြန်ရှိသည်ဆိုသော ဆိုရိုးစကားအတိုင်း မေတ္တာအပြည့်အဝထားလျှင် နတ်ချစ်၍ နတ်စောင့်ရှောက်ပြီး ကောင်းကျိုးအဖြာဖြာကို ရရှိစေနိုင်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၈၀၀ ဖြင့် ဖြန့်ချိသည်။**

## လောကီရေးရာအဖြာဖြာ သိကောင်းစရာ




လူ့ဘောင်လောက၏ အတွေ့အကြုံများကို စာရေးသူ ဆရာကြည် စီစဉ်ရေးသားသော လောကီရေးရာ အဖြာဖြာ သိကောင်းစရာစာအုပ် ထွက်ရှိလာသည်။

လူသားတို့၏သဘောသဘာဝနှင့် စရိုက်များကို ရေးသားထားပြီး လူသည် အမှတ်တမဲ့မနေဘဲ နောက်ဆုံးပန်းတိုင်ဖြစ်သည့်သေခြင်းကိုမြင်၍ လောဘ၊ ဒေါသ၊ မောဟ စသည့်မီးများကိုလျှော့ချပြီး သံဝေဂရရှိစေ ရန်ရေးသားထားသည်။ လူအချင်းချင်း ဆက်ဆံရာတွင်လည်း အထင်မှား အမြင်မှားဖြင့်မြင်ယောင်ပြီး မိမိကိုယ်ကို အထင်ကြီးမှုများပပျောက်စေရန်၊ လူအများသိမှတ်လွယ်သောလက်တွေ့သုံး ကျသည့် ဆုံးမစာများသိရှိ စေရန်၊ လွဲမှားသောဂါရဝပြုမှု၊ မိမိ၏ အထက်ကြီးကဲသောလူကြီးသူမများ၊ ကိုယ်ရေးကိုယ်တာကိစ္စများကို ဆောင်ရွက်ခြင်းဖြင့်ဂါရဝမပြုရန်၊ မိမိ၏လုပ်ရမည့်အလုပ်ကို တာဝန်ကျေလျှင် မိမိ၏ အထက်လူကြီးအားဂါရဝပြု ခြင်းဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို အမှတ် - ၁၆၂၊ ၅ - လွှာ(ဘယ်)၊ လမ်း - ၅၀(အထက်)၊ အမှတ် ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၉၇၂၂၂၆၅၆၄နှင့် ၀၉ - ၄၃၀၆၇၅၁၅တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ဘာသာဗေဒ အသုံးပြုဘာသာပြန်ခြင်း




သဒ္ဒါမတတ် စာမတတ်ဆိုရိုးစကားအရ ဘာသာစကားပြောတတ်ရင် သူ့အလိုလို တတ်မြောက်လာသည့် သဒ္ဒါအကြောင်းကို မသိသေးသူများအတွက် စာရေးဆရာ ဒီပံလင်းရေးသားသော ဘာသာဗေဒအသုံးပြု ဘာသာပြန်ခြင်း စာအုပ်ထွက်ရှိလာသည်။

လူသားအချင်းချင်း ဆက်သွယ်ပြောဆိုသည့်ဘာသာစကားပေါ်ခဲ့သည်မှစ၍ လူတို့သည်ဘာသာပြန်ဆိုမှုကိုစတင်လာခဲ့သည်။ သာဓကအားဖြင့် သားငယ်၏ငိုသံကိုကြားသဖြင့် နို့ဆာ၍ငိုသည်လား သို့မဟုတ် ဗိုက်နာ၍ငိုသည်လားခွဲခြားနားလည်ရလေအောင် ဘာသာပြန်ယူရသည်။ ထိုနည်းတူပင် မောင်ဆိုသည့်ချစ်သူခေါ်သံကလေးကိုပင် လေယူလေသိမ်းလိုက်၍ အကြင်နာစိတ်ဖြင့် ခေါ်သည်လား၊ ဒေါသစိတ်ဖြင့် ခေါ်သည်လား ခွဲခြားနာလည်နိုင်စေရန်ဘာသာပြန်ကြသည်။ ထိုသို့ မတူညီသောဘာသာစကားတစ်ခုနှင့်တစ်ခု ဖလှယ်ကြသောအခါ ထိုအချက်များကို မေ့လျော့နေတတ်ကြသဖြင့် ဘာသာပြန်ရာတွင် အခက်အခဲများကို ကြုံတွေ့လာရခြင်းဖြစ်သည်။ ထို့ကြောင့်ဘာသာပြန်ခြင်းကို လေ့လာလိုသူများ ဆောင်ထားသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို အမှတ် - ၁၀၄၊ ၄၉ - လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၄၂၁၁၈၀၇၀၂ မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**

## သချာၤဘာသာရပ်စွမ်းရည် တိုးတက်လိုသူများအတွက် အိုလံပစ်သင်္ချာ Intermediate




အောင်နိုင်သူ အယ်ဒီတာအဖွဲ့စီစဉ်သော သင်္ချာဘာသာရပ်စွမ်းရည် တိုးတက်လိုသူများအတွက် အိုလံပစ်သင်္ချာ Intermediate စာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်သည် ကျောင်းသား ကျောင်းသူများအတွက် သင်္ချာပုစ္ဆာများတွင် ရိုးရှင်းသော ပုစ္ဆာများအပြင် ခက်ခဲနက်နဲသောပုစ္ဆာများ ဖြေရှင်းနိုင်ရန်လွယ်ကူသောစာပိုဒ်များနှင့် ဥပမာများဖြင့်ဖော်ပြထားသည့်အပြင် တွက်နည်းများကိုလည်း အခန်းတစ်ခန်းချင်းစီအလိုက် သေချာစွာ ဖော်ပြထားသည်။ စာအုပ်ထဲရှိ ရှင်းလင်းချက်များ၊ ဖော်ပြချက်များနှင့် ဥပမာများကို ကျောင်းသားကျောင်းသူများ လွယ်ကူစွာ နားလည်နိုင်စေရန်၊ လေ့ကျင့်ရန်လည်း လေ့ကျင့်ခန်းများကို အဖြေနှင့်တကွ ဖော်ပြထားသောကြောင့် ကျောင်းသား ကျောင်းသူများသည် အဆိုပါစာအုပ်ကို လေ့လာခြင်းဖြင့် သင်္ချာပုစ္ဆာများကိုဖြေရှင်းရာတွင် လွယ်ကူစေမည်ဖြစ်သည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း၊ အပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀ တို့မှ တန်ဖိုးငွေကျပ် ၃၀၀၀ ဖြင့် ဖြန့်ချိသည်။**

## ရိုးသုံး အင်္ဂလိပ်စာနှင့် နိုင်ငံတကာ လုပ်ငန်းခွင် ကျင့်ဝတ်များ




နိုင်ငံတကာမှ ခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ လာရောက်မှုများပြားလာသဖြင့် ကမ္ဘာသုံး အင်္ဂလိပ်စာသည် အလွန်အရေးပါလာသဖြင့် စာရေးဆရာဦးဖြိုးကြွယ်မြင့် ရေးသားသော ရိုးသုံး အင်္ဂလိပ်စာနှင့် နိုင်ငံတကာလုပ်ငန်းခွင်ကျင့်ဝတ်များ စာအုပ်ထွက်ရှိလာသည်။

မြန်မာလူငယ်များသည် မြန်မာနိုင်ငံ၏ အနာဂတ်ကို ပုံဖော်နေသူများဖြစ်ရာ မြန်မာလူငယ်များ အနေဖြင့် အင်္ဂလိပ်စာကို လွယ်ကူစွာ လေ့လာနိုင်စေရန်နှင့် ပြန်လည်အသုံးချတတ်စေရန်၊ နိုင်ငံတကာနှင့် ဆက်သွယ်ပြောဆိုရာတွင် အထောက်အကူပြုစေရန် ရည်ရွယ်၍ ကောင်းနိုးရာရာများကို စုစည်းဖော်ပြထားသည်။ အင်္ဂလိပ်စာကိုလေ့လာလိုက်စားလိုသူများ ကျွမ်းကျင်မှုရှိစေရန် ကြိမ်ဖန်များစွာ လေ့လာဆည်းပူးခြင်းကို မိမိကိုယ်တိုင် စိတ်ရောကိုယ်ပါ အားသွန်ခွန်စိုက်ကြိုးပမ်းပြုလုပ်ရမည်ဖြစ်ကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို မဇ္ဈိမစာပေ၊ အမှတ် - ၂၃၇၊ ပထမထပ်(ဝဲ)၊ ၃၉ - လမ်း (ထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၉ - ၇၇၃၇၇၄၇၃၃နှင့် ၀၉ - ၂၆၃၈၀၆၆၀၀တို့မှ တန်ဖိုးငွေကျပ် ၂၅၀၀ဖြင့် ဖြန့်ချိသည်။**

## မြန်မာ IT ပညာရှင် လူငယ်များကို စောင့်မျှော်နေသော ဂျပန်နှင့်အခြား ဆောင်းပါးများ




စာရေးသူ ကောင်းမြတ်ထွန်းစီစဉ်သော မြန်မာIT ပညာရှင်လူငယ်များကို စောင့်မျှော်နေသော ဂျပန်နှင့် အခြား ဆောင်းပါးများ စာအုပ်ထွက်ရှိလာသည်။

အဆိုပါ စာအုပ်တွင် မြန်မာIT ပညာရှင်လူငယ်များကို ဂျပန်နိုင်ငံတွင် သွားရောက်အလုပ်လုပ်ကိုင်နိုင်စေရန် အတွက် စာရေးသူ၏ အတွေ့အကြုံများစွာကို ရေးသားထားသည်။ ထို့အပြင် မြန်မာ IT ပညာရှင်လူငယ်များကို စောင့်မျှော်နေသော ဂျပန်၊ နိုင်ငံခြားသားကျွမ်းကျင်လုပ်သားနှင့် စိမ်းနေသောဂျပန် IT လုပ်ငန်းများ၊ ကျွန်တော် အလုပ်လုပ်သော ဂျပန် IT Company (GIC) အကြောင်း၊ ဂျပန်နိုင်ငံမှာCareer Up အတွက် ဘာတွေလုပ်လို့ရသလဲ၊ ဂျပန်လုပ်ငန်းခွင်ဝင်မည့်သူများ သိရှိ လိုက်နာသင့်သည့် အခြေခံအချက်များ၊ တိုကျိုမြို့နေထိုင်မှုကုန်ကျစရိတ်နှင့် ကုန်စျေးနှုန်းများ၊ မြန်မာမိဘတွေဆီ ငွေဘယ်လိုပို့မလဲနဲ့ ဝင်ငွေခွန် သက်သာခွင့်၊ မြန်မာယာဉ်မောင်းလိုင်စင်မှ ဂျပန်ယာဉ်မောင်းလိုင်စင်ရယူခြင်း စသော အကြောင်းအရာများကို ဖော်ပြထားသည်။

**စာအုပ်ကိုလှိုင်းသစ်စာပေ၊ အမှတ် - ၇၊ ၇ - လွှာ၊ ၁၅ - လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ဖုန်း - ၀၁ - ၂၁၀၄၃၅နှင့် ၀၉ - ၅၀၅၅၉၉၆တို့မှ တန်ဖိုးငွေကျပ် ၂၀၀၀ ဖြင့် ဖြန့်ချိသည်။**


UPG
UNITED PAINTS GROUP CO., LTD.
ISO 9001:2008 ISO 14001:2004 OHSAS 18001:2007
Responsible Care®
THE GLOBAL COMPACT
Global Compact Network [Myanmar]
သီတင်းကျွတ်အထူးအစီအစဉ်
PREMIER
ORIENT Professional
လီတာ ၂၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
ORIENT
Interior and Exterior Emulsion Paint
လီတာ ၅၀ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၅၀၀၀ကျပ် ရယူပါ...
ကရဝိက်
KG only
၁ ဂါလံ ဝယ်ယူတိုင်း MPT ဖုန်းငွေဖြည့်ကတ် ၂၀၀၀ ကျပ် ရယူပါ...
Promotion ကာလ ▶ ၁-၁၀-၂၀၁၇ မှ ၃၁-၁၂-၂၀၁၇

ပြည်တွင်းအခွန်များဦးစီးဌာန

# အောင်ဘာလေထီဆွဲဌာနခွဲ

(၈) ကြိမ်မြောက် ထီပေါက်စဉ် ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာ လ (၁) ရက်နေ့

*အခမဲ့ထုတ်ဝေသည်*

## အထူးဆုကြီး ကျပ်သိန်း (၁၀၀၀၀) ဆု

ဇ - ၂၉၂၇၉၆

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၅၀၀၀)ဆုများ

ဏ - ၈၉၈၅၀၆    ကဈ - ၉၁၇၅၁၅

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၃၀၀၀)ဆုများ

ခ - ၁၁၀၁၂၆    ဎ - ၇၀၄၂၃၄
ကဂ - ၅၃၆၇၂၅

## ဆုကြီးတစ်ဆုစျင်း ကျပ်သိန်း(၁၀၀၀)ဆုများ

| | | |
|---|---|---|
| သ - ၂၁၂၅၅၈ | ကဗ - ၂၅၀၆၇၆ | ကဗ - ၆၂၁၆၀၂ |
| ဍ - ၂၃၈၉၇၀ | ကဎ - ၂၅၇၅၉၁ | က - ၇၂၆၇၁၆ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၅၀၀)ဆုများ

| | |
|---|---|
| ကဗ | ၄၄၂၈၉၂ |
| ကဍ | ၄၉၁၆၇၁ |
| ည | ၅၆၃၁၇၈ |
| ကစ | ၆၀၀၉၂၈ |
| ဌ | ၆၄၄၅၃၅ |
| ဗ | ၆၆၂၄၆၈ |
| ပ | ၉၁၉၉၁၄ |
| င | ၉၆၂၃၇၇ |
| ကဂ | ၉၈၄၁၀၇ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၃၀၀)ဆုများ

| | |
|---|---|
| ဝ | ၁၂၀၉၆၈ |
| ကဍ | ၁၂၄၈၄၅ |
| ကဗ | ၂၁၁၀၃၈ |
| န | ၂၇၂၅၅၃ |
| ကဂ | ၃၆၁၉၅၉ |
| ကဌ | ၆၈၀၉၄၁ |
| ဘ | ၇၁၁၂၃၈ |
| စ | ၈၃၈၈၇၅ |
| ဒ | ၈၅၂၀၀၅ |
| ကဌ | ၈၈၀၆၈၈ |
| မ | ၉၅၁၂၅၀ |

## ဆုတစ်ဆုစျင်း ကျပ်သိန်း(၁၀၀)ဆုများ

| | |
|---|---|
| ဍ | ၁၅၅၁၄၆ |
| ခ | ၂၉၁၃၇၀ |
| တ | ၃၀၃၃၁၇ |
| ဒ | ၆၃၉၈၆၇ |
| တ | ၆၆၁၀၈၆ |
| ကည | ၇၆၁၅၄၂ |
| ဃ | ၇၉၂၂၇၁ |
| ကစ | ၇၉၄၈၉၁ |
| ဒ | ၈၆၉၈၁၄ |
| န | ၈၈၀၇၀၀ |
| ဓ | ၉၆၈၃၉၄ |
| ဏ | ၉၇၀၉၆၂ |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၅၀)ဆုများ

| | | | |
|---|---|---|---|
| ဘ | ၁၆၂၁၇၂ | ဟ | ၆၂၀၇၇၅ |
| ဎ | ၂၀၆၉၀၂ | ရ | ၆၅၆၅၇၄ |
| ကဇ | ၂၁၆၆၀၉ | ဋ | ၆၆၈၅၅၆ |
| ဒ | ၂၃၆၇၈၃ | စ | ၇၂၇၇၉၅ |
| ကင | ၂၄၂၁၅၇ | ဒ | ၇၅၆၃၄၉ |
| ဇ | ၂၈၅၇၄၁ | ကဍ | ၇၅၇၃၃၃ |
| ဗ | ၂၈၇၅၀၃ | ဍ | ၈၉၆၈၅၈ |
| သ | ၄၁၇၇၅၇ | ဟ | ၉၇၉၈၃၁ |
| င | ၄၈၈၈၄၇ | | |

## ဆုတစ်ဆုချင်း ကျပ်သိန်း(၃၀)ဆုများ

| | | | |
|---|---|---|---|
| စ | ၁၁၁၈၆၆ | ဍ | ၅၄၈၁၀၇ |
| မ | ၁၅၂၃၇၅ | ဗ | ၆၄၀၃၇၃ |
| ဗ | ၁၇၃၄၃၈ | က | ၆၇၇၂၈၉ |
| ဎ | ၂၅၄၅၆၉ | ကဆ | ၆၉၉၇၃၇ |
| ကခ | ၂၇၃၆၁၀ | မ | ၆၉၉၈၂၉ |
| ဘ | ၃၀၉၅၉၅ | ကစ | ၇၁၂၀၀၃ |
| ဍ | ၃၂၁၇၆၇ | ပ | ၈၃၀၈၅၀ |
| ဂ | ၃၉၉၄၆၇ | ဇ | ၈၃၉၉၇၇ |
| ဟ | ၄၁၁၄၉၆ | ဓ | ၉၁၅၇၄၂ |
| ဗ | ၄၅၄၃၇၇ | ကဂ | ၉၂၁၁၅၆ |
| ဒ | ၄၈၆၁၄၂ | ကဃ | ၉၆၃၉၁၅ |

## ဆုတစ်ဆုချင်းဆုမဲစနစ် ကျပ်(၁၀)သိန်းဆုများ

| | | | | | | | |
|---|---|---|---|---|---|---|---|
| ကဃ | - ၁၀၅၈၂၂ | ဍ | - ၃၁၇၁၉၁ | သ | - ၅၇၃၁၉၆ | ကပ | - ၇၀၈၈၉၈ |
| ရ | - ၁၀၈၅၄၄ | ကက | - ၃၇၅၁၄၅ | သ | - ၅၇၆၇၅၂ | ဋ | - ၇၂၂၈၄၃ |
| ထ | - ၁၆၄၂၀၅ | မ | - ၄၅၅၃၆၀ | ကခ | - ၅၇၇၃၇၈ | ဇ | - ၇၂၃၅၃၇ |
| ဒ | - ၁၇၁၄၂၃ | ဆ | - ၄၈၁၈၁၂ | ဗ | - ၅၉၅၉၅၉ | ကဏ | - ၇၅၇၀၃၅ |
| င | - ၂၀၈၅၇၃ | ဈ | - ၄၉၃၃၅၁ | ကဋ | - ၆၄၂၂၈၉ | ဘ | - ၈၁၁၃၉၉ |
| ကစ | - ၂၃၂၀၆၉ | စ | - ၅၀၆၄၆၈ | ဃ | - ၆၅၇၇၁၇ | ဏ | - ၈၅၁၈၃၆ |
| ဂ | - ၂၉၆၂၀၁ | မ | - ၅၄၄၀၅၃ | ကဍ | - ၆၇၀၀၃၄ | ကဋ | - ၈၆၅၄၄၃ |

## ဝေဝေဆာဆာပဒေသာ ဆုမဲစနစ်

### ဝေဝေဆာဆာပဒေသာ ကျပ်(၃)သိန်းဆုများ

| | | | |
|---|---|---|---|
| နံ | - ၁၈၃၄၃ | ဗ | - ၇၀၄၁၇ |
| ဠ | - ၁၉၆၅၂ | ဠ | - ၇၅၄၃၇ |
| ပ | - ၃၀၃၇၄ | ဂ | - ၈၃၁၁၄ |
| ဇ | - ၃၀၃၉၅ | ကဏ | - ၉၀၆၄၅ |
| ဈ | - ၃၆၆၇၁ | င | - ၉၁၁၂၆ |

အက္ခရာနှင့် ရှေ့ဂဏန်း(၅)လုံး အစဉ်လိုက်တူ – ကျပ်(၃)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၂)သိန်းဆုများ

| | | | |
|---|---|---|---|
| ကက | - ၃၃၇၂ | ကဍ | - ၈၂၀၅ |
| ဍ | - ၃၇၆၀ | တ | - ၈၄၇၆ |
| ဍ | - ၅၁၁၂ | ခ | - ၉၀၅၅ |
| ဍ | - ၅၉၂၉ | ကည | - ၉၁၄၅ |
| ကဂ | - ၇၆၂၃ | မ | - ၉၆၂၁ |

အက္ခရာနှင့် ရှေ့ဂဏန်း(၄)လုံး အစဉ်လိုက်တူ – ကျပ်(၂)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၁)သိန်းဆုများ

| | | | |
|---|---|---|---|
| ကခ | - ၁၂၈ | င | - ၅၁၂ |
| ဈ | - ၂၆၇ | ခ | - ၅၁၈ |
| ဝ | - ၂၈၀ | ကဆ | - ၅၁၈ |
| မ | - ၃၃၆ | ည | - ၆၅၈ |
| ကဂ | - ၄၉၂ | စ | - ၇၀၃ |
| ခ | - ၅၀၉ | ဈ | - ၈၈၄ |

အက္ခရာနှင့် ရှေ့ဂဏန်း(၃)လုံး အစဉ်လိုက်တူ – ကျပ်(၁)သိန်း

### ဝေဝေဆာဆာပဒေသာ ကျပ်(၅)သောင်းဆုများ

| | | | |
|---|---|---|---|
| ဖ | - ၁၃ | ကဋ | - ၅၅ |
| ဟ | - ၁၃ | ဠ | - ၅၇ |
| ကဇ | - ၂၃ | ဗ | - ၅၉ |
| ရ | - ၂၃ | | |
| ကခ | - ၃၈ | | |
| ဝ | - ၄၁ | | |
| ကစ | - ၄၄ | | |

ဂ - ၈၂

ဂ-၈၂၀၀၀၀ မှ ဂ-၈၂၀၀၀၆ ထိ

ဂ-၈၂၀၀၆၂ မှ ဂ-၈၂၉၉၉၉ ထိ

အက္ခရာနှင့် ရှေ့ဂဏန်း(၂)လုံး အစဉ်လိုက်တူ – ကျပ်(၅)သောင်း

၁။ ၂၀၁၇ခုနှစ်၊ နိုဝင်ဘာလ (၁) ရက်နေ့တွင်ကျင်းပသည့် (၈) ကြိမ်မြောက်အောင်ဘာလေသိန်းဆုဖွင့်ပွဲတွင် ဆုမဲပေါင်း (၁၂၃၁၅၆)ဆု ဖွင့်လှစ်ပေးခဲ့ပါသည်။

၂။ ၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ (၁) ရက်နေ့တွင် ကျင်းပမည့် (၉) ကြိမ်မြောက် ကျပ်(၅၀၀)တန်ထီ အောင်ဘာလေထီလက်မှတ်များကို (က) အက္ခရာမှ (ကဏ) အက္ခရာထိ အက္ခရာအလုံး (၄၈)လုံး ခွဲဝေရောင်းချပေးသွားမည် ဖြစ်ပါသည်။

၃။ ထပ်မံဝယ်ယူလိုသူများရှိပါက ကျပ် (၅၀၀)တန် ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ (၁၀၀) နှင့်အထက်ဝယ်ယူလိုသူများသည် ဘဏ်ငွေသွင်းချလန် **(TF-1)**ဖြင့် အောင်ဘာလေသိန်းဆုဌာနခွဲ တည်ရှိရာ အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်း ထောင့်၊ ကျောက်တံတားမြို့နယ်တွင် (၆. ၁၁ . ၂၀၁၇) ရက်နေ့မှ (၂၄ . ၁၁ . ၂၀၁၇) ရက်နေ့ထိ ရောင်းချပေးသွားမည် ဖြစ်ပါသည်။

ဆုငွေစတင်ထုတ်ပေးမည့်ရက် ( ၁၄ . ၁၁ . ၂၀၁၇)

ယခုအကြိမ်နှင့် အကြိမ်ဟောင်းများမှ ဆုရလက်မှတ်များကို နေ့စဉ် လက်ခံဆောင်ရွက်ပေးလျက်ရှိပြီး၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း/မိတ္တူ၊ အိမ်ထောင်စုစာရင်း မူရင်း/မိတ္တူ၊ (၆)လအတွင်း ရိုက်ကူးထားသည့် လိုင်စင်ဓာတ်ပုံ (၃)ပုံ တင်ပြရန်လိုအပ်ပါသည်။

အောင်ဘာလေသိန်းဆုဌာနခွဲ

**အောင်ဘာလေသိန်းဆီပေါက်စဉ်အား www.irdmyanmar.gov.mm တွင် ကြည့်ရှုထုတ်ယူနိုင်ပါသည်။**

## Ever Clean Travel & Tour

| | | |
|---|---|---|
| * ပုဂံ(စွယ်တော်လေးဆူ)-ပုပ္ပါး | (၃ည ၄ရက်) | Nov-2-10, Dec-15-22-29 |
| * မြဝတီ-မဲဆောက် | (၃ည ၄ရက်) | Nov-2-10, Dec-15-22-29 |
| * တောင်ကြီး-အင်းလေး-ပင်းတယ-ကလော | (၄ည ၅ရက်) | Nov-2-10, Dec-22-29 |
| * ကလော(Trekking)မိန်းမရဲတောင်၊ မြေပဲပိတ်ရေပြေနိုင် | (၄ည ၅ရက်) | Nov-2-10, Dec-22-29 |
| * လွိုင်ကော်-ပန်ပက်-ဒီမောဆို-ထီးစံခါးရေတံခွန် | (၄ည ၅ရက်) | Nov-2-10, Dec-22-29 |
| * ထားဝယ်-(ရှင်ကိုးရှင်)-မောင်းမကန်ကမ်းခြေ | (၄ည ၅ရက်) | Nov-10, Dec-29 |
| * ပေါက်ပြို-ကျိုက်ထီး-ကော်ခဲ | (နေ့ချင်းပြန်) | Nov-18-25, Dec-2-15 |
| * ဘားအံ-ဂူ(၅)ဂူ-ချစ်သူ့ဖိုင် | (နေ့ချင်းပြန်) | Nov-18-25, Dec-9-15 |
| * ဘားအံ တောင်ပိုင်းတောင်၊ ချစ်သူ့ဖိုင်စရိုင် | (နေ့ချင်းပြန်) | Nov-18-25, Dec-9-15 |
| * တောင်ငူ-သံတောင်ကြီး-မိုးကုတ်ဆင်စခန်း | (နေ့ချင်းပြန်) | Nov-18-25, Dec-2-15 |
| * ဆောင်နိုင်ကြီးရေတံခွန်-ကျိုက်ပေါလောမုဲ့ရှင်-စိမ်းလဲ့တင် | (နေ့ချင်းပြန်) | Nov-18-25, Dec-2-15 |

ကားစင်းလုံးငှားရမ်းနိုင်သည်။

09-33886666, 09-795185522

## သုံးရာသီ ဝပ္ပဒါန

တောင်ကြီး-အင်းလေး-ပင်းတယ-ကက္ကူ-ထန်စန်း
လွိုင်ကော် ထမင်းကျွေး-ကားခ = ၆၅၀၀၀ိ/-
ပုပ္ပါး-ပုဂံ၊ စွယ်တော်လေးဆူ ပြည့်စုံပြီး
ပဒ္ဒကူညီပ်ဂုဏ် (၁)ဦးထမင်းကျွေး-၄၁၀၀၀/-
ထားဝယ်ရှင်ကိုးရှင်၊ ကျိုက္ကမီကော်စံ - ၇၀၀၀၀
10,17,24-Nov
AirCom: Express
420144148, 421153797

## ရွှေလမ်းညွှန်

Nov 2,10
ထားဝယ်ရှင်ကိုးရှင်၊မွှော်ရစ်၊မောင်းမကန်
57000
ကယားပြည်နယ်-လွိုင်ကော်၊ ကလော
37000
09-420087371, 09-259302029




## ကိုကျော်နိုင် CAR RENTAL

စိတ်ချမ်းမြေ့စွာ ခရီးသွားနိုင်ရန်
ALPHARD, HIACE (အိတ်တုံး)
ကားအမျိုးမျိုးကို ငှားရမ်းနိုင်ပါသည်။
09 25 358 2510
09 515 8803
https://www.facebook.com/kyawpanda

## ဟိန်း

01.2330054
095160048
09-782470755
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

## STEEL KING COMPANY LIMITED

STEEL KING Since 1986

ISO 9001:2015 Cert. No. 689118

မြေငလျင်လှုပ်ခတ်လေ့ရှိသောဒေသများတွင် သုံးစွဲရန် အထူးထုတ်လုပ်ထားပြီး မြန်မာနိုင်ငံတွင် ပထမဆုံးတင်သွင်းလိုက်သော "SK"500D တံဆိပ်ပါ Super Ductile Steel သံချောင်းများ

SK 500 D တံဆိပ်ပါသံချောင်းများ

- ကမ္ဘာပေါ်တွင် မြေငလျင်လှုပ်ခတ်လေ့ရှိသောနိုင်ငံများအတွက်သုံးစွဲရန် အထူးထုတ်လုပ်ထားသော SK(Register No. 4/5619) တံဆိပ်ပါ သံချောင်းများသည် High Strength နှင့် Super Ductility ကောင်းသောသံချောင်းများဖြစ်ခြင်း၊
- ဤအရည်အသွေးများကြောင့် ကြီးမားသောလှုပ်လှိုင်း (Amplitude) ၏မြေကြီးတွင်ဖြစ်ပေါ်လာသော ပွတ်တိုက်တွန်းအား (Stress) များကို ဖြေလျှော့စေသည့် (High Energy Absorption Capacity) စွမ်းအားကောင်းသောသံချောင်းများဖြစ်ခြင်း၊
- ASTM, JIS တို့တွင် သတ်မှတ်ထားသော Specification နှင့် ကိုက်ညီသည့်အပြင် BIS Specification ဖြင့်ထုတ်လုပ်ထားသဖြင့် Super Brand Status ဖြစ်ခြင်း၊
- SK တံဆိပ်ပါသံချောင်းများ၏ အရွယ်အစား (Size), အလေးချိန်နှင့် Standard Length 12m အပြည့် ရှိခြင်း၊
- မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (MES) ၏ Strength Lab တွင် စမ်းသပ်ရန် အာမခံပေးသည့်အရည်အသွေးရှိခြင်း၊
- ဖေါ်ပြပါအရည်အချင်းများကြောင့် အင်ဂျင်နီယာများ၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ၊ လိုင်စင်ရကန်ထရိုက်တာများနှင့် ဆောက်လုပ်ရေးပစ္စည်းရောင်းချသူများမှ အားပေးယုံကြည်မှုရရှိထားခြင်း။

၂၄နာရီဝန်ဆောင်မှုကိုနေရာဒေသမရွေးလူကြီးမင်းတို့၏လုပ်ငန်းခွင်သို့အရောက်ပို့ဆောင်ပေးနေပါပြီ

ရုံးချုပ် အမှတ်(၂၉၆/ခ) ရေဝေးလမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။
Hotline - +95-9-5038000, 5038111, 5038222, 5038333, 5037444
Tel - +95-1-450441, 450442, 450443, 450445, 450456 | Fax: +95-1-553 451
Email : steelkingsale@gmail.com

## ဆရာဒွေး နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်

B.A (Hons), M.A (English)

အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်

တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၃တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို၊ ဘွဲ့ရ၊ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။

နိုဝင်ဘာလ(၄/၆/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း၊ မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

## ဝန်ထမ်းအမြန်အလိုရှိသည်

BeautySaloon - (မ) ၁၅ ဦး
(လစာ + % ခံစားခွင့်ရှိပါသည်။)
အမှတ် (၇၅)၊ ၁၄ လမ်း (လယ်)၊ မြေညီထပ်။
ဖုန်း - ၀၉ ၃၁၈၀၅၅၅၅၊ ၀၉ ၃၁၈၀၆၆၆၆။

## ဝန်ထမ်းအလိုရှိသည်

၁။ အရောင်း ကျား/မ(၄)ဦး
၂။ Computer စာရင်းသွင်း မ (၂)ဦး
၃။ ဂိုဒေါင်စာရင်းကိုင် မ(၁)ဦး
၄။ ယာဉ်မောင်းသက်တမ်း ကျား(၂)ဦး
(၅)နှစ်ထက် အသက်(၁၅)မှ(၅၅)နှစ်ထိ
No.(137-B) ရေဝေးလမ်းမကြီးနှင့်မြို့တော်ကျင်လမ်းထောင့်သာကေတအစက်မှုဇုန်။
Ph:09-965115999

## ကျွန်တော် SCG ကို ယုံကြည်တယ်။

ဘာလို့လဲဆိုတော့ SCG က ကျွန်တော်တို့နဲ့အတူ
ပိုမိုကောင်းမွန်သော လူမှုအဖွဲ့ အစည်းနှင့်
ဘဝအရည်အသွေးတွေကို မြှင့်တင်ပေးနေလို့ပဲ ဖြစ်ပါတယ်။




**SCG Sharing the Dream**
မျိုးဆက်သစ်လူငယ်တွေအတွက်
အနာဂတ်နေ့သစ်များကို တည်ဆောက်ပေးရန်
ပညာသင်ဆုများကို 2012 ခုနှစ်ကတည်းက
ချီးမြှင့်ပေးအပ်ခဲ့ရာ ယခုဆိုရင်
လူငယ်အယောက်ပေါင်း 1,300 ကျော်ရှိခဲ့ပါပြီ။



**Sharing a Brighter Vision**
မျက်စိအတွင်းတိမ် ကုသပေးမှုအစီအစဉ်အနေဖြင့်
2015 ခုနှစ်မှ စတင်ကာ မွန်ပြည်နယ်အတွင်းရှိ
အတွင်းတိမ် မျက်စိဝေဒနာရှင်များအား
အခကြေးငွေမယူပဲ အမြင်အာရုံပြန်လည်ရရှိအောင်
ပံ့ပိုးကူညီပေးပြီး စိတ်ချမ်းသာမှုတွေကို
ပြန်ပေးနိုင်ခဲ့ပါတယ်။

SCG ကို ယုံကြည်ပြီး ပိုမိုကောင်းမွန်တဲ့ အနာဂတ်နေ့ရက်များကို
ကျွန်တော်တို့နဲ့အတူ တည်ဆောက်လိုက်ပါ။



www.scg.com/mm

SCG

**စည်းစိမ်မင်း** 09-444450446, 09-444450558, 09-250144709 (အိမ်အရောက်လက်မှတ်ပို့)

တန်ဆောင်တိုင်မီးပုံးပျံပွဲတော်နှင့် အမျိုးသားနေ့ အားလပ်ရက် အထူးခရီးစဉ်များ

- တောင်ကြီး၊ အင်းလေး၊ ကုံလုံ၊ ထမ်စမ်း၊ ကက္ကူ (၄)ရက်။ 55000 လွိုင်ကော်ပါ(၅)ရက်။ 70000
- ပုဂံ(ရွှေဇီးခုံ/စွယ်တော်လေးဆူ)၊ ပုပ္ပါး၊ ပခုက္ကူ (၃)ရက်။ 45000
- မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ (၄)ရက်။ 55000
- ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။ 65000
- ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက်။ (Hotel တည်း၊ ဓာတ်ပုံပါ) 100000
- ဆေးတစ်ရှင်းဆရာတော်နှင့် ဘားအံဂူ(၅)ဂူ (နေ့ချင်းပြန်) 35000

ကျိုက်ထီးရိုး (နေ့စဉ်) 10000
ချောင်းသာ (နေ့စဉ်) 12000
(၅)ဦး ဝယ်(၁)ဦး -Free
Nov 1, 2, 10 နှင့် (သောကြာနေ့တိုင်းထွက်သည်)

ခရီးစဉ်အားလုံး တည်းခိုခန်း၊ ဟိုတယ်တည်းများဖြင့် စီစဉ်ပို့ဆောင်ပေးသည်

**မိုးမြင့်ကြယ်**

| | |
|---|---|
| ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်း) | 33000 |
| ချောင်းသာ (Guest - ငြိမ်း) | 35000 |
| (နေ့စဉ်) (Hotel - ငြိမ်း) | 40000 |
| ငွေဆောင် (Hotel - ငြိမ်း) | 50000 |
| (နေ့စဉ်) (Hotel+ကား) | 40000 |
| ပုဂံ၊ ပုပ္ပါး (Hotel - ငြိမ်း) စွယ်တော်လေးဆူ | 100000 |

ကားမျိုးစုံစင်းလုံးငှားဆောင်ရွက်ပေးသည်။
09-5093704, 09-450012971
01-549380

**ဘားအံမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေး**

ဘားအံမြို့နယ်အသင်း(ရန်ကုန်)နှစ်ပတ်လည်အစည်းအဝေးသက်ကြီးပူဇော်ပွဲ နှင့် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို (၃-၁၂-၂၀၁၇)တနင်္ဂနွေနေ့ နံနက်(၉)နာရီတွင် အသမည်နောင်များအမှုရှိ မဟာဝိဇယစေတီတော်ဝင်း၊ မှေရကိန္ဒာကျောင်းတော် ရွှေတိဂုံဘုရားလမ်း ရန်ကုန်မြို့(ရွှေတိဂုံဘုရားလမ်းဘက်မှခ်ဦးမှဝင်ရန်)၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ၊ ဘားအံမြို့နယ်သူ/သားများ ကြွရောက်ကြပါရန်နှင့် အသက်(၇၅)နှစ်အထက် အသင်းဝင်များ/မိဘများစာရင်း၊ ၂၀၁၇-တက္ကသိုလ်ဝင်တန်းကို ဂုဏ်ထူးဖြင့် အောင်မြင်ကြသည့် အသင်းဝင်သား/သမီးများစာရင်းများကို (၂၄-၁၁-၂၀၁၇)နေ့ နောက်ဆုံးထား၍ ဗိုလ်မှူးအောင်ဆန်း(ရေ/ငြိမ်း)၀၉၅၁၇၄၀၅၈၊ ဦးသန်းရွှေ ၀၉၅၄၀၆၆၀၇၊ ဦးစန်းမြင့် ၀၉၇၉၅၅၉၅၀၄၅၊ ဦးညာဏ်ဝင်း ၀၉၅၀၃၁၁၃၀၊ ဦးစောမောင်မောင်ဦး ၀၉၄၉၃၃၃၅၉၉၊ ဒေါ်ခင်မေသိန်း ၀၉၂၅၄၁၃၅၁၃၂၊ ဦးချိုကြီး ၀၉၅၀၁၀၇၉၇၊ ဦးကျော်ပိုင် ၀၉၅၀၁၁၂၂၈၊ ဘားအံမှဆရာဦးယုနွယ်၀၉၅၆၆၁၉၇၇၊ ဦးစောထင်ဝင်း၀၉၄၀၁၆၈၂၅၆၊ ဦးသိန်းဝင်း၀၉၇၉၉၉၉၂၄၇၅၊ ဒေါ်စမ်းစမ်းဝင်း ၀၉၅၆၆၁၂၆၈ တို့ထံ ဆက်သွယ်ပေးပို့နိုင်ကြပါသည်။

(သတ်မှတ်ရက်ကျော်သည်အထိ စာရင်းပေးပို့မှု မရှိပါက အသင်းမှ ချီးမြှင့်မည် မဟုတ်ပါကြောင်း)

အလုပ်အမှုဆောင်အဖွဲ့

Since 1985
**ဓမ္မထာနာရှင်**...မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)

(မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ ဘားအံ)/(မြဝတီ-မဲဆောက်) (၃)ရက်
(ပုဂံ-ညောင်ဦး၊ ပုပ္ပါး)/(မန္တလေး၊ ပြင်ဦးလွင်၊ ကျောက်စိမ်း) (၃)ရက်
(တောင်ကြီးမီးပုံးပျံပွဲ၊ အင်းလေး)/(မိုးကုတ်၊ ပြင်ဦးလွင်မီးပုံးပျံပွဲ) (၄)ရက်
(တောင်ကြီး၊ အင်းလေး၊ လွိုင်ကော်)/(ထားဝယ်၊ ရှင်ကိုးရှင်) (၅)ရက်

Nov 1,2,3 10,11 17,24

Ph: 09 795066657, 09 785066657, 09 765066657

**Eternal Memory** Travels & Tours
* ကလော-အင်းလေး-တောင်ကြီး-ပင်းတယ Nov 10 to 13 (၃)ညအိပ်(၄)ရက်
* 140,000 ကျပ် ဟိုတယ်(၂)ညတည်း 10+1(FOC)
Ph:09-5025032,09-765025032

**အရောင်းဝန်ထမ်းအမြန်အလိုရှိသည်**

| | | |
|---|---|---|
| ဆပ်ပြာရည်ရောင်းရန် | (၁၅၀၀၀၀ိ-၂၀၀၀၀၀ိ) | ကျား (၅) ဦး၊ မ (၅) ဦး |
| မန်နေဂျာ | (၂၀၀၀၀၀ိ-၃၅၀၀၀၀ိ) | ကျား (၃) ဦး၊ မ (၃)ဦး |
| စာရင်းကိုင် | (၂၅၀၀၀၀ိ-၃၀၀၀၀၀ိ) | မ (၃) ဦး |

အရောင်းဝန်ထမ်း (လစာ + % ခံစားခွင့်ရှိပါသည်။)
ဆပ်ပြာရည်လုပ်ငန်းအတွေ့အကြုံရှိသူဖြစ်ရမည်။ (၉-၁၁-၂၀၁၇) နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
အမှတ် (၇၅)၊ ၁၄ လမ်း (လယ်)၊ မြေညီထပ်။
ဖုန်း - ၀၉ ၃၁၈၀၅၅၅၅၊ ၀၉ ၃၁၈၀၆၆၆၆။

**HAPPY WORLD** Amusement Zone
ဦးဥတ္တမပန်းခြံ၊ ရွှေတိဂုံဘုရားတောင်ဘက်မုခ်။ ဖုန်း - ၀၁ ၂၄၃၄၃၄
၁၃.၁၁.၂၀၁၇၊
**ရွှေဆောင်လိုက် ပွဲလယ်** | အထူးအစီအစဉ် |
ရွှေလက်စွပ်၊ ရွှေဆွဲပြားများ
နှင့်
အခြားတန်ဖိုးကြီးဆု လက်ဆောင်များကို
(၂) နာရီတစ်ကြိမ် ကံထူးရှင်ရွေးချယ်ပွဲ
FREE SHOW Magic Show, Dancer Show , ဆိုင်းဆိုင်းချက်အက

www.goldenedensleepsolutions.sg

GOLDEN EDEN SLEEP SOLUTIONS



TaZaungDine **SALE** Event
Bedsheet | Comforter | Pillow | Bolster
Place: GamonePwint (San Yeik Nyein)
Date: 3 to 5 November 2017

Imported from Singapore
Authorized Sole Distributor in Myanmar
Bldg no 31, Rm no 5, Sabai St., Near Yuzana Plaza
Ph: 01 203671, 205756, 095142388

အင်တာနက် ခေတ်မှာ အင်္ဂလိပ်စကားပြော တတ်မှ ဖြစ်မယ်

**ဂုဏ်ထူးဦးအောင်ခိုင်**

ဒေါ်စန္ဒာအောင်ခိုင်
B.A ( English )
Diploma in Travel & Tourism
City College of San Francisco

English Speaking (အင်္ဂလိပ် စကားပြော)
၁၀ တန်းအောင်ပြီးသူ၊ အလုပ်ဝင်လိုသူများ နှင့် ကုမ္ပဏီ၊ ဘဏ် မှ ဝန်ထမ်းများအတွက် သီးသန့်

မြို့လယ် ၂၇၂ ပန်းဆိုးတန်း 01 252 919 | သုဝဏ္ဏ ပညာနန္ဒီးတော်၊ သံသုမာလမ်း 09 798 44 33 20

**Social Pack**

လူကြိုက်အများဆုံး Social App တွေကို
အသက်သာဆုံး ဈေးနှုန်းနဲ့ သုံးနိုင်ပြီ။
Facebook. Instagram. Viber. LINE

MPT ရှေ့သို့လှမ်း၍ မြန်မာပြည်



**1 Kyat/MB**

| ၁ ရက် | ၁ ပတ် | ၁ လ |
|---|---|---|
| *3001# | *3002# | *3003# |
| 199 KS | 999 KS | 3999 KS |

အသေးစိတ်သိရှိလိုပါက
www.mpt.com.mm  www.facebook.com/mptofficialpage  MPTOFFICIAL
CALL CENTER 106 call free 24 hours everyday

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးဘိုကျင် (၈၅)နှစ်**
**B.Sc (Eng: Mech-1957)**
**အင်ဂျင်နီယာချုပ် (ငြိမ်း)၊ မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**(ချင်းတွင်းအသင်း ရာသက်ပန်အသင်းဝင်)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟုမ်းလမ်းရပ်ကွက်၊ ပန်းလှိုင်လမ်း(ဟုမ်းလမ်း) အမှတ်(4/B)၊ သဇင်လမ်းသွယ်၊ ရွှေသံလွင် ပန်းလှိုင်အဆင့်မြင့် အိမ်ယာနေ ဒေါ်ခင်ရီ၏ ချစ်လှစွာသောခင်ပွန်း ဦးဘိုကျင် သည် ၂၈-၁၀-၂၀၁၇ (စနေနေ့) ညနေ(၆း၃၀)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့် ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါသည်။

အလုပ်အမှုဆောင်အဖွဲ့
ချင်းတွင်းအသင်း (ရန်ကုန်)

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**
**ဦးဘိုကျင် (ဇီးကုန်းမြို့)**
**အသက်(၈၅)နှစ်**
**အင်ဂျင်နီယာချုပ်(ငြိမ်း)**
**မြန်မာ့လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

စစ်ကိုင်းတောင်ရိုး၊ ဝါးချက်ဇီဝိတဒါန သံဃာ့ဆေးရုံကြီးကြပ်ထောက်ပံ့ရေး(အောက်မြန်မာပြည်) အမှုဆောင်အဖွဲ့၊ ဦးဆောင်နာယကကြီး ဦးဘိုကျင်သည် ၂၇-၁၀-၂၀၁၇ (စနေနေ့) ညနေ ၆း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ကြီးကြပ်ထောက်ပံ့ရေးအမှုဆောင်အဖွဲ့**
**(အထက်/အောက်မြန်မာပြည်)**
**ဝါးချက်ဇီဝိတဒါနသံဃာ့ဆေးရုံ**
**စစ်ကိုင်းတောင်ရိုး**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်သန်း**
**အသက်(၈၄)နှစ်**
**ရန်ကုန်-ပုသိမ်-ငွေဆောင်လမ်း**
**ကိုးဆူတိုးလ်ဂိတ်တာဝန်ခံ**

ဦးတင့်ဝေ၏မိခင် ဒေါ်သန်းသည် ၂၄-၁၀-၂၀၁၇ရက် နံနက် ၈း၅၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းသွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**Oriental Highway Co., Ltd**
**ရန်ကုန်-ပုသိမ်-ငွေဆောင်လမ်း(မိသားစု)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဒေါ်အေးခိုင် (စစ်တွေမြို့)**
**အသက်(၇၀)**

ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)ဂေါပကအဖွဲ့၊ တွဲဖက်ပြန်ကြားရေးမှူး ဦးမောင်နု ၏ ဇနီးဖြစ်သူ ဒေါ်အေးခိုင် အသက်(၇၀)သည် ၂၉-၁၀-၂၀၁၇ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့**
**ရခိုင်ပြည်နယ်ဓမ္မာရုံ(ရန်ကုန်)**

---

# ဆေးလိပ်၊ ကွမ်းယာအန္တရာယ် သတိပေးနှိုးဆော်ချက်

**ကိုယ်တိုင်ဆေးလိပ်သောက်ခြင်း၊ သူတစ်ပါးဆေးလိပ်ငွေ့ကို ရှူရှိုက်ရခြင်းနှင့် ဆေးပါသော ကွမ်းစားခြင်းတို့ကြောင့်-**

- ခံတွင်းကင်ဆာ၊ လည်ချောင်းကင်ဆာ၊ အဆုတ်ကင်ဆာနှင့် ကင်ဆာရောဂါ အမျိုးမျိုး၊
- နှလုံးသွေးကြောကျဉ်းခြင်း၊ သွေးကြောပိတ်ခြင်း၊ ဦးနှောက်သွေးကြောပိတ်၍ လေဖြတ်ခြင်း၊
- အဆုတ်ပွရောဂါ၊ ပြင်းထန်သည့်သွေးတိုးရောဂါ၊
- ခြေပုပ်လက်ပုပ်ရောဂါ၊
- ပန်းသေပန်းညှိုးရောဂါစသည်တို့ ဖြစ်ပွားနိုင်ပါသည်။

**ကိုယ်ဝန်ဆောင်မိခင်များတွင်-**

- ကိုယ်ဝန်ပျက်ခြင်း၊
- ကလေးအသေမွေးခြင်း၊ လမစေ့ ပေါင်မပြည့်သောကလေး မွေးဖွားခြင်း၊
- မွေးရာပါ ကိုယ်လက်အင်္ဂါချို့ယွင်းသည့် ကလေးမွေးဖွားခြင်း၊
- မွေးစကလေး ရုတ်တရက်သေဆုံးခြင်းများ ဖြစ်ပွားနိုင်ပါသည်။

ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းသည် ကျန်းမာရေးကို ထိခိုက်စေရုံသာမက လူမှုရေး၊ စီးပွားရေးနှင့် ပတ်ဝန်းကျင်ကိုလည်း ထိခိုက်စေနိုင်သဖြင့် ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်းတို့ကို အစမပြုမိစေရန်နှင့် သုံးစွဲနေပါကလည်း ဖြတ်နိုင်ရန်ကြိုးစားပါဟု တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

---

**အနိစ္စ**

**ဦးနု(ခ)ဦးမောင်နု(ရမ်းဗြဲ)**
**အသက်(၇၉)နှစ်**

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ရပတင်ကျေးရွာနေ (ဦးစိန်လုံး-ဒေါ်မမြ)တို့၏သားကြီး၊ (ဒေါ်ဦးဦး)၊ ဒေါ်နုသာတို့၏မောင်၊ (ဦးမောင်ရွှေနု)၊ ဦးမောင်စောနု-ဒေါ်လှယဉ်တို့၏ အစ်ကိုကြီး၊ ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ခရေပင်ရိပ်မွန် (၂)နေ ဦးဘသိန်း-ဒေါ်မြင့်မြင့်ခင်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အင်း၀ (၇)လမ်းနေ ကိုစောဝင်း၊ မမြင့်မြင့်စိုး၊ မမိုးမိုးစံတို့၏ဦးလေး၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အင်း၀ (၆)လမ်း၊ အမှတ် (၅၁၇/ခ) နေ ဒေါ်သိန်းကြွယ်၏ ချစ်လှစွာသော ခင်ပွန်း ဦးနု(ခ)ဦးမောင်နုသည် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၂၅ နာရီတွင် အောင်ရတနာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားသိစေအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**မိစိန်ရင်(ခ)ဒေါ်စိန်ရင်**
**ကျုံဝမ်းကျေးရွာ၊ မွန်ပြည်နယ်**
**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊တာမွေမြို့နယ်၊ ကျောက်ရှေ့ရပ်ကွက်၊ အောင်မင်္ဂလာပတ်လမ်း၊ အမှတ် (၁၄၇)နေ (နိုင်စံညွန့်-မိချမ်း)တို့၏သမီး၊ (နိုင်အောင်ကြည်-မိဘရစ်)တို့၏သမီးချွေးမ၊ နိုင်ချစ်စိန်(ခ) ဦးချစ်စိန်၏ ချစ်လှစွာသောဇနီး၊ ဦးချစ်ထွန်း၊ ဦးမိုးဦး၊ ဒေါ်စိုးစိုးမာ၊ (ဦးမြင့်စိန်)၊ ဒေါ်စန်းစန်းချစ်၊ မဇာဇာထွေး၊ မောင်စိုးဝဏ္ဏထွေး၊ မခိုင်ခိုင်ဝင်း၊ မောင်အောင်သီဟ၊ မမိုးသူဇာတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၄ယောက်တို့၏ အဘွား၊ မြစ်တစ်ယောက်၏ဘွားဘွားကြီးသည် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၄၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းမြေမြှုပ် သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဦးလှဆောင်**
**အသက် (၆၆)နှစ်**

(၁၂)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)နေ (ဦးကံကျော်-ဒေါ်သန်းရွှေ)တို့၏သားကြီး၊ (ဦးကြာ)-ဒေါ်ခင်ဆင့်တို့၏ သားသမက်၊ (ကိုလွန်းရွှေ)-မအုန်းကြိုင်၊ ကိုလှသိန်း-မတင်ကြိုင်၊ ကိုလှအောင်-မသိဂီတို့၏ အစ်ကိုကြီး၊ မောင်ကျော်ကျော်သိန်း-မဉယျာဉ်ဖြိုး၊ မောင်မြတ်သူထိုက်-မဒါလီတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်၊ မြစ်တစ်ယောက်တို့၏အဘိုး၊ ဒေါ်အမာကြူ၏ခင်ပွန်း ဦးလှဆောင်သည် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ ရက် ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

# သင့်သွေးဖြင့် အသက်ကယ်ပါ

---

**ဒေါ်မြင့်စိန်**
**(အောင်လံတော်တေးသံသွင်း)**
**အသက် (၉၅)နှစ်**

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်နေ (ဦးအုန်းရွှေ-ဒေါ်စိန်မြ)တို့၏သမီး၊ (ဦးမောင်လှ-ဒေါ်လွန်းတင်)တို့၏ ညီမ၊ ဒေါက်တာမြင့်သိန်း-(ဒေါ်အေးမေ)၊ ဦးအောင်ကံညွန့်-ဒေါ်မြတ်ခိုင်၊ ဦးနန်းအောင်-ဒေါ်ခင်ရွှေ၊ ပါမောက္ခ ဒေါက်တာညဏ်ထွန်း (ဓာတ်မှန်ဆရာဝန်ကြီး)-ဒေါ်နီနီ(မန္တလေး)၊ ဦးအောင်မြင်-ဒေါ်မာလာ၊ ဦးရန်အောင်-ဒေါ်နုနု၊ ဦးကျော်ကျော်နိုင်-ဒေါ်ငြိမ်းအေးတို့၏အဒေါ်၊ မြေး ၁၆ယောက်၊ မြစ် ၂၀ယောက်တို့၏အဘွားလေး၊ (ဦးဘိုးရ)အောင်လံတော်တေးသံသွင်း၏ ချစ်လှစွာသောဇနီးသည် ၂၅-၁၀-၂၀၁၇ ရက် နံနက် ၁၁ နာရီတွင် မန္တလေးမြို့ နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၁၀-၂၀၁၇ ရက် မွန်းလွဲ ၁ နာရီတွင် မန္တလေးမြို့၊ အေးရိပ်ငြိမ်သုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူ တူ/တူမများ

---

**ဒေါ်တင်အေး**
**(တောင်ကြီးသစ်ထုတ်လုပ်ရေး-ငြိမ်း)**
**အသက်(၇၅)နှစ်**

တောင်ကြီးမြို့နေ ဦးမြတ်သာ-ဒေါ်ကြည်တို့၏ သမီး၊ ရန်ကုန်မြို့နေ (ဦးကိုကိုကြီး-ဒေါ်အေးကြာငြိမ်း)၊ (ဦးကိုကိုလေး-ဒေါ်မဒီးနာ)၊ ဒေါ်မြင့်မေတို့၏ ညီမ၊ (ဒေါ်အမာ)၊ ဒေါ်ခင်လေးရီ၊ ဦးမောင်မောင်ထွေး-ဒေါ်မြမြငွေးတို့၏ အစ်မ၊ တူ/တူမ ကိုးယောက်တို့၏ ကြီးဒေါ်သည် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၃း၃၀နာရီတွင် လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ အင်းစိန်လမ်းမ၊ တိုက်အမှတ် (၂၆)၊ အခန်း(၂၂)၊ ခြောက်လွှာတွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း မိတ်ဆွေဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၄-၁၁-၂၀၁၇ရက် နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
**ဒေါ်ပညာနန္ဒီ(ခ)ဒေါ်မြရီ**
**အသက် (၇၁)နှစ်**
**(သဘာဝတရားရိပ်သာစခန်း၊ သန်လျင်မြို့)**

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နေ ဝါးခရိကုန်သည် (ဦးညွန့်မောင်-ဒေါ်စိန်ရင်)တို့၏သမီး၊ ရွှေပန်းထိမ်ဆရာကြီး (ဦးဘကြွယ်-ဒေါ်စောသင်)တို့၏ သမီးချွေးမ၊ ဗိုလ်ကြီးတင်ငြိမ်း(ငြိမ်း)-(ဒေါ်သန်းရီ)တို့၏ ညီမ၊ ဦးစောထွန်း-ဒေါ်လှရီ၊ (ဦးသန်းအေး)-ဒေါ်နွဲ့ကြည်၊ ဒေါ်စန်းရင်(အထက-၁၊ ငြိမ်း)၊ (ဦးသန်းငွေ)၊ ဦးအောင်ကျော်မင်း-(ဒေါ်နွယ်နွယ်) ရွှေနန်းမြင့်စတိုး၊ ဒေါ်ခင်သိန်းရီ၊ ဦးဇော်ဝင်းတို့၏အစ်မ၊ ဦးစိုင်းဇေယျာထွန်း-ဒေါ်သင်းသင်းအေး၊ ဦးရန်နိုင်ထွန်း-ဒေါ်တိုးလှိုင်ဦး(ခေတ္တ-တောင်ကိုရီးယား)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွား၊ ရန်ကုန်မြို့နေ ဦးမြင့်စိုး၏ဇနီးသည် ၃၁-၁၀-၂၀၁၇(အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးအေးအောင်**
**အသက်(၆၀)**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (A-1)ခြံ၊ ဦးမောင်မောင်စိုး လမ်းသွယ်၊ အမှတ်(၁၁၇)နေ (ဦးအောင်မြင့်)-ဒေါ်ခင်စိန်တို့၏ သမီး၊ ဗိုလ်မှူးချုပ်သိန်းထိုက်(ငြိမ်း)၏ဇနီး၊ ဒေါက်တာယဉ်နွယ်အေး၊ မကျော့ကျော့စံ၊ မောင်ထူးဇော်လွင်တို့၏ မွေးသမိခင်၊ ဒေါ်သူဇာအောင်၏အစ်မသည် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) ညနေ ၅း၅၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၇ (သောကြာနေ့) ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၇ (အင်္ဂါနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဦးမောင်မောင် (မြေလတ်ဂေါက်ကလပ်နာယက)**
**အသက်(၇၁)နှစ်**

မြင်းခြံမြို့၊ အမှတ်(၂)ရပ်ကွက်နေ မြေလပ်ဂေါက်ကလပ်နာယက ဦးမောင်မောင် သည် ၁-၁၁-၂၀၁၇ ရက် နံနက် ၅ နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြေလတ်ဂေါက်ကလပ် အသင်းသားများ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) (ပေါင်းတလည်) (၆၆)နှစ်**
**ကြည်း-၁၃၁၅၂၊ OTS (၄၉)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန**

၃၁-၁၀-၂၀၁၇ရက် (အင်္ဂါနေ့) ညနေ ၄း၅၀နာရီ၌ ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊**
**အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ကျောင်း၊ သိမ် ဒါယကာကြီး**
**ဦးခင်ဇော် အသက် (၆၄) နှစ်**

တပ်မတော်ဆေးတက္ကသိုလ်အမှတ်စဉ်(၇)မှ ဗိုလ်ကြီးထွန်းထွန်းဝင်း၏ ဖခင်ကြီး ဦးခင်ဇော် သည် (၂၈.၁၀.၂၀၁၇) စနေနေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းရပါသည်။

သူငယ်ချင်းများ
တပ်မတော်ဆေးတက္ကသိုလ် အမှတ်စဉ်(၇)

---

**ဗိုလ်မှူးလှမြိုင်(ငြိမ်း)**
**ကြည်း-၉၇၉၁ OTS-၂၉**
**(မောင်တက္ကသိုလ်)**
**အသက်(၈၅)နှစ်**

မော်လမြိုင်မြို့နေ [ဦးလှအောင် (သမာဓိမြို့ဝန်)-ဒေါ်သန်းရှင်]တို့၏ သား၊ ရန်ကုန်မြို့နေ (ဦးကျော်ငန်း-ဒေါ်လှ)တို့၏ သားသမက်၊ ဦးလေးမောင်-(ဒေါ်ဝင်းကြည်)၊ (ဗိုလ်မှူးဘသွင်)-ဒေါ်ခင်စိန်တို့၏ ညီ/မောင်၊ ဦးကျော်စိုး-(ဒေါ်ခင်လဲ့လဲ့ကြည်)တို့၏ အစ်ကို၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၀) ရပ်ကွက်၊ လှိုင်မြင့်မိုရ်အိမ်ရာ၊ သုဇိတာလမ်း၊ တိုက်(၂၇)၊ အခန်း(၈)နေ ဒေါ်ချိုနွယ်ဦး၏ ခင်ပွန်း၊ ဒေါ်လှသက်နွယ်(MEC)၊ ဦးအောင်စိုးလွင် (ရွှေညောင်ပင်သက်န်းတိုက်)-ဒေါ်ငွေငွေ၊ ဦးလမင်းထွန်း-ဒေါ်လှစိုးနွယ်၊ ဦးအောင်ကျော်လွင် (ဒု-မြို့နယ်အုပ်ချုပ်ရေးမှူး၊ ထွေ/အုပ်၊ မလှိုင်မြို့နယ်)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ တူ/တူမ ၁၂ယောက်တို့၏ဦးလေး၊ မြေးနှစ်ယောက်တို့၏အဘိုးသည် ၃၀-၁၀-၂၀၁၇ (တနင်္လာနေ့) ည ၉နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ၃၁-၁၀-၂၀၁၇(အင်္ဂါနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၅-၁၁-၂၀၁၇ (တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ လှိုင်မြင့်မိုရ်အိမ်ရာ၊ သုဇိတာလမ်း၊ တိုက် (၂၇)၊ အခန်း(၈) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါက်တာ ဦးစိုးမြင့်**
**အသက်(၈၃)နှစ်**
**လက်ထောက်ညွှန်ကြားရေးမှူး၊ အဆုတ်(ငြိမ်း)**
**ကျန်းမာရေးဦးစီးဌာန၊ ရန်ကုန်**

ဟင်္သာတမြို့၊ တာလေးရပ်နေ (ဦးမောင်အေး-ဒေါ်အေးရီ)တို့၏ သား၊ ဒေါ်ပုပု၏ ခင်ပွန်း၊ ကိုစိုးဦး-မစန်းစန်းနု၊ ကိုကျော်ကျော်ထက်-မခိုင်ချောစုတို့၏ ဖခင်၊ မြေးနှစ်ယောက်တို့၏အဘိုး၊ (ဦးလှငွေ-ဒေါ်နုနုကြည်)တို့၏ အစ်ကိုသည် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၇(သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [အမှတ်-၇၁၊ လေးလွှာ(အေ)၊ သုခလမ်း၊ ကျောက်မြောင်း နေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။] [ကွယ်လွန်သူအားရည်စူး၍ ၇-၁၁-၂၀၁၇(အင်္ဂါနေ့) နံနက် ၇နာရီတွင် အမှတ် (၇၁)၊ လေးလွှာ(အေ)၊ သုခလမ်း၊ ကျောက်မြောင်းနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**ဒေါ်အေးအေးမြင့်**
**စစ်သမီး (2nd Bath) တပ်မတော်လေ**
**အသက် (၇၉)နှစ်**

မိတ္ထီလာမြို့၊ ဝန်ထမ်းအိမ်ရာ၊ ပြည်သာယာ(တောင်)၊ အမှတ် (၂၇၆)၊ သရဖီလမ်း (၆)လမ်း× (၇)လမ်းကြားနေ (ဦးအေးမြင့်-ဒေါ်စိန်)တို့၏သမီး၊ [ဗိုလ်ကြီးဝင်းအောင် (ငြိမ်း) တပ်မတော်လေ]၏ ဇနီး၊ ဦးသန်းဝင်းအောင် (လက်ထောက်ကြီးကြပ်ရေးမှူး၊ မြန်မာ့မီးရထား)-ဒေါ်လှလှဝင်း၊ ဦးသော်တာညွန့်-ဆရာမ ဒေါ်ခွာညိုဝင်း (အလယ်တန်းပြ၊ အလက-၁၊ ဒဂုံ)၊ ဦးစိုးအောင် (EX မြို့နယ်အားကစားအရာရှိ၊ MD)-ဒေါ်သီသီသိုက် (Director Superior Succession Co., Ltd.)တို့၏မွေးသမိခင်၊ ကိုဖြိုးဘိုဘို (3rd Engeneer Lizstar Shipping Co.)-မနှင်းဝတ်ရည်၊ ကိုလင်းသိုက်ညွန့်(မြန်မာ့မြေ၊ CEO Myanmar's Land Institute)၊ ကိုထိန်လင်း(ဒုစုံစမ်းရေးမှူး၊ စစစ)၊ ကိုကောင်းဦးစံ-မခြူးမြတ်သွယ်၊ မဖူးမြတ်သွယ်တို့၏အဘွား၊ မမြမှူးသော်တာ၏ ဘွားဘွားသည် ၁-၁၁-၂၀၁၇ ရက် နံနက် ၃း၄၅ နာရီတွင် ရွှေလမင်းအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၇ရက် မွန်းတည့် ၁၂နာရီတွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ဦးသန်းတင်(ဟင်္သာတ)**
**အသက်(၆၇)နှစ်**
**ရုံးပိုင်ကြီး(ငြိမ်း) မြန်မာ့မီးရထား**

(ဦးညို-ဒေါ်မြညွန့်)၊ (ဦးစိန်-ဒေါ်တင်ညွန့်)တို့၏သား၊ ဦးမြင့်သိန်း-(ဒေါ်ခင်လှိုင်)တို့၏ သားသမက်၊ ဒေါ်အေးအေးမြင့်၏ ခင်ပွန်း၊ ဒေါ်စန်းမြင့်၊ ဒေါ်အေးမြင့်တို့၏ တူ/သား၊ ဦးအေးသောင်း-ဒေါ်မြညွန့်တို့၏ မောင်၊ ဒေါ်ညွန့်ညွန့်စိန်၊ ဒေါ်မြင့်မြင့်စိန်၊ ဒေါ်ခင်ညိုညို၊ ဒေါ်ရီရီမြင့်၊ ဦးစိုးအောင်၊ ဦးကျော်ငွေ၊ ဒေါ်ဝေဝေသွင်၊ ဒေါ်ရီရီသွင်၊ ဦးဝင်းနိုင်၊ ဦးမျိုးသူ၊ ဒေါ်နီနီသွင်၊ ဦးတင်ထွန်းအောင်၊ ဦးစိုးအောင်မြင့်၊ ဦးအောင်ကျော်မြင့်၊ ဦးဝင်းဇော်မိုး၊ ဒေါ်မွန်မွန်မြင့်၊ (ဒေါ်မာမာသန့်)တို့၏အစ်ကို၊ ဒေါ်အေးမြတ်ခိုင်(ရောဝတီဘဏ်)၊ ဦးဇေယျာထက်-ဒေါ်ချစ်စုစုလှိုင်၊ ဦးရဲထွဋ်အောင်-ဒေါ်ဇင်မာလှိုင်၊ ဒေါ်ဆုမွန်လှိုင် (မူလွန်-တုံးတင်ကန်၊ ဒလ)၊ ဒေါ်အိဖြူဖြူလှိုင်(အမျိုးသားစီမံကိန်း)တို့၏ မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးသန်းတင်သည် ၁-၁၁-၂၀၁၇ (ဗုဒ္ဓဟူးနေ့) နံနက် ၆း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၁၁-၂၀၁၇ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [မြောက်ဒဂုံမြို့နယ်၊ (၂၉)ရပ်ကွက်၊ အောင်မာဃလမ်း၊ အမှတ်(၁၄၈)၊ နေအိမ်မှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။]

ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
**ဗိုလ်မှူးကြီးသန်းအောင်(ငြိမ်း) (ပေါင်းတလည်)**
**ကြည်း-၁၃၁၅၂၊ OTS(၄၉)**
**ဒုတိယညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ ကျန်းမာရေးဝန်ကြီးဌာန**
**အသက်(၆၆)နှစ်**

ပြည်ခရိုင်၊ ပေါင်းတလည်မြို့နေ (ဦးအောင်မြင့်-ဒေါ်သန်းရွှေ)တို့၏ သား၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးကျော်ဒင်-ဒေါ်ညွန့်ရီ)တို့၏ သားသမက်၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ရတနာအိမ်ရာ(၁)၊ အမှတ်(၁၉၉)၊ မြလမ်းသွယ်(၂)လမ်းနေ (ဒေါ်အေးချစ်ကျော်၊ အလက-၉၊ အင်းစိန်-ငြိမ်း)၏ ခင်ပွန်း၊ ပေါင်းတလည်မြို့နေ ဦးစိုးအောင်လွင် (မြန်မာ့ဆက်သွယ်ရေး၊ ငြိမ်း)၊ ဒေါ်ခင်ခင်အောင် (ကျောင်းဆရာမ၊ ငြိမ်း)တို့၏အစ်ကို၊ ရန်ကုန်မြို့နေ ဒေါ်အုန်းချစ်ကျော်၏မောင်၊ ဒုရဲမှူးထွန်းချစ်ကျော်(ငြိမ်း)၊ ဒေါ်သီဂီချစ်ကျော်တို့၏ အစ်ကို၊ ဗိုလ်မှူးလွှမ်းအောင် (တပ်မတော်-ရေ)-ဒေါ်မြတ်ငြိမ်းချမ်း၊ ဗိုလ်ကြီးထူးဝေအောင်(စစ်တက္ကသိုလ်)၊ ဦးထက်ဝေအောင် (MRTV-တပ်ကုန်း)တို့၏ဖခင်၊ မအေးမြသံသာချို (ES4E၊ Grade-V)၏ အဘိုးသည် ၃၁-၁၀-၂၀၁၇ (အင်္ဂါနေ့) ညနေ ၄း၅၀ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂-၁၁-၂၀၁၇ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၆-၁၁-၂၀၁၇ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပေါက်တောနှင့် မြေပုံမြို့ရှိ ကျေးရွာ ၅၀ အား ၂၄ နာရီပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်တော့မည်



**မောင်တော နိုဝင်ဘာ ၁**

ရခိုင်ပြည်နယ် ပေါက်တောနှင့် မြေပုံမြို့တို့၌ တည်ဆောက်ပြီးစီးပြီဖြစ်သော 33/11 KV 5 MVA ဓာတ်အားခွဲရုံ နှစ်ရုံကို နိုဝင်ဘာ ၂ ရက် နံနက်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး မြို့နယ်နှစ်မြို့နယ်ရှိ ကျေးရွာ ၅၀ ခန့်ကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ပေါက်တောမြို့ရှိ 33/11 KV 5 MVA ဓာတ်အားခွဲရုံကို ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က စတင် ဆောက်လုပ်ခဲ့ရာ ၂၀၁၆ ခုနှစ် မတ် ၂၀ ရက်တွင် ပြီးစီးခဲ့သဖြင့် အောက်တိုဘာ ၂ ရက်မှစ၍ မြို့ပေါ်ရှိ အိမ်ခြေ ၉၇၆ လုံးကို ၂၄ နာရီ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း။

အဆိုပါ ဓာတ်အားခွဲရုံမှ ပေါက်တောမြို့ပေါ်တွင် ကျန်ရှိသော အိမ်ထောင်စုများနှင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာ ၃၀ ခန့်ကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ကြောင်းနှင့် ထိုသို့ လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ပြည်နယ်လျှပ်စစ်ဦးစီးဌာနမှ သိရသည်။

ပေါက်တောမြို့ပေါ်ရှိ အိမ်ခြေစုစုပေါင်း ၃၀၈၂ လုံးနှင့် အနီးပတ်ဝန်းကျင်ရှိ သရွဲကျေးရွာ၊ ကျောက်ဆိပ်ကျေးရွာ၊ နတ်တော်ပြင်ကျေးရွာ၊ ဒါးကိုင်ကျေးရွာ၊ မော်ထုတ်ကြီးကျေးရွာ၊ မနော်သီရိကျေးရွာ၊ လက်ပံပြားကျေးရွာ၊ မင်းဘာကျေးရွာ၊ တောင်ညိုကျေးရွာ၊ အဝကံကျေးရွာ၊ သဝင်ချောင်းကျေးရွာ၊ တောင်းဖူးကျေးရွာ၊ တပ်မော်ကျေးရွာ၊ ကြိမ်ခွေမော်ကျေးရွာ၊ ရွာချောင်းကြီးကျေးရွာ၊ ကျော်ရှင်ကျေးရွာ၊ ငခူရှည်ကျေးရွာ၊ သိမ်ကျောင်းမော်ကျေးရွာ၊ ကြိုင်းရှည်ကျေးရွာ၊ လက်မယာကျေးရွာ၊ ငဖြူကျေးရွာ၊ သရက်ကျေးရွာ၊ သရက်ချိုကျေးရွာ၊ တလိုင်းချောင်းကျေးရွာ၊ စစ်ကဲချောင်းကျေးရွာ၊ ပိုက်ဆိပ်ကျေးရွာ၊ ဘဲရကုလားချောင်းကျေးရွာ၊ ငခူချောင်းကျေးရွာ၊ ဆားပြင်ကျေးရွာ၊ စွန်ရဲကျေးရွာနှင့် ကြောင်ရှည်ချောင်းကျေးရွာများကို လျှပ်စစ်ဓာတ်အား တိုးချဲ့ဖြန့်ဖြူးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြေပုံမြို့ရှိ 33/11 KV 5 MVA ဓာတ်အားခွဲရုံကို

**စာမျက်နှာ ၁၀ ကော်လံ ၁ သို့** ☆

# မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း တတိယနေရာလုပွဲ ကစားရမည်

**ရန်ကုန် နိုဝင်ဘာ ၁**

ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့၌ ကျင်းပလျက်ရှိသည့် ၂၀၁၇ အာဆီယံ ဖူဆယ်ပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ယှဉ်ပြိုင်ကစားရာ မြန်မာအသင်းသည် လက်ရှိချန်ပီယံထိုင်းအသင်းကို ရှုံးနိမ့်ပြီး တတိယနေရာလုပွဲသာ ကစားရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲများတွင် ထိုင်းအသင်းက မြန်မာအသင်းကို ရှစ်ဂိုး-သုံးဂိုး၊ မလေးရှားအသင်းက အိမ်ရှင်ဗီယက်နမ်အသင်းကို ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

မြန်မာအသင်းသည် ရလဒ်ကောင်းရရန် ကြိုးပမ်းခဲ့သော်လည်း ကမ္ဘာ့ဖလားပြိုင်ပွဲပင် ဝင်ရောက်ယှဉ်ပြိုင်နေပြီဖြစ်သည့် ထိုင်းအသင်းကို ယှဉ်ကစားနိုင်ခြင်းမရှိဘဲ အရေးနိမ့်ခဲ့ရသည်။ ထိုင်းအသင်းသည် အဆုံးသတ် ဂိုးသွင်းသေချာခဲ့၍လည်း ဂိုးပြတ်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းအတွက် ချေပဂိုးများကို ပြည့်ဖြိုးမောင်-၃ နှင့် ငြိမ်းမင်းစိုးတို့က တစ်ဂိုးစီ သွင်းယူခဲ့ပြီး ကျန်တစ်ဂိုးမှာ ထိုင်းအသင်း ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့ခြင်းဖြစ်သည်။ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၃ ရက်တွင် ကျင်းပမည်ဖြစ်ပြီး တတိယနေရာလုပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်၊ ဗိုလ်လုပွဲတွင် ထိုင်းနှင့် မလေးရှားအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယင်းနှစ်ပွဲမှာ အုပ်စုတွင်းပြိုင်ဘက်များ ပြန်လည် တွေ့ဆုံခြင်းဖြစ်ပြီး မြန်မာအသင်းသည် အုပ်စုတွင်းတွေ့ဆုံစဉ်က ဗီယက်နမ်အသင်းကို သုံးဂိုးပြတ် အရေးနိမ့်ထားသည်။

**( ရဲရင့်ရှိုင်း)**

# မုံရွာ၌ လူငယ်တစ်ဦး တီထွင်ထားသည့် လေယာဉ်ငယ်အား စမ်းသပ် ပျံသန်းခွင့် တင်ပြထားဟုဆို

**မုံရွာ နိုဝင်ဘာ ၁**

မုံရွာမြို့နယ် ကျွန်းကြီးကျေးရွာတွင် ၁၉ နှစ်အရွယ် ကျွန်းကြီးကျေးရွာသား ကိုကျော်ဇင်ဝင်းက သစ်သားကိုယ်ထည်သစ်သားတောင်ပံဖြင့် လေယာဉ်ငယ်တစ်စင်း တည်ဆောက်ကာ စက်တပ်ဆင်ပြီးဖြစ်၍ နိုဝင်ဘာ ၃ ရက်တွင် စမ်းသပ်ပျံသန်းရန် စီစဉ်ထားသော်လည်း တင်ပြထားသောပျံသန်းခွင့် မကျသေးကြောင်း သိရသည်။ တောင်သူမိဘနှစ်ပါးမှ မွေးဖွားသည့် ကိုကျော်ဇင်ဝင်းသည် လက်သမားအလုပ်လုပ်ကိုင်ကာ မိဘနှင့် ညီအစ်ကိုမောင်နှမသုံးဦးအား လုပ်ကိုင်ကျွေးမွေးနေသူဖြစ်ကြောင်း သိရသည်။

**စာမျက်နှာ ၁၁ ကော်လံ ၅ သို့** ✳




